# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၂၄)


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

# စစ်တောင်းမြစ်ဝ၌ ဒီရေအတက်အကျကြည့်ရှုနိုင်ရန် ခရီးသွားနေရာသစ် ဖော်ဆောင်နိုင်ရေး ကွင်းဆင်းလေ့လာ



ပဲခူး ဇန်နဝါရီ ၃၁

ပဲခူးခရိုင် ကဝမြို့နယ်အတွင်း ရစ်ကန်-သုံးခွ-မြစ်ဝ ကျေးရွာရှိ စစ်တောင်းမြစ်ဝတွင် **(အပေါ်ပုံ)** ဒီရေအတက်အကျနှင့် စိုက်ပျိုးရေးကိုအခြေခံသော ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအသင်း ကိုယ်စားလှယ်များ ကွင်းဆင်းလေ့လာကြကြောင်း သိရသည်။

"စစ်တောင်းမြစ်ဝ၌ ဒီရေအတက်အကျကို ကြည့်ရှုပြီး အပန်းဖြေခရီးသွားများအတွက် နေရာသစ် (New Destination) ဖော်ဆောင်နိုင်ရန် ရည်ရွယ်ကာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူများအား တည်နေရာရှာဖွေပြသ၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက ဒေသဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေများတိုးတက်လာမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် မီးခိုးမထွက်သောစက်ရုံဆိုသည့်အတိုင်း တိုင်းပြည်ဝင်ငွေများလည်း တိုးတက်လာအောင် *စာမျက်နှာ ၄ ကော်လံ ၁* ❄

### ယနေ့ မာတိကာ


ကြားယောင်မြင်မိ အောက်မေ့သည် — ဆောင်းပါး — စာ ၆

ပြည်သူ့ဘဝ သာယာရေး၊ အနာဂတ်အတွက် ရည်မျှော်တွေး၊ သမဝါယမက ဝန်ဆောင်မှုပေး — ဆောင်းပါး — စာ ၁၀

ဖြိုတိန်နှင့် အီးယူကုန်သွယ်ရေးတွင် အနှောင့်အယှက် အဟန့်အတားများ ဆက်လက်ရှိနေဆဲဖြစ် — နိုင်ငံတကာသတင်း — စာ ၁၂

ဂျပန်နိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ဗီဇပြောင်း ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုဖြစ်ပွားနေသည်ဟု ယူဆ — နိုင်ငံတကာသတင်း — စာ ၁၃

အသွင်ပြောင်းဗိုင်းရပ်စ်အန္တရာယ်ကို အကောင်းဆုံး ရင်ဆိုင်နိုင်ဖို့ ဂျပန်အစိုးရ ကြိုတင်ပြင်ဆင် — နိုင်ငံတကာရေးရာ — စာ ၁၄


## ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူနိုင်ရန် မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ရေလုပ်ငန်းရှင်များစုပေါင်း၍ ငွေကျပ် သိန်း ၃၀၀၀ လှူဒါန်း

မြိတ် ဇန်နဝါရီ ၃၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ကြီးနယ်မြေ သာကေတရပ်ကွက် ကမ်းနားလမ်း မြိတ်ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၁ ရက် နံနက်က ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူနိုင်ရန်အတွက် နိုင်ငံတော်သို့ လွှဲပြောင်းလှူဒါန်းမည့် အလှူငွေကျပ် သိန်း ၃၀၀၀ လှူဒါန်းပွဲကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချိုက နိုင်ငံတော်အတွက် လိုအပ်နေသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဝယ်ယူနိုင်ရေးအတွက် ယခုကဲ့သို့ မြိတ်ဒေသအနေဖြင့် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင် ကူညီသည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း ပြောကြားပြီး မြိတ်ခရိုင် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးမှူးက ယခုလှူဒါန်းမှုသည် နိုင်ငံတော်က ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူနိုင်ရန် များစွာအထောက်အကူရမည်ဖြစ်သောကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွက် ဂုဏ်ယူကြောင်း၊ အလှူရှင်များကိုလည်း ကျေးဇူးတင်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ မြိတ်ခရိုင်အတွင်း စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# နှလုံးစိတ်ဝမ်း အေးချမ်းကြစေဖို့

နိုင်ငံတော်တွင် လတ်တလောဖြစ်ပေါ်နေသော အခြေအနေများနှင့် စပ်လျဉ်း၍ ရဟန်းရှင်လူပြည်သူတို့ စိုးရိမ်ကြောင့်ကြနေကြရသည်။ နှလုံးစိတ်ဝမ်းတို့ မအေးချမ်းဘဲရှိကြရသည်။ မြေပူရာ ကင်းမှောင့်သည့်နှယ် ရောဂန္တရကပ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အချိန်တွင် နောက်ထပ်တစ်စုံတစ်ရာသော အန္တရကပ်ကျရောက်မည့် အရေးကို မျှော်တွေးပူပန်ကြရခြင်းလည်း ဖြစ်သည်။

လောက၌ကျရောက်တတ်သော အန္တရကပ်သုံးပါးရှိရာတွင် သတ္တဝါတို့ ရာဂထူပြောသည့်အခါ "ဒုဗ္ဘိက္ခန္တရကပ်" အငတ်ဘေး ကျရောက်တတ်သည်။ ဒေါသထူပြောသည့်အခါတွင် "သတ္တန္တရကပ်" လက်နက်အန္တရာယ်ဘေး ကျရောက်တတ်သည်။ မောဟထူပြောသည့်အခါတွင်မူ "ရောဂန္တရကပ်" အနာရောဂါဘေးကျရောက်တတ်သည်။ ဤသို့လျှင် ရာဂ၊ ဒေါသ၊ မောဟတို့သည် ကပ်သုံးပါးတို့၏အရင်းအမြစ် ဖြစ်သည့်အလျောက် မိမိတို့၏ သန္တာန်တွင် မကျွာထက်ကြပ် ကပ်လျက်တွယ်ငြိမနေအောင် လူတိုင်းကိုယ်စီ အားထုတ်ကြဖို့ လိုမည်ဖြစ်သည်။ ရာဂ၊ ဒေါသ၊ မောဟကင်းကွာမှသာ ကပ်သုံးပါး မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ တစ်ပူပေါ် နှစ်ပူမဆင့်ရစေရန်၊ စိုးရိမ်ကြောင့်ကြမှုတို့ ပြေပျောက်စေရန်၊ နှလုံးစိတ်ဝမ်းတို့ အေးချမ်းစေရန်မှာ အပူဓာတ်တို့ ငြိမ်းဖို့လိုသည်။ အမျက်ဒေါသ မာန်မာနတို့ ကင်းစင်ဖို့လိုသည်။ မေတ္တာဓာတ်တို့ နိုင်ငံတစ်ဝန်းလုံးကို လွှမ်းခြုံဖို့လိုသည်။ အခါခပ်သိမ်း မေတ္တာဓာတ်ကိန်းဝပ်၍နေခြင်း၊ မေတ္တာနှင့်ယှဉ်၍ နေခြင်းသည် မြတ်သောအကျင့်ကိုကျင့်၍ မြတ်သောနေခြင်းဖြင့် နေထိုင်ခြင်း "ဗြဟ္မဝိဟာရ"ပင်ဖြစ်သည်။ မိမိကိုယ်မိမိ တတ်စွမ်းနိုင်သူဖြစ်အောင်၊ ဖြောင့်မတ်သည်ထက် ဖြောင့်မတ်အောင် တည်ဆောက်ရန်၊ ပညာရှိတို့ ဆိုဆုံးမလွယ်သူလည်းဖြစ်ရန်၊ နူးညံ့သိမ်မွေ့သူ၊ မာန်မာနမရှိသူလည်း ဖြစ်ရန်၊ ရောင့်ရဲလွယ်သူ၊ အမွေးအမြူလွယ်သူ၊ အပိုကိစ္စမရှိသူ၊ ပေ့ါပါးစွာအသက်မွေးနိုင်သူ၊ ငြိမ်သက်သော ဣန္ဒြေနှင့် ရင့်ကျက်သောပညာရှိသူ၊ မကြမ်းတမ်းသူ၊ သူ့လူကိုယ့်လူ ဂိုဏ်းမဖွဲ့သူ၊ မကောင်းမှုဟူ၍ ဆိုနိုင်သမျှ တစ်ဆိတ်စာမျှပင် မပြုလုပ်သူဖြစ်ဖို့ ဗုဒ္ဓမြတ်စွာဘုရားက လမ်းညွှန်ပြသထားသည်။

ဒေါသ၏ ဆန့်ကျင်ဘက်တရားဖြစ်သော မေတ္တာဓာတ်ကို လောကတစ်ခွင် နေရာလပ်မရှိအောင် ဖြန့်ကြက်ထားရန်၊ မေတ္တာစိတ်နှင့်ယှဉ်သည့်သတိကို အမြဲဆောက်တည်ထားရန်၊ မိခင်သည် တစ်ဦးတည်းသောသားကို အသက်နှင့်ပင်ယှဉ်ကာ အဖန်တလဲလဲ စောင့်ရှောက်သကဲ့သို့ ခပ်သိမ်းသော သတ္တဝါတို့အပေါ်တွင် မေတ္တာစိတ်ကိုပွားစေရန်လည်း ဗုဒ္ဓမြတ်စွာက ဟောကြားဆုံးမခဲ့သည်။ ယနေ့ယခု ပစ္စုပ္ပန်အချိန်အခါတွင် ဤသို့သော မေတ္တာဓာတ်ကို နိုင်ငံတစ်ဝန်း၌ လိုအပ်နေကြပြီ ဖြစ်သည်။ ဆရာတော်၊ သံဃာတော်ကြီးများ၊ ဘာသာရေးအသင်းအဖွဲ့အသီးသီး၊ ခေါင်းဆောင်အသီးသီးတို့က ဦးဆောင်ဦးရွက်ပြုကာ မေတ္တာဓာတ်တို့ ရပ်ခံနေကြခြင်းသည် အပူဓာတ်ကို ငြိမ်းသတ်ရန်နှင့် နှလုံးစိတ်ဝမ်းအေးချမ်းကြကာ နိုင်ငံနှင့် ပြည်သူသာယာဝပြောရေးကို ရည်ရွယ်ရင်းဖြစ်သည်ဟူ၍ နှလုံးသွင်းနိုင်ကြပါစေကြောင်း။ ။

## ၂၀၂၁ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။

**ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းလျှင် ခွန်အား ပြည်ထောင်စု၏ နှလုံးသား။**

**တစ်မြေတည်းနေ တစ်ရေတည်းသုံး ဒို့အားလုံးသည် ပြည်ထောင်စုသား သွေးချင်းများ။**

## ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

တောင်ငူ ဇန်နဝါရီ ၃၁

ဗိုလ်ချုပ်အောင်ဆန်း (၁၀၆)နှစ်ပြည့် မွေးနေ့ကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၀ ရက် ညနေပိုင်းက တောင်ငူမြို့ ဗိုလ်ချုပ်အောင်ဆန်း စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီနာယက အဖွဲ့ဝင်များဖြစ်ကြသော ဦးကျော်လှ (သမာဓိ)၊ ဒေါက်တာမာမာဝေ (မြန်မာစာပါမောက္ခငြိမ်း)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်းနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဒေါက်တာဘဆွေ (တော်ဝင်ဆေးရုံ)တို့က အမှာစကား ပြောကြားကြသည်။

အစည်းအဝေးတွင် ရှေ့လုပ်ငန်းစဉ်များအဖြစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်သော ဗိုလ်ချုပ်အောင်ဆန်း( ၁၀၆)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဗိုလ်ချုပ်အောင်ဆန်း စာကြည့်တိုက်တွင် သံဃာတော် ငါးပါးတို့အား အရုဏ်ဆွမ်း ဆက်ကပ်ခြင်း၊ သံဃာတော် ၁၀၆ ပါးတို့အား တန်းဆွမ်းလောင်းလှူခြင်းနှင့် ပြည်သူတို့အား ပဲပြုတ်၊ နံပြားနှင့် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိစာစောင်များ ဝေငှခြင်းများပြုလုပ်ရန် ဆုံးဖြတ်ကြသည်။ ဝင်းဇော




## မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၃၁

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းတို့တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

## မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမြင့်သူအား ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ဂျီနီဗာမြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမြင့်သူအား ၎င်း၏လက်ရှိ တာဝန်ဝတ္တရားများအပြင် ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။

သတင်းစဉ်

# ထပ်ဆင့်မေတ္တာရပ်ခံချက်နှင့် ထပ်ဆင့်ကြိုဆိုထောက်ခံချက်များကို ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၃၁**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အကြောင်းပြုပြီး နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အခြေအနေများကို အများပြည်သူ စိုးရိမ်ကြောင့်ကြနေကြသည့်ကိစ္စနှင့် ပတ်သက်၍ ထပ်ဆင့်မေတ္တာရပ်ခံချက်နှင့် ထပ်ဆင့်ကြိုဆိုထောက်ခံချက်များကို ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ထပ်ဆင့်မေတ္တာရပ်ခံချက်နှင့် ထပ်ဆင့်ကြိုဆိုထောက်ခံချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့
ဇမ္ဗူသီရိဗိမာန်တော်၊ ရန်ကုန်မြို့

စာအမှတ်၊ ၂၀၀ / ၁၃ (ထေဩ) သထပ - ၁ /၂၀၂၁
ရက်စွဲ၊ ၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်

**ထပ်ဆင့်မေတ္တာရပ်ခံချက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် အများပြည်သူ ဒါယကာ၊ ဒါယိကာမများအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်း သာယာဝပြောစေရေးကိုရှေးရှုကြလျက် လက်ရှိဖြစ်ပေါ်နေသော ကိစ္စအရပ်ရပ်တို့ကို မိမိတို့၏ဆန္ဒကို ငြင်းခုံမှုမပြုကြဘဲ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ညီညွတ်စွာ ဖေ့စပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရေး လွန်စွာလိုအပ်ပါသဖြင့် ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာဆောင်ရွက်ကြရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က မေတ္တာရပ်ခံခဲ့ပါသည်။

၂။ ယနေ့အချိန်အခါသည် ပြည်သူတစ်ရပ်လုံးက သာယာဝပြောပြီး အေးချမ်းသာယာသော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို လိုလားလျက်ရှိသော အချိန်ဖြစ်သဖြင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများ၊ ပြည်သူအများက ပူးပေါင်းဆောင်ရွက်ရန် လွန်စွာလိုအပ်နေသော အချိန်အခါ ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ မေတ္တာရပ်ခံချက်သည် ပြည်သူတစ်ရပ်လုံး အတွက် လွန်စွာလိုအပ်လျက်ရှိသော မေတ္တာရပ်ခံချက်ဖြစ်ပါသဖြင့် ဆရာတော်များက ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာ ဆောင်ရွက်ကြရန် ထပ်ဆင့်မေတ္တာရပ်ခံပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

(ဘဒ္ဒန္တကုမာရ)
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဥက္ကဋ္ဌဆရာတော်
ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့

(ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ)
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
အကျိုးတော်ဆောင်ဆရာတော်
ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့

(ဘဒ္ဒန္တသုဗြဟ္မ)
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဖွဲ့ဝင်ဆရာတော်
ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့

(ဘဒ္ဒန္တကောဝိဒဓဇ)
အဂ္ဂမဟာပဏ္ဍိတ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
အဖွဲ့ဝင်ဆရာတော်
ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့

(ဘဒ္ဒန္တဝိရောစန)
ဒွိပိဋကဓရ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
အဖွဲ့ဝင်ဆရာတော်
ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့

(ဘဒ္ဒန္တဝါယာမသာရ)
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဖွဲ့ဝင်ဆရာတော်
ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့

(ဒေါက်တာဘဒ္ဒန္တအာစိဏ္ဏ)
မဟာဂန္ထဝါစကပဏ္ဍိတ
အဖွဲ့ဝင်ဆရာတော်
ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့**

စာအမှတ်၊ ၂၀၀ / ၁၄ (လင) သထပ - ၄၅ /၂၀၂၁
ရက်စွဲ၊ ၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်

**ထပ်ဆင့်ကြိုဆိုထောက်ခံချက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ မေတ္တာရပ်ခံချက်သည် ယခုအချိန်ကာလတွင် ရဟန်းရှင်လူ ပြည်သူအများ၏ စိုးရိမ်ကြောင့်ကြ နှလုံးစိတ်ဝမ်း မအေးချမ်းမှုကို လက်ရှိတာဝန်ယူဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းအသီးသီးမှ ဖေ့စပ်ညှိနှိုင်း အဖြေရှာဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ့အကျိုးဖြစ်ထွန်းစေရန် တိုက်တွန်းချက်ပင်ဖြစ်ပါသည်။

၂။ ထိုသို့ အကျိုးဖြစ်ထွန်းစေရန် ပြည်သူတစ်ရပ်လုံး၏ ပကတိဆန္ဒ လိုလားချက်ကိုရှေးရှုပြီး တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများ၊ ပြည်သူအများက ပူးပေါင်းဆောင်ရွက်ရန် လွန်စွာလိုအပ်နေသော အချိန်အခါဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာဝပြောစေရန် လက်ရှိဖြစ်ပေါ်နေသော ကိစ္စအရပ်ရပ်တို့ကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ငြိမ်းချမ်းစွာ ဖြေရှင်းဆောင်ရွက်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ မေတ္တာရပ်ခံချက်အား ထပ်ဆင့်ကြိုဆိုထောက်ခံကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဒေါက်တာဘဒ္ဒန္တစိန္တာလင်္ကာရ
(တွဲဖက်အကျိုးတော်ဆောင်ဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့)
ဥက္ကဋ္ဌဆရာတော်
ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု
(ဗဟို)ကြီးကြပ်ရေးအဖွဲ့

ဘဒ္ဒန္တနာဂိတ
(အဖွဲ့ဝင်ဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
အဖွဲ့ဝင်ဆရာတော်)
ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု
(ဗဟို)ကြီးကြပ်ရေးအဖွဲ့

ဘဒ္ဒန္တအာစာရ
(အဖွဲ့ဝင်ဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့)
အဖွဲ့ဝင်ဆရာတော်
ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု
(ဗဟို)ကြီးကြပ်ရေးအဖွဲ့

ဘဒ္ဒန္တပညာစာရ
အတွင်းရေးမှူးဆရာတော်
ရန်ကုန်တိုင်းဒေသကြီး
ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု
ကြီးကြပ်ရေးအဖွဲ့

ဘဒ္ဒန္တနာယက
အတွင်းရေးမှူးဆရာတော်
မန္တလေးတိုင်းဒေသကြီး
ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု
ကြီးကြပ်ရေးအဖွဲ့

ဘဒ္ဒန္တပညာဝံသ
ဥက္ကဋ္ဌဆရာတော်
မကွေးတိုင်းဒေသကြီး
ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု
ကြီးကြပ်ရေးအဖွဲ့

ဘဒ္ဒန္တသုသောဘိတ
ဥက္ကဋ္ဌဆရာတော်
ဧရာဝတီတိုင်းဒေသကြီး
ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့

*စာမျက်နှာ ၄ သို့*

● *ရှေ့ဖုံးမှ*

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလှသန်းက ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူနိုင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူနိုင်ရန်အတွက် ကမ်းဝေး (ငါးဖမ်း၊ ငါးသယ်၊ ကင်းမွန်) ရေလုပ်ငန်းရှင်များနှင့် မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့က အလှူငွေပေးအပ်လှူဒါန်းရာ တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးနှင့် ကိုယ်စားလှယ်များက လက်ခံရယူပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူနိုင်ရန်အတွက် အလှူငွေများ လှူဒါန်းပေးသော အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

ထိုသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူနိုင်ရန်အတွက် အလှူငွေများ လှူဒါန်းပေးသော အလှူရှင်များအား မြိတ်ဒေသ ကိုဗစ်-၁၉ ကာကွယ် ကုသထိန်းချုပ်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါ်တင်တင်ထွေးက ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူနိုင်ရန်အတွက် မြိတ်ဒေသ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အတွက် အထောက်အကူပြုကော်မတီနှင့် ခရိုင် ကိုဗစ်-၁၉ ကာကွယ်ရေး အရပ်ဘက်ပူးပေါင်းကော်မတီများထံသို့ မြိတ်မြို့နယ်အတွင်းရှိ စီးပွားရေး လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ လှူဒါန်းပေးအပ်ထားသည့် အလှူငွေများမှာ ကျပ်သိန်းပေါင်း ၆၄၀၀ ကျော်ရရှိနေပြီဖြစ်သည်။

ထိုသို့ အများပြည်သူ လှူဒါန်းပေးအပ်ထားသည့် အလှူငွေများကို မြိတ်ဒေသ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အထောက်အကူပြုကော်မတီနှင့် မြိတ်ခရိုင် ကိုဗစ်-၁၉ ကာကွယ်ရေးအရပ်ဘက် ပူးပေါင်းကော်မတီက လွှဲပြောင်းလက်ခံထားပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးအတွက် ရန်ပုံငွေစီမံခန့်ခွဲမှု ဆပ်ကော်မတီ မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) သို့ ထပ်ဆင့်လွှဲပြောင်း လှူဒါန်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)



စာမျက်နှာ ၃ မှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

စာအမှတ်၊ ၀၃၀ / ၄၀ / နပသ(ရက) / ၂၀၂၁
ရက် စွဲ၊ ၁၃၈၂-ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက်
၂၀၂၁-ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်

### ထောက်ခံကြိုဆိုချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝှမ်းလုံးတွင် ကမ္ဘာ့ကပ်ရောဂါ COVID-19 ကို ပြည်သူအပေါင်းတို့ ရင်ဆိုင်ခံစားနေကြရသဖြင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစရှိသည့် ကဏ္ဍအသီးသီးတွင် အခက်အခဲများစွာ ခံစားနေကြရသည့် အချိန်ကာလဖြစ်ခြင်းကြောင့်လည်းကောင်း၊ ၂၀၂၀-ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အကြောင်းပြု၍ နိုင်ငံတော်တွင် ယနေ့ဖြစ်ပေါ်နေသော သတင်းများအရလည်းကောင်း ရဟန်းရှင်လူ ပြည်သူအများသည် စိုးရိမ်ကြောင့်ကြနှလုံးစိတ်ဝမ်း မအေးချမ်းဘဲ ရှိနေကြရပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကလည်း ဤသို့ဖြစ်ပွားနေခြင်းကိစ္စနှင့်စပ်လျဉ်း၍ **"ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။ သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ-"** ဟူသော ဒေသနာတော်အရ ငြင်းခုံခြင်းကို ဘေးဟု ရှုမြင်ကြလျက် စေ့စပ်ညှိနှိုင်းအဖြေရှာခြင်းကို ချမ်းသာကြောင်းတရားဟု ခံစားကြလျက် ညီညွတ်စွာ စေ့စပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရေး လိုအပ်ချက်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် အများပြည်သူ ဒါယကာ ဒါယိကာမများအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာဝပြောစေရေးကို ရှေးရှုကြလျက် လက်ရှိဖြစ်ပေါ်နေသော ကိစ္စအရပ်ရပ်တို့၌ မိမိတို့၏ဆန္ဒကို ရှေ့တန်းတင် ငြင်းခုံခြင်းမပြုကြဘဲ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ငြိမ်းချမ်းစွာ အဖြေရှာဆောင်ရွက်ကြရန် မေတ္တာရပ်ခံချက်ကို ၂၉-၁-၂၀၂၁ ရက်စွဲပါစာအမှတ်၊ ၀၀၁/၄၇-၁၂/၅/သာ-မဟန ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ အဆိုပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် အများပြည်သူ ဒါယကာ ဒါယိကာမများအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာဝပြောစေရေးကို ရှေးရှုကြလျက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ငြိမ်းချမ်းစွာ အဖြေရှာ ဆောင်ရွက်နိုင်ကြစေရေး ဩဝါဒပြု မေတ္တာရပ်ခံချက်အား ထောက်ခံကြိုဆိုအပ်ပါသည်။

(ဒေါက်တာဘဒ္ဒန္တကုမာရ)
ပါမောက္ခချုပ်ဆရာတော်

(ဒေါက်တာဘဒ္ဒန္တဇောတိက)
ဒုတိယပါမောက္ခချုပ်ဆရာတော်(စီမံ)

(ဒေါက်တာဘဒ္ဒန္တပညာဝံသ)
ဒုတိယပါမောက္ခချုပ်ဆရာတော်(ပညာ)

(ဘဒ္ဒန္တသုမန)
မော်ကွန်းထိန်းဆရာတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

စာအမှတ်၊ ၀၀၇ / ၁ / စီမံ / နပသ (မတလ) / ၂၀၂၁
ရက်စွဲ ၊ ၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်

### ထောက်ခံကြိုဆိုချက်

၁။ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲကို အကြောင်းပြု၍ နိုင်ငံတော်တွင် ယနေ့ဖြစ်ပေါ်နေသော သတင်းများအရ ရဟန်းရှင်လူ ပြည်သူအများသည် စိုးရိမ်ကြောင့်ကြ နှလုံးစိတ်ဝမ်း မအေးချမ်းဘဲ ရှိနေကြကြောင်းသိရှိရ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့်အများပြည်သူ ဒါယကာ၊ ဒါယိကာမများအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာဝပြောစေရေးကို ရှေးရှုကြလျက် လက်ရှိဖြစ်ပေါ်နေသော ကိစ္စအရပ်ရပ်တို့၌ မိမိတို့၏ဆန္ဒကို ရှေ့တန်းတင် ငြင်းခုံခြင်းမပြုကြဘဲ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ငြိမ်းချမ်းစွာ အဖြေရှာဆောင်ရွက်ကြရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ၂၉-၁-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ၀၀၁/၄၇-၁၂/၅/ သာ-မဟနဖြင့် မေတ္တာရပ်ခံချက် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **" သာသနဿ စ လောကဿ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ "** ဟူသော မေတ္တာပို့ဆုတောင်းစကားနှင့် လျော်ညီစွာ သာသနာတော်ကြီးပွားတိုးတက်ခြင်းသည် လောကကြီးပွားတိုးတက်ခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ လောကကြီးပွားတိုးတက်ခြင်းတို့သည်လည်း လောကသားတို့၏ညီညွတ်မှုနှင့် ဆက်စပ်လျက်ရှိသည်။ ထို့ကြောင့် လောကသားများဖြစ်ကြသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ပြီး နိုင်ငံတော်၏ကဏ္ဍအသီးသီး၌ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့ ညီညွတ်စွာဖြင့် တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ မေတ္တာရှေ့ထား ညှိနှိုင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

၃။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးကို ရှေးရှုလျက် ၂၉-၁-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ၀၀၁/၄၇-၁၂ / ၅/ သာ-မဟနဖြင့် မေတ္တာရပ်ခံ ထုတ်ပြန်ကြေညာချက်ကို မိမိတို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်ဆရာတော်ကြီးအမှူးပြုသော ဆရာတော်သံဃာတော်များ အားလုံးက ထောက်ခံကြိုဆိုပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

( ဒေါက်တာဘဒ္ဒန္တပဏ္ဍိတာဝရာဘိဝံသ )
အဂ္ဂမဟာပဏ္ဍိတ
ပါမောက္ခချုပ်ဆရာတော်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

( ဒေါက်တာဘဒ္ဒန္တဉာဏာလင်္ကာရာဘိဝံသ )
အဂ္ဂမဟာပဏ္ဍိတ
ဒုတိယပါမောက္ခချုပ်ဆရာတော်(သင်ကြား)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

( ဒေါက်တာဘဒ္ဒန္တကေသရ )
အဂ္ဂမဟာပဏ္ဍိတ
ဒုတိယပါမောက္ခချုပ်ဆရာတော်(စီမံ)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

( ဒေါက်တာဘဒ္ဒန္တကုမုဒ )
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
မော်ကွန်းထိန်းဆရာတော်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

❊ ရှေ့ဖုံးမှ

ရေရှည်ဆောင်ရွက်သော စီမံကိန်းတစ်ခုဖြစ်ကြောင်း" ဇန်နဝါရီ ၂၉ ရက်က ကွင်းဆင်းလေ့လာမှုတွင် ဦးဆောင်ပါဝင်သူ ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက ပြောကြားသည်။

အဆိုပါ သဘာဝပတ်ဝန်းကျင်ရေမြေသဘာဝနှင့် စိုက်ပျိုးရေးကိုအခြေခံသော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အလိုက် အစည်းအဝေးဆုံးဖြတ်ချက်အရ New Destination များ ဖော်ဆောင်နိုင်ရေးအတွက် ကွင်းဆင်းလေ့လာခြင်း ဖြစ်ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဆည်များနှင့် စိုက်ပျိုးထားသော ရော်ဘာတောများမှ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ရေး ကွင်းဆင်း လေ့လာထားပြီးဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ကျောက်မဲမြို့၊ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ သီပေါမြို့၊ လားရှိုးမြို့၊ မင်းတပ်မြို့၊ တီးတိန်မြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တောင်ငူမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၇၅ လက်မ၊ လပွတ္တာမြို့တွင် ၀ ဒသမ ၅၉ လက်မ၊ ကြို့ပင်ကောက်မြို့တွင် ၀ ဒသမ ၄၃ လက်မ၊ ညောင်လေးပင်မြို့တွင် ၀ ဒသမ ၃၂ လက်မနှင့် ခရမ်းမြို့နှင့် ဖားဆောင်မြို့တို့တွင် ၀ ဒသမ ၂၄ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**



## ကျုံပျော်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ကျုံပျော် ဇန်နဝါရီ ၃၁**

ပြည်သူများ လူကုန်ကူးခံရမှုမရှိစေရန်၊ လူကုန်ကူးမှုအကြောင်းအရာများကိုသိရှိပြီး ရှောင်ရှားနိုင်စေရန်အတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အင်းရဲလမ်းဆုံ၌ ဇန်နဝါရီ ၂၇ ရက်က ဆောင်ရွက်သည်။

အဆိုပါလက်ကမ်းစာစောင်များကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဟိန်းကို၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သန့်ဇော်ဦး ဦးစီးသော ပူးပေါင်းအဖွဲ့ဖြင့် အင်းရဲလမ်းဆုံတွင် သွားလာနေသော ပြည်သူများထံသို့ လက်ကမ်းစာစောင် ၁၀၀ ကို အခမဲ့ဖြန့်ဝေပေးသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် မြန်မာနိုင်ငံအတွင်း လူကုန်ကူးမှု တိုင်ကြားရန် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ အရေးပေါ်ဖုန်းနံပါတ်များ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန သတင်းအချက်အလက် မျှဝေရာစင်တာ ဖုန်းနံပါတ်၊ လူကုန်ကူးမှု မခံရစေရေးအတွက် ကြိုတင်သိထားသင့်သည့် အကြောင်းအရာများနှင့် သတိပြုရန် အချက်များစသည်တို့ပါဝင်သည်။

ကျုံပျော်မြို့နယ်တွင်လည်း ပြည်ပနိုင်ငံများနှင့် နိုင်ငံအတွင်းရှိ ဒေသအနှံ့အပြားသို့ သွားရောက်အလုပ်လုပ်ကိုင်သူများ များစွာရှိသည့်အတွက် လူကုန်ကူးမှုခံရခြင်းမရှိစေရန် ယခုကဲ့သို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့်(ကျုံပျော်)**

# ပြည်သူသာလျှင် အဓိက

## တတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး ပထမနေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်မည်

**နေပြည်တော် ဇန်နဝါရီ ၃၁**

တတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး ပထမနေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်မည်ဖြစ်ကြောင်း သိရသည်။

ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ ပထမနေ့ ပြည်သူ့လွှတ်တော်၏ လျာထားအစီအစဉ်အရ သဘာပတိတင်မြှောက်ခြင်း၊ သဘာပတိက ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းနှင့် နှုတ်ခွန်းဆက်စကား ပြောကြားခြင်းတို့ကို ဦးစွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊ ပြည်သူ့လွှတ်တော်သဘာပတိက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်းတို့ကို ဆောင်ရွက်သွားပြီးနောက် ပထမနေ့အစည်းအဝေးရပ်နားမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးအစီအစဉ်မှာ လျာထားချက်ဖြစ်သောကြောင့် အပြောင်းအလဲရှိနိုင်ကြောင်းလည်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူများ ကျောင်းစီမံအုပ်ချုပ်မှု စွမ်းရည်မြှင့်တင်ရေး အွန်လိုင်းသင်တန်းတွင် သင်ခန်းစာဆွေးနွေးပို့ချ

နေပြည်တော် ဇန်နဝါရီ ၃၁

**အခြေခံပညာဦးစီးဌာန ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း (ရန်ကုန်)က ဖွင့်လှစ်သော ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူများအတွက် ကျောင်းစီမံအုပ်ချုပ်မှု စွမ်းရည်မြှင့်တင်ရေးအမှတ်စဉ်(၁/၂၀၂၁) သင်တန်းကို ယနေ့နံနက် ၁၀ နာရီတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။** (အောက်ပုံ)



ယင်းသင်တန်း၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပို့ချရာတွင် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ပါမောက္ခချုပ်ဆရာတော် ဟောကြားသည့် ပြည်သူချစ်သော ခေါင်းဆောင်များနှင့်အညီ ကျောင်းကို တည်ထောင်သူများ၊ ကျောင်းအုပ်ကြီးများသည် မိမိတို့၏ အဖွဲ့အစည်းတွင် ခေါင်းဆောင်များဖြစ်သည့်အတွက် ခေါင်းဆောင်သည် မိမိတို့၏အဖွဲ့အစည်းတွင်ရှိသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ချစ်သည့် ခေါင်းဆောင်ကောင်းများဖြစ်ရန်လိုအပ်သည်ဟု ပြောကြားလိုပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၉ ခုနှစ် မေ ၂၁ ရက်တွင် အထက(၂) ပျဉ်းမနား၌ ဆဋ္ဌမတန်း (Grade-6) ကျောင်းသုံးဖတ်စာအုပ် အသစ်အတွက် သင်ကြားသင်ယူမှုနည်းလမ်းနှင့် သင်ထောက်ကူပစ္စည်းများ အသုံးပြုနည်းသင်တန်း၌ ဆရာ ဆရာမများအား ပြောကြားခဲ့သည့် အမှာစကားအတိုင်း လိုက်နာဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

### ပုဂ္ဂလိက ကဏ္ဍကို အားပေး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတကာ နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် မိန့်ခွန်း၌ ပညာရေးသည် ရေရှည်ဆောင်ရွက်ရသည့် လုပ်ငန်း ဖြစ်ပါကြောင်း၊ ပညာရေးကို ဆောင်ရွက်ရာတွင် ပုဂ္ဂလိက ကဏ္ဍကို အားပေးသွားမည်ဟု ပြောကြားခဲ့ပါကြောင်း၊ သို့ဖြစ်၍ ပညာရေးမိသားစုဆိုသည့် အစုအဖွဲ့အနေဖြင့် မိသားစုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ပညာရေးစနစ်ကြီးကို အရည်အသွေးကောင်းမွန်စေမည့် အဓိကအချက်ဖြစ်ပါကြောင်း။

### ဆွေးနွေးပြောကြား

ဆက်လက်၍ ယူနက်စကိုက သုတေသနပြုလုပ် ပုံနှိပ်ဖြန့်ဝေသည့် အစီရင်ခံစာများဖြစ်သည့် Learning to be: the world of education Today and Tomorrow၊ Learning: the treasure within၊ Global Education Monitoring Report 2017/18: Accountability in Education၊ The Digital Transformation of Education : Connecting Schools Empowering Learners၊ OECD က သုတေသနပြုလုပ် ပုံနှိပ်ဖြန့်ဝေသည့် အစီရင်ခံစာများဖြစ်သည့် Trends Shaping Education 2019၊ Future of Education and Skills 2030: OECD Learning Compass 2030 ၊ AHK, Myanmar Survey Research, Roland Berger က သုတေသနပြုလုပ် ပုံနှိပ်ဖြန့်ဝေသည့် အစီရင်ခံစာ Industry 4.0 in Myanmar: Leapfrogging across sectors and how to overcome the barriers၊ The Education Commission က သုတေသနပြုလုပ် ပုံနှိပ်ဖြန့်ဝေသည့် အစီရင်ခံစာများဖြစ်သည့် Learning Generation: Investing in Education for a Changing World၊ Transforming the Education Workforce: Learning teams for a learning generation နှင့် Save Our Future: Averting Education Catastrophe for the World's Children၊ World Bank က သုတေသနပြုလုပ် ပုံနှိပ်ဖြန့်ဝေသည့် အစီရင်ခံစာများဖြစ်သည့် Pro-tecting People and Economies: Integrated Policy Responses to COVID-19, The COVID-19 Pandemic: Shocks to Education and Policy Responses တို့မှ အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

### ပူးပေါင်းရေးဆွဲပြုစု

ဆက်လက်၍ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ဖြင့် ပညာရေးပြုပြင်ပြောင်းလဲ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကြောင့် ကျောင်းနေနှုန်းမြင့်မားလာသကဲ့သို့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းသင်ယူပြီးမြောက်မှုနှုန်း မြင့်မားလာပါကြောင်း၊ သူငယ်တန်း+ ၁၂ တန်း အခြေခံပညာရေးစနစ်သစ်အရ သင်ရိုးသစ် ကျောင်းသုံးဖတ်စာအုပ်များ အခမဲ့ဖြန့်ဝေခြင်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း တိုင်းရင်းသား ကလေးငယ်များအား သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကား(ဒေသသင်ရိုး) သင်ယူနိုင်ရန် ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးခြင်း၊ ဆရာ ဆရာမများအားလုံးတို့ကို သင်ကြားသင်ယူမှု နည်းလမ်းများ သင်တန်းပေးခြင်း၊ စစ်ဆေးအကဲဖြတ်မှု ပြုပြင်ပြောင်းလဲခြင်း၊ ပညာသင်ထောက်ပံ့ကြေးများ ပံ့ပိုးခြင်း၊ တိုင်းရင်းသားဒေသများ ဦးစားပေး၍ သင်ယူမှု အခွင့်အလမ်း၊ နည်းပညာနှင့် အခြေခံအဆောက်အအုံများ စသည်တို့ ဖြည့်ဆည်းပံ့ပိုးခြင်း၊ ပညာရေးတွင် ပိုမို ရင်းနှီးမြှုပ်နှံခြင်းတို့ဖြင့် အရည်အသွေးရှိသော ပညာရေးကို ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း ၂၀၂၁-၂၀၃၀ ကို ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ပညာရေးတွင် ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းရေးဆွဲပြုစုကာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း ၂၀၁၈-၂၀၃၀၊ Sustainable Development Goals-SDGs တို့နှင့်အညီ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည့် ကျောင်းသား ကျောင်းသူများ၊ သင်ယူသူများ၊ တိုင်းရင်းသားပြည်သူများဖြစ်လာအောင် ပြုစုပျိုးထောင်ပေးနိုင်မည့် အရည်အသွေးရှိသည့် ပညာရေးစနစ် ဖြစ်လာစေရန် ညီညီညွတ်ညွတ် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

### ဆက်လက်ကျင်းပ

ထို့နောက်မြန်မာနိုင်ငံလုံးဆိုင်ရာ ကိုယ်ပိုင်ကျောင်းများအသင်းဥက္ကဋ္ဌ ဦးနေအုပ်(စိန်ပေါလ်)က ကျေးဇူးတင်စကားပြောကြား၍ သင်တန်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

သင်တန်းသို့ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကိုယ်ပိုင်ကျောင်းများအသင်းဥက္ကဋ္ဌ ဆရာကြီး ဦးနေအုပ်နှင့် သင်တန်းသား သင်တန်းသူများ၊ ဒုတိယကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြဆရာဆရာမများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ တိုင်းဒေသကြီး ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၂၃ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၃၁** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ် အနည်းအငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကြားယောင်မြင်မိ အောက်မေ့သည်

**—— ရဲထွတ်နီ ——**

"ဟီးယားရစ် သနယူးစ်၊ ရက်ဒ်ဘိုင် လှဘူး"

Here is the News, read by Hla Bu.

ကြားခဲ့ဖူးသည့် မြန်မာ့အသံရေဒီယိုမှ အင်္ဂလိပ်ပိုင်း သတင်းအဖွင့် ကြေညာချက်ဖြစ်ပါသည်။ ကြေညာသူ၏ ထိုအမည်ဖြင့်ဆိုလျှင် ကာလမှာ ကြာခဲ့ပြီမှန်း သိနိုင်ပါပြီ။

ဒေါ်အယ်လ်ဆင်ထွန်းဝေ အမည်ဖြင့်လည်း သတင်းဖတ်သည်ကို ကြားခဲ့ဖူးသည်။ နောက်ပိုင်းတွင် ဒေါ်မာရီ ကောန်းဝေးလည်း ဖတ်ခဲ့သည်ဟု မှတ်မိပါသည်။

ကျွန်တော်တို့သည် ရေဒီယိုနှင့် ကြီးပြင်းခဲ့ကြသည်။ ကျွန်တော်တို့ ဆိုသည်မှာ ကျောင်းနေဖက် သူငယ်ချင်းတစ်စု။ ကျွန်တော်တို့အရွယ် သူငယ်ချင်းအများစုသည် ကဗျာ လင်္ကာ အနုပညာကို ထုံမွှေ့ကြသည်ဆိုလျှင် မြန်မာ့အသံရေဒီယို၏ ကျေးဇူးများပါသည်။

သီချင်းကလေး ဆိုကာ ညည်းကာ အနားသို့ရောက်လာတတ်သော သူငယ်ချင်းရှိခဲ့သည်။ လူစုမိလျှင် တစ်ယောက်ကိုတစ်ယောက် သီချင်းဆိုခိုင်း၊ တစ်ခါ ဝိုင်းဆို ဝိုင်းအော်ဖြင့် ရှိတတ်ကြသည်။ "တစ်နေ့ကလာတဲ့သီချင်းက ကောင်းလိုက်တာကွာ၊ ချိုတေးသံအဖွဲ့ ဘယ်နေ့လွှင့်မယ်တဲ့။" ဤသို့ရှိခဲ့ကြသည်။ တကယ်ပါပင်။ ကျွန်တော်တို့ငယ်ငယ်က ရေဒီယိုခေတ် မြန်မာ့အသံ ရေဒီယိုခေတ်ပါ။ ရေဒီယိုခေတ်မို့ တစ်ဝကြီး နားထောင်ခဲ့ကြဖူးသည်။

### ရေဒီယိုခေတ် ရေဒီယိုအခါ

ယခုအခါ နေ့စဉ်ထုတ်သတင်းစာတွင် မြန်မာ့အသံချစ်သူများဆိုပြီး နယ်ဆင်းတွေ့ဆုံမှုသတင်းတို့ကို ရံဖန်ရံခါ ဖတ်ရတော့ ရေဒီယိုခေတ် ရေဒီယိုအခါ ဖွယ်ဖွယ်ရာရာအစီအစဉ်များကို ပြန်သတိရမိပါသည်။

ခေတ်ဟောင်းသီချင်း၊ ကာလပေါ်သီချင်း၊ သီချင်းကြီး၊ ကျေးလက်သီချင်း၊ ဓာတ်ပြားရေ၊ သူ့အလှည့်ဓာတ်ပြား၊ ရုပ်ရှင်ဇာတ်ဝင်၊ သောတရှင်တို့လိုရာ၊ မွေးနေ့လက်ဆောင်၊ သူရေးသီရာ၊ စစ်သည်တို့လိုရာ၊ စုံတွဲသီချင်း၊ တူရိယာအဖွဲ့ လိုက်နှင့် ဆိုကြမြိုင်မြိုင် တေးသံပြိုင်ဆိုပြီး သီချင်းအမျိုးမျိုးတို့ကို နားဆင်ခဲ့ကြရသည်။

ဌာနခွဲမှာက လူငယ်စာပေအရာရှိ ဆရာ ဦးအောင်သန်းနှင့် လူငယ်စာပေ ဌာနစိတ်လည်းရှိသဖြင့် ထိုရေခံမြေခံတွင် ကျွန်တော်သည် ဒို့ကျောင်းသား၊ ရှေ့ဆောင်လူငယ်ဂျာနယ် စသည့်စာစောင်တို့၌ ဝတ္ထုတိုကလေးများ ရေးလာနေခဲ့ပြီ။

(ပြန်/သံ ဟု ထိုစဉ်က အတိုအကောက်ခေါ်သော) ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန (မြန်မာ့အသံ) တွင် လူငယ်ကဏ္ဍအသံလွှင့်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်သောအခါ ဦးလေးမြင့်နှင့် ကျွန်တော်သည် ဌာနဆိုင်ရာ ကိုယ်စားလှယ်အဖြစ် ပါဝင်လာခဲ့ရသည်။

မကြာမီ ဦးလေးမြင့်ကလည်း အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းသို့ နယ်ခံစခန်းမှူးတာဝန်ပြောင်းယူသွားရာ အခြားအရာရှိနှစ်ယောက်တို့နှင့် အတူ လူငယ်ကဏ္ဍ အသံလွှင့်ကော်မတီတွင် ကျွန်တော် ဆက်လက်ပါဝင် ဆောင်ရွက်ခဲ့ရသည်။

ထိုအခါ လစဉ် ပထမသီတင်းပတ် ဗုဒ္ဓဟူးနေ့တိုင်း ကော်မတီအစည်း အဝေးတက်၊ တစ်လအတွင်း အစီအစဉ်ကဏ္ဍ တာဝန်များကို ဌာနဆိုင်ရာတို့နှင့် အတူ ခွဲဝေယူ။ ဝတ္ထုရှာ၊ ဝတ္ထုရေး၊ အသံလွှင့် ဇာတ်ညွှန်းရေးစာမူပေးပို့ တင်ပြ၊ ခွင့်ပြုချက်ကျလျှင် ကြိုတင်ညှိနှိုင်း ဇာတ်တိုက်ထားသည့် ကျောင်းတို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူကလေးများ၊ ကိုယ့်ဌာနမှ သရုပ်ဆောင်နိုင်သူများနှင့် မြန်မာ့အသံဝင်း အသံလွှင့်ရုံထဲသို့ ဝင်ချည်ထွက်ချည် ရှိခဲ့ရပါလေသည်။ ထိုစဉ်အစောပိုင်းကာလ အသံလွှင့်ရုံသို့ ပြည်လမ်းမကြီးဘက် ပညာရေးတက္ကသိုလ်ရှေ့တည့်တည့်အပေါက်မှ ဝင်ရပါသည်။

လူငယ်ကဏ္ဍ အသံလွှင့်ဇာတ်လမ်းများမှာ ၂၅ မိနစ်စာ ဖြစ်သည်။ စာမူခွင့်ပြုမိန့်ရပြီးလျှင် အပတ်စဉ် သောကြာနေ့တိုင်း နံနက် ၁၀ နာရီမှစ၍ အသံသွင်းရှိသည်။ ပရိုဂျူဆာက ထုတ်လွှင့်ရေးမှူး ဆရာ ဦးငြိမ်းမောင် ဖြစ်သည်။ သောကြာနေ့ အသံသွင်းပြီး တနင်္ဂနွေနေ့ နံနက် ၇ နာရီခွဲတွင် ထုတ်လွှင့်သည်။ ကြာသပတေးနေ့ ညနေပိုင်း၌ Repeat လွှင့်ပါသည်။ ဦးလေးမြင့် အင်းလေးစခန်းသို့ ပြောင်းသွားပြီးနောက်ပိုင်း ကျွန်တော်နှင့် အင်္ဂပူသိန်းရွှေတို့က ဒိုင်ခံစာမူရေးဖြစ်ခဲ့ကြပါသည်။ ကျွန်တော့်ကလောင် အမည်မှာ တစ်ခါတစ်ရံ ပထမဆုံးယူခဲ့ဖူးသော "သန်းမောင်မောင်" ကလောင်နှင့်လည်း ရေးခဲ့ပါသည်။

> "ထိုညက ထိုစာပေဟောပြောပွဲတွင် ဟောပြောကြသော စာရေးဆရာတို့အနက် နောက်ဆုံးပိတ်ပြောသော မြန်မာ့အသံ ဦးဇော်ဝင်း (အသံပါရမီရှင်)၏ ကက်ဆက်တစ်လုံးနှင့် မြန်မာ့အသံ တစ်နေ့တာ ဟောပြောချက်မှာ ဝက်ဝက်ကွဲ အောင်မြင်ခဲ့ပါလေသည်"

ထို့ပြင် ရွာစားကြီးတို့၏ ဆိုင်းဝိုင်းလက်သံ၊ အငြိမ့်၊ ဇာတ်သဘင်၊ သူ့လက်သံ၊ ကမ္ဘာ့ဂီတ၊ ပုံပြင်လက်ဆောင်၊ ဟာဒယရွှင်ဆေး၊ ဇာတ်လမ်းပမာ နားဆင်စရာ၊ သီရိဂေဟာ၊ ပြောပါရစေရှင်၊ ဘဝကြေးမုံဇာတ်လမ်းစုံ၊ မြန်မာ့အစာနှင့် အာဟာရ၊ သိပ္ပံသုတေသီ မောင်ချိုပြုံး၊ ကွက်စိပ်ပြော၊ တပ်မတော်စာတိုက်ခန်း၊ အမျိုးသမီးကဏ္ဍ၊ အသံလွှင့်ဆောင်းပါး၊ စနေ တစ်ပတ်ခြား ၄၅ မိနစ် အသံလွှင့်ဇာတ်လမ်းကြီး၊ သီချင်းကြီးသရုပ်ဖော်၊ သောတရှင်အတွက် ပြန်ကြားချက် စသည်စသည်ဖြင့် နားဆင်ခဲ့ရဖူးသမျှ စုံလင်လှသည်။ အစီအစဉ်တို့ ကျန်ရှိနိုင်ပါသေးသည်။ အသုံးအနှုန်းများလည်း ယခုနားထဲတွင် ပြန်လည်ကြားယောင်သမျှဖြစ်၍ လွဲမှားမှုရှိနိုင်ပါသည်။ မည်သို့ဆိုစေ ကျွန်တော်တို့ငယ်စဉ် ရေဒီယိုခေတ် မြန်မာ့အသံ အမှတ်တရ မှတ်တမ်းအဖြစ် ကြည့်ခြင်းဖြစ်ပါသည်။

နံနက်မိုးလင်းသည်မှ ညမိုးချုပ်သည့်တိုင် လေလှိုင်းမှ စုံစုံလင်လင် အသံလွှင့်ပေးသည့် မြန်မာ့အသံ အသံလွှင့်ရုံသို့ ကျွန်တော်သည် အလယ်တန်း ကျောင်းသားအရွယ်တွင် ပထမဆုံးရောက်ဖူးခဲ့ရသည်။ ကျွန်တော်တို့ အစ်မကြီး မစိုးစိုးသန်းက ခေါ်သွားခဲ့၍ ဖြစ်ပါသည်။

အစ်မကြီးဖြစ်သူမှာ ဆရာမောင်ကြည်ရှင်တို့ ညီအစ်ကိုနှင့် မြန်-စာ-ပြန့် အသင်း၏အလုပ်များတွင် လုပ်အားပေးတတ်သည်။ ထိုအခါဆရာတို့၏ အဆက်အစပ်ဖြင့် အစ်မသည် အသံလွှင့်ရုံတွင် ဆရာကြီး ဦးဂုဏ်ဘဏ်ထံ၌ လုပ်အားပေးခွင့်ရခဲ့သည်။ ဆရာကြီးဦးဂုဏ်ဘဏ်သည် မြန်မာ့အသံမှနေ၍ ဟောပြောခဲ့သည်ကိုလည်း ရေးတေးတေး သတိရပါသည်။

အသံလွှင့်ရုံကြီးသို့ ရောက်ဖူးရသဖြင့် ရင်ဖိုအောင် ဂုဏ်ယူအံ့သြမိခဲ့သည်။

နောင်အခါတွင်မူ ကိုယ်ကိုယ်တိုင် မြန်မာ့အသံသို့ ဆက်သွယ်သွားရောက်ရကာ ကိုယ်တိုင်စာမူများရေးသားခြင်း၊ အသံသွင်းခြင်းများ ပြုလုပ်လာခဲ့ရပါသည်။

ကျွန်တော် ဆယ်တန်းအောင်ပြီး လူငယ်ရေးရာဌာနခွဲသို့ အလုပ်ဝင် ဖြစ်သောအခါ စီနီယာများဖြစ်ကြသည့် ဗိုလ်ကျော်ဆန်း၊ စာရေးဆရာ လေးမြင့်(လေးလေး)၊ ကိုလတ် ခေါ် ဦးခင်မောင်လတ်၊ အဘဦးရွှေမှဲ့၊ အစ်ကိုကြီး ကိုလှဦး (တေးသံရှင်)၊ စန္ဒရားကျော်ဇောလေး တို့နည်းတူ လူငယ်ကဏ္ဍ အသံလွှင့်ဇာတ်လမ်းဇာတ်ညွှန်းများ ရေးဖြစ်လာခဲ့၍ဖြစ်ပါသည်။

အသံသွင်းလျှင် များသောအားဖြင့် စတူဒီယို (C) (စီ) ဖြစ်ပါသည်။

Recording စတော့မည်ဆိုလျှင် Announcement ကို မမကြီး (ဒေါ်တင်တင်မြ)၊ ဒေါ်သန်းသန်းဝင်း၊ ဒေါ်ယဉ်ယဉ်လှတို့ လာဖတ်ပေးတတ်သည်ကို အမှတ်ရပါသည်။

### အသံသွင်း အဆင်မချော ရင်မော

တစ်ခါတစ်ရံ ဇာတ်ကောင်နေရာတွင် ပါရပြီး တစ်ခါတစ်ရံ ဇာတ်ကြောင်းပြောသူ (Narrator) နေရာပါလျှင် ဇာတ်ကြောင်းပြောရပါသည်။ ဇာတ်လမ်းထဲ ပါသူများ အသံသွင်းစဉ် အဆင်မချောတတ်သည့်အခါများတွင် ရင်မောရ၊ အထပ်ထပ်ပြင်ရသဖြင့် စက်ခန်းကဆရာကိုပင် အလွန်အားနာရပါသည်။ စက်ခန်းဆရာ ဦးထွန်းဝ (ထိုအမည်ဟု ထင်ပါသည်။) သည် အလွန်စိတ်ရှည် လှပါသည်။ တစ်ခါတစ်ရံ သူကပင် မိုက်ကိုဖွင့်ပြီး အဲဒီနေရာကလေး ဒီလိုပြော ကွာဟု အားပေးတတ်သည်။ ပရိုဂျူဆာ ဆရာငြိမ်းကတော့ ချန်ပီယံပါပင်။ သူသည် ကျောင်းဆရာဘဝမှလာသော်လည်း အနုပညာစျာန်ကောင်းလှသည်။ ဇာတ်လမ်းတစ်ပုဒ်အတွက် အဖွင့်အပိတ် သင့်ရာတီးလုံး၊ သီချင်း၊ အခန်းကူး အခန်းပြောင်းသီချင်း၊ တီးလုံးသံစဉ်၊ နောက်ခံအသံဗလံများ စသည်ဖြင့် ဇာတ်လမ်းကိုလိုက်ပြီး ဖွဲ့စည်းပို့ပေးရာ လိုအပ်ချက်မှန်သမျှ ဓာတ်ပြား တိုက်ကို မွှေနိုင်သူ၊ ဘယ်သီချင်း၊ ဘယ်တီးလုံး၊ ဘယ်သံစဉ်များ ဘယ်ဓာတ်ပြား ကြီးထဲရှိသည်ကို ဓာတ်ပြားနံပါတ်နှင့် အလွတ်ပြောနိုင်သူ ဖြစ်ခြေသည်။ သတိရအောက်မေ့ပါဘိ။

အသံလွှင့်ကော်မတီတွင် ဆရာက အတွင်းရေးမှူးဖြစ်၍ မမကြီး ဒေါ်တင်တင်မြက တွဲဖက်အတွင်းရေးမှူး ဖြစ်သည်။ ကော်မတီအဖွဲ့ဝင် ကိုယ်စားလှယ်တို့မှာ လမ်းစဉ်လူငယ်ဗဟို၊ ကျန်းမာရေး၊ ပြည်သူ့ရဲ၊ လူမှုဝန်ထမ်း စသည့်ဌာနတို့ဖြစ်ပြီး ခင်မင်ရင်းနှီးသောမိတ်ဆွေများ ဖြစ်ခဲ့ကြရပါသည်။

ထိုသို့ဖြင့် မြန်မာ့အသံမှ မိမိသိမီလိုက်သူများမှာ-ဆရာ ဦးကျော်ညိမ်း၊ မြန်မာ့အသံဦးကျော်မင်း၊ ဆရာသခင် တင်ဦး၊ ကမ္ဘာ့ဂီတ အဘဦးသန်းမြင့်၊ ဗိုလ်မှူးကြီး တင်အောင်ထွန်း(ငြိမ်း)၊ ဗိုလ်မှူးအောင်ကြည်(ငြိမ်း)၊ ဆရာ မြန်မာ့အသံ ကျော်ဦး၊ စန္ဒရားအောင်ခင်၊ ဆရာ ဦးသာဦး၊ မြန်မာ့အသံ ဦးဇော်ဝင်း၊ ဦးဝင်းကြည် (မြန်မာ့အသံကိုသစ္စာ)၊ ဆရာ ဦးဝင်းဖေ (မြဇင်) (အစည်းအဝေးတွင် ဆုံခဲ့၍ သြဝါဒခံယူခွင့်ရခဲ့သည်) အစ်ကို အေဝမ်းစိုးမြင့်၊ စန္ဒရားဦးစိန်သောင်း၊ စန္ဒရားဦးချစ်မောင်၊ ဦးမောင်မောင်သီ၊ ဦးမြတ်လင်း စသော မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့သားများ၊ နာမည်ကြီး အဆိုတော်ကြီးများကို တွေ့မြင်ခွင့်ရခဲ့သည်။ ခင်မင်လေးစားခဲ့ရသည်။ လူရုပ်ပုံလွှာ သိနေသော်လည်း နာမည်ဖော်မရသူများလည်း ရှိပါသေးသည်။



မြန်မာ့အသံရေဒီယိုဝန်ထမ်းများ အသံလွှင့်နေစဉ်။

### ခင်မင်သူမိတ်ဆွေများတိုး

နောက်ပိုင်း ရုပ်မြင်သံကြားပေါ်ပေါက်လာသည်အထိလည်း သတင်းကိစ္စ ပြင်ပရိုက်ကူးရေးကိစ္စများနှင့် ဆောင်ရွက်ရပြန်တော့ ခင်မင်ရသူမိတ်ဆွေများ တိုးခဲ့ပါသည်။

ရေဒီယိုဘက်မှ ခင်မင်ရသူ၊ လေးစားရသူများတွင် ဒေါ်သန်းနှစ်တို့လို အစ်မကြီးများမှစ၍ ဦးရဲထွတ်၊ ဦးအောင်သောင်း၊ ဦးသန်းမြင့်၊ ဦးသိန်းဟန်၊ ဦးလှဝင်း၊ ဦးတင်လှ၊ ဒေါ်ယဉ်ယဉ်လှ၊ ဦးဝင်းအောင်၊ နောက်ပိုင်းတွင် ကိုဖင့် အောင်၊ ကိုစံဝင်း၊ ကိုယုန်စိမ်း၊ ကိုစန်းအောင်၊ ကိုကျော်မြင့် စသူတို့အထိ ခင်မင်ရင်းနှီးခွင့်ရခဲ့ပါသည်။ သူတို့က အလုပ်ဖြင့် ကူညီခဲ့ကြပါသည်။

ဦးတင်မြတ်၊ ဦးစောလွင် (တက္ကသိုလ်စောနွေဟု မှတ်မိပါသည်။) ဦးဝင်းမြင့် (ကိုကြီးသာဆန်း)၊ ဒေါ်မျိုးတို့ကိုလည်း လေးစားခင်မင်ရ၍ ယခုအခါ သတိရမိပါသေးသည်။

ကလေးဘဝက စရောက်ခဲ့ဖူးသော ကိုယ်ချစ်ခဲ့သည့် ရေဒီယိုအသံလွှင့်ရာ ဌာနနှင့် ထိုသို့ဆောင်ရွက်ခွင့်ကာလ အတန်ကြာခဲ့သဖြင့် ကျွန်တော် ပျော်နေခဲ့ပါသည်။

စင်စစ်တော့ ကျွန်တော်သည်လည်း အဖေ စန္ဒရားဆရာတစ်ဦး၊ အမေ ဇာတ်ဆောင်ပညာသည်၊ အဆိုတော်တစ်ဦး (ယဉ်ကျေးမှုကဇာတ်-ငြိမ်း) (ကွယ်လွန်)နှင့် အဆိုတော် ပဲရောက်ဘသန်းလေးမှာ ဦးလေးတော်စပ်သည်မို့ မျိုးရိုးရှိသည်ဟု ဆိုနိုင်သော်လည်း ကျွန်တော်ကတော့ တစ်ဘာသာဖြစ်ခဲ့ရသည်ဟု ဆိုရလေမလားပါပင်။

### ၇၅ နှစ် ခရီးသို့ပေါက်ခဲ့ပြီ

နိုင်ငံတွင် အရေးအခင်းကို ကြုံလိုက်ရသောအခါ ထိုကော်မတီနှင့် အစီအစဉ်များလည်း ရပ်ဆိုင်းသွားခဲ့ပါတော့သည်။

အခုတော့ နှစ်များကြာခဲ့ပြီ။

ရှိသူရှိ၊ မရှိသူမရှိ ဖြစ်ခဲ့ကြပြီ။

မြန်မာ့အသံကတော့ ၇၅ နှစ် ခရီးသို့ပေါက်ခဲ့ပြီ။ ရောက်ခဲ့ပြီ။

ရှေ့ခရီးသို့ဆက်နှင်ကာ တိုးတက်အောင်မြင်ပါစေဟု ဆန္ဒမွန်ပြုပါသည်။

သတိရမိပြန်သော မှတ်တမ်းတင်စရာတစ်ခုဖြင့် ကျွန်တော့်စာကို နိဂုံးချုပ်လိုပါသည်။

တစ်ခုသောနှစ်၊ တစ်ခုသောဆောင်းရာသီ စာပေဟောပြောပွဲကာလ ဌာနမိတ်ဆွေတစ်ဦးက သူ့မိတ်ဆွေနေထိုင်ရာ မြောက်ဥက္ကလာပမြို့နယ် ရပ်ကွက်တစ်ခု စာပေဟောပြောပွဲအတွက် စာရေးဆရာတစ်ဦးဦးကို ဖိတ်ပေးပါရန် အပူကပ်အကူအညီတောင်းလာသည့်အခါ ကိုယ်တာဝန်ခံနိုင်သော စာရေးဆရာ စဉ်းစားရှာမရသည့်အဆုံး ကြံကြံဖန်ဖန်ပင် ဆရာ ဦးဇော်ဝင်းကို သတိရမိလျက် ဆရာ့ကို ဟောပြောပေးစေချင်စိတ်ပေါက်ကာ ဆရာ့အား ဖိတ်စာပေးမိပါသည်။ ထိုအခါ ဆရာက

"ကိုယ်တို့ဌာနက ဒါမျိုးခွင့်ပြုတဲ့ အစဉ်အလာမရှိဘူး မောင်ရင်"

"ဗျာ"

ကျွန်တော် မောသွားမိသည်။ ဆရာ့ကိုလည်း ကြိုမမေးမိ။ အခုတော့ ခွင့်ပြုသည့်အစဉ်အလာမရှိဆိုတော့ ကိုယ့်ဟာကိုယ် ဆတ်ဆော့မိသလို အကျပ်ရိုက်သွားလေတော့သည်။

"ဒါပေမယ့် မောင်ရင် ဖိတ်စာယူလာပြီဆိုတော့ ကိုယ် တင်ပြကြည့်မယ်လေ..." တဲ့။

ဆရာ ဤသို့ပြောတော့ စိတ်သက်သာမိသည်။ ခွင့်ပြုပါစေဟု ဆုတောင်းနေခဲ့မိသည်။ သိပ်မကြာလိုက်။ ဟောပြောရမည့်ရက် နှစ်ရက်လောက်အလိုတွင် ဆရာ့ထံမှ တယ်လီဖုန်းလာသည်။ ဌာနက သူ့ကို ဟောပြောခွင့်ပြုသတဲ့၊ ထူးထူးခြားခြားပါ။

ဤသို့ဖြင့် ကံတော်ကံစွပ် ခွင့်ပြုမိန့်ရခဲ့လေရာ ထိုညက ထိုစာပေဟောပြော ပွဲတွင် ဟောပြောကြသော စာရေးဆရာတို့အနက် နောက်ဆုံးပိတ်ပြောသော မြန်မာ့အသံ ဦးဇော်ဝင်း(အသံပါရမီရှင်)၏ ကက်ဆက်တစ်လုံးနှင့် မြန်မာ့အသံ တစ်နေ့တာ ဟောပြောချက်မှာ ဝက်ဝက်ကွဲ အောင်မြင်ခဲ့ပါလေသည်။

ဪ...အောက်မေ့ပါဘိ ဆရာရယ်...။

လွမ်းရပါဘိ မြန်မာ့အသံရယ်...။

# "တစ်ဦးကို တစ်ဦး အသိပေးခြင်း / သတိပေးခြင်း မိသားစုစီမံချက်" မန္တလေးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၃၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် အမျိုးသားအဆင့် ကျန်းမာရေး လှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်မည့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြည်သူလူထုသို့ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး အမှုအကျင့်ကောင်းများ လူမှုအဖွဲ့အစည်းအတွင်း အဆင့်ဆင့် ပျံ့နှံ့ရောက်ရှိအောင် ရည်ရွယ်၍ ယခု စီမံချက်ကို မန္တလေးတိုင်းဒေသကြီးအတွင်း နှစ်လတိတိ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအနေဖြင့် ကိုဗစ် - ၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၆၅၆၆ ဦးရှိပြီး လက်ရှိတွင် ကုသမှုခံယူနေသူပေါင်း ၁၃၆၆ ဦး ရှိကြောင်း၊ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် "တစ်ဦးနှင့် တစ်ဦး အချင်းချင်း အသိပေး/ သတိပေး ပြောကြားရမည့် အချက်များ" ကို ပြောကြားခြင်းဖြင့် မိသားစုများအကြား၊ အဖွဲ့အစည်းများအကြား ပျံ့နှံ့ရောက်ရှိကာ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကိုဗစ် - ၁၉ ကာကွယ်ရေး အသိပညာပေးစာစောင်များ၊ နှာခေါင်းစည်းများကို ပြည်သူများထံ ဖြန့်ဝေပေးပြီး တစ်ဦးနှင့် တစ်ဦး အချင်းချင်း အသိပေး/ သတိပေးရမည့် အချက်များကို အသိပေးပြောကြားကြောင်း သိရသည်။

**မောင်ကျန်းမာ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တောင်ကုတ်မြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ

**တောင်ကုတ် ဇန်နဝါရီ ၃၁**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ ဖြစ်သည့် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့နှင့်အတူ ယမန်နေ့ နံနက် ၉ နာရီခွဲက တောင်ကုတ်မြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်ခန်းမ၌ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး အမှာစကားပြောကြားသည်။



### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ယင်းနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးစောမင်းသူက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းမြင့်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်မှု တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်နိုင်နှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကုတ်မြို့နယ် သံတွဲ-တောင်ကုတ်လမ်းပေါ်ရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ သံတွဲမြို့နယ် သူဌေးချောင်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် ရေကောက်ကျေးရွာအုပ်စု ပုရစ်ကျေးရွာနှင့် မယ်ဝကျေးရွာတို့ကို ပြောင်းရွှေ့နေရာချထားနိုင်ရေး ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ သူဌေးချောင်းရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးစီမံကိန်း တာဝန်ခံက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကုတ် -သံတွဲ- ဂွ လမ်းတစ်လျှောက် လမ်းလုပ်ငန်း ဆောင်ရွက်နေသည့် ဒေသခံလမ်းလုပ်သား ၁၀၀ ကျော်ကို သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ကာ ကျန်းမာရေးကောင်မွန်ရေး ဂရုစိုက်ဆောင်ရွက်ရန် အားပေးစကား ပြောကြားကြောင်း သိရသည်။

**စန်းဝင်း(ပြန်/ဆက်)**

# တစ်ကျော့ပြန် သက်ဝင်လှုပ်ရှားလာတော့မည့် ရန်ကုန်မြို့ မင်္ဂလာဈေးအုပ်စု ဖေဖော်ဝါရီ ၁ ရက်တွင် တစ်ပြိုင်တည်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ရွှေမင်္ဂလာဈေးကြီးအပါအဝင် အဆိုပါဝင်းအတွင်းရှိ မင်္ဂလာဈေးအုပ်စုအားလုံးကို ဖေဖော်ဝါရီ ၁ ရက်တွင် တစ်ပြိုင်တည်း ဖွင့်လှစ်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနအနေဖြင့် အဆင့်မြင့် ရွှေမင်္ဂလာဈေးကြီး အပါအဝင် အဆိုပါဝင်းအတွင်းရှိ မင်္ဂလာမွန်ဈေး၊ မင်္ဂလာဈေး (ယာယီ)၊ မင်္ဂလာဈေးသစ်နှင့် ရွှေပြည့်စုံဈေးတို့ကို တစ်ပြိုင်တည်း ဖွင့်လှစ်မည်ဖြစ်ပြီး အဆိုပါဈေးများကို ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယအကျော့ စက်တင်ဘာ ၁၂ ရက်တွင် ပိတ်ခဲ့ခြင်းဖြစ်သည်။ ကိုဗစ် -၁၉ ကပ်ရောဂါ ပထမ အကျော့တွင်လည်း အဆိုပါဈေးများကို နှစ်လကြာ ယာယီပိတ်ထားခဲ့ပြီး ယခု ဒုတိယအကျော့တွင် အရောင်း၊ အဝယ် ရပ်နားထားခဲ့သည်မှာ လာမည့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ငါးလပြည့်မြောက်တော့မည်ဖြစ်ကြောင်း သိရသည်။

### သိန်းပေါင်းများစွာ နစ်နာမှုရှိ

"ဒီဈေးကြီးတွေပိတ်တာက ကိုဗစ်-၁၉ ကပ်ရောဂါကာလမှာ နှစ်ကျော့ ဖြစ်သွားတာပေါ့။ ပထမတစ်ကျော့ကလည်း နှစ်လလောက်ပိတ်လိုက်သေးတယ်။ အခုလည်း ငါးလလောက်ကြာလာပြီဆိုတော့ အားလုံး နစ်နာမှုတွေရှိခဲ့တယ်။ အလုပ်ရှင်၊ အလုပ်သမား၊ ကုန်သည်၊ ပွဲစား ဘက်ပေါင်းစုံပါပဲ။ ဒီပိတ်တဲ့ ကာလတွေမှာ အိမ်ကပဲ ဖောက်သည်တွေ ဖုန်းနဲ့မှာတာ ရောင်းရတော့ သိန်းပေါင်းများစွာ နစ်နာမှုရှိခဲ့တယ်။ ခုလို ဈေးကြီးကို သက်ဆိုင်ရာက ပြန်ဖွင့်လှစ်ပေးလိုက်တော့ အတိုင်းမသိ ဝမ်းသာမှုဖြစ်ရပါတယ်" ဟု ရွှေမင်္ဂလာဈေးမှ အရောင်းကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဦးမောင်သိန်းလင်းက ပြောသည်။

ဈေးသူ ဈေးသားများ တောင်းဆိုမှုအရ အဆိုပါဈေးများကို ပြန်လည်ဖွင့်လှစ် နိုင်ရေး ဇန်နဝါရီလဆန်းပိုင်းက သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ တင်ပြကာ ညွှန်ကြားမှုများနှင့်အညီ ဇန်နဝါရီ ၁၄ ရက်တွင် ဖွင့်လှစ်နိုင်ရေး တင်ပြခဲ့သော်လည်း ယခု ဖေဖော်ဝါရီ ၁ ရက်မှသာ ပြန်လည်ဖွင့်လှစ်နိုင်သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ဖေဖော်ဝါရီ ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ရေး ဈေးဆိုင်ခန်းများကို ဇန်နဝါရီ ၃၁ ရက်တွင် လာရောက်သန့်ရှင်းရေးလုပ်နိုင်ပြီဖြစ်ကြောင်း ကြေညာရာ အချို့ဆိုင်ရှင်များသည် သန့်ရှင်းရေးလုပ်ကာ တစ်ပြိုင်တည်း ဖွင့်လှစ်ရောင်းချနေသည်များလည်း တွေ့ရသည်။

ဈေးများ ယခုကဲ့သို့ ပြန်လည်ဖွင့်လှစ်ခြင်းသည် မြို့နယ် ကိုဗစ်-၁၉ ကပ်ရောဂါကော်မတီက သဘောတူခွင့်ပြုပေးထားပြီဖြစ်ကြောင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လမ်းညွှန်ချက်နှင့်အညီ ဈေးရောင်း ဈေးဝယ်များကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ တင်းတင်းကျပ်ကျပ် လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။




ရွှေမင်္ဂလာဈေးကြီးကို တွေ့ရစဉ်။

အဆိုပါဝင်းအတွင်း၌ အဆင့်မြင့်ရွှေမင်္ဂလာဈေးကြီး အပါအဝင် မင်္ဂလာမွန်ဈေး၊ မင်္ဂလာဈေး (ယာယီ)၊ မင်္ဂလာဈေးသစ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီကြီးကြပ်မှုအောက်တွင်ရှိပြီး ဆိုင်ခန်းပေါင်း ၆၀၀၀ ကျော်ရှိကာ ပုဂ္ဂလိကပိုင်ဈေးဖြစ်သည့် ရွှေပြည့်စုံဈေးမှာ ဆိုင်ခန်းပေါင်း ၈၀၀ ကျော်ရှိသည်။ ဈေးများကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပိတ်ထားရသော်လည်း ယခုကဲ့သို့ တစ်ကျော့ပြန်ဖွင့်ရာတွင် ပိတ်ရက်ကိုလည်း ယခင်ဥပုသ် တစ်ရက်နှင့် နိုင်ငံတော်က သတ်မှတ်ပေးထားသော အခါကြီးရက်ကြီးများတွင် ပိတ်ကာ ဈေးဖွင့်ချိန်ကိုလည်း ပြောင်းလဲမှုမရှိဘဲ နံနက် ၇ နာရီမှ ည ၆ နာရီအထိ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

◆ *ကျောဖုံးမှ*

ချင်းအမျိုးသားနေ့ပွဲတော်နှင့် လေဆိပ်ဖွင့်ပွဲ ဆောင်ရွက်မည့်အခြေအနေများကို ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက လာရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်အား ဖလမ်း(ဆူရ်ဘုန်) လေဆိပ်ရှင်းလင်းဆောင်၌ ချင်းအမျိုးသားနေ့ပွဲတော်နှင့် ဖလမ်း(ဆူရ်ဘုန်)လေဆိပ် ဖွင့်ပွဲပြုလုပ်မည့် စီမံချက်များကို ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စီမံချက်နှင့်ပတ်သက်ပြီး ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ချင်းအမျိုးသားနေ့ ဖွင့်ပွဲမုခ်ဦး တည်ဆောက်မည့် နေရာ၊ စင်မြင့် တည်ဆောက်မည့်နေရာ၊ ဧည့်ခံကျွေးမွေးမည့် နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ချင်းအမျိုးသားနေ့ပွဲတော်ကို ပြည်နယ်အဆင့်ဖြင့် ဖလမ်း(ဆူရ်ဘုန်) လေယာဉ်ကွင်းဖွင့်ပွဲနှင့်အတူ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# လှည်းကူးမြို့နယ် ဖောင်ကြီးဓာတ်အားခွဲရုံနှင့် တိုက်ကြီးမြို့နယ် အိုင်ကလောင်ဓာတ်အားခွဲရုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးဓာတ်အားခွဲရုံနှင့် တိုက်ကြီးမြို့နယ် အိုင်ကလောင် ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် အဆိုပါဓာတ်အားခွဲရုံများ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ဖွင့်လှစ်ပေးသည်။



အသစ်ဖွင့်လှစ်လိုက်သော ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အိုင်ကလောင် ဓာတ်အားခွဲရုံကို တွေ့ရစဉ်။

**ဓာတ်အားခွဲရုံ ဖွင့်လှစ်ပေး**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးလျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်တို့ကလှည်းကူးမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဖောင်ကြီးဓာတ်အားခွဲရုံ ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာပက်ဖျန်းကာ ခွဲရုံအတွင်း လှည့်လှည်ကြည့်ရှုကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ အိုင်ကလောင်ဓာတ်အားခွဲရုံသို့ သွားရောက်ကာ ဓာတ်အားခွဲရုံကို ဆက်လက်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တည်ဆောက်လျက် ရှိသော ၃၃ ကေဗွီ ဓာတ်အားခွဲရုံ စုစုပေါင်း ခြောက်ရုံအနက် တိုက်ကြီးမြို့နယ် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ အိုင်ကလောင် ဓာတ်အားခွဲရုံနှင့် လှည်းကူးမြို့နယ် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဖောင်ကြီးဓာတ်အားခွဲရုံတို့ကို ယနေ့ ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း၊ ကျန်ဓာတ်အားခွဲရုံ လေးရုံဖြစ်သည့် မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဓာတ်အားခွဲရုံ၊ လှည်းကူးမြို့နယ် ငါးဆူတောင် ဓာတ်အားခွဲရုံ၊ ခရမ်းမြို့နယ် ညောင်လန်း ဓာတ်အားခွဲရုံနှင့် အုတ်ဖိုဓာတ်အားခွဲရုံတို့ကိုလည်း မကြာမီ ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရေးအတွက် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၅၅ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်း၊ ၂၀၃၀ ပြည့်နှစ်တွင် ရာခိုင်နှုန်းပြည့် လျှပ်စစ်မီးရရှိအသုံးပြုနိုင်ရေး စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အားလုံးနှင့် ကျေးရွာအားလုံး ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိသည့် အခမ်းအနားကို မတ်လအတွင်း ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ဓာတ်အားတိုးမြှင့်သုံးစွဲ**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယနေ့ဖွင့်လှစ်သော ဖောင်ကြီး ဓာတ်အားခွဲရုံမှာ ယခင်က ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေခွဲရုံတစ်ခုသာရှိပြီး ယခုအခါ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ ထပ်မံတိုးချဲ့နိုင်သည့်အတွက် ထိုဒေသရှိ ကျေးရွာပေါင်း ၁၃ ရွာ၊ အိမ်ထောင်စု ၈၅၀ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုလာနိုင်ခဲ့သည့်အပြင် COVID-19 ကုသရေးစင်တာ (ဖောင်ကြီး) ၌ ထပ်မံတိုးချဲ့တပ်ဆင်ပေးရသည့် ထရန်စဖော်မာများမှ လျှပ်စစ်ဓာတ်အား တိုးမြှင့်သုံးစွဲလိုခြင်းအတွက် များစွာအထောက်အကူရရှိကြောင်း၊ တိုက်ကြီး မြို့နယ် အိုင်ကလောင်ဒေသကို ယခင်က ၁၇ မိုင်ခန့်ဝေးသည့် တော်လတီဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်ပေးရသဖြင့် ဗို့အားကျဆင်းခြင်း၊ ဗို့အားမတည်ငြိမ်ခြင်း၊ ဓာတ်အားပြတ်တောက်ပါက ဓာတ်အားပြန်လည်ရရှိရန် အချိန်ကြာမြင့်ခြင်းများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ ယခုကဲ့သို့ ဓာတ်အားခွဲရုံတစ်ရုံ တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ယင်းဒေသ ကျေးရွာ ၄၀၊ အိမ်ထောင်စု ၃၀၇၄ စုကျော်ခန့် တည်ငြိမ်ပြည့်ဝသည့် လျှပ်စစ်ဓာတ်အားကို တိုးမြှင့်သုံးစွဲနိုင်လာမည်ဖြစ်ကြောင်း။

**ကျေးလက်များ ဖွံ့ဖြိုးလာမည်**

တိုက်ကြီးမြို့နယ်အတွင်း တိုင်းဒေသကြီး ရန်ပုံငွေအသုံးပြုပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၃၃/၁၁ ကေဗွီ၊ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံ နှစ်ရုံ တိုးချဲ့တည်ဆောက်ခြင်းနှင့် ကျေးရွာ ၅၇ ရွာ လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တိုးချဲ့တည်ဆောက်ခြင်းနှင့် ကျေးရွာ ၄၇ ရွာ လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးနိုင်ကြောင်း၊ သို့ဖြစ်၍ လျှပ်စစ်မီးထပ်မံရရှိသည့် ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍအသီးသီးတွင် ထပ်မံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုက်ကြီးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ် (၁) ဦးတင်ရှိန်က ဓာတ်အားခွဲရုံ ဖွင့်လှစ်နိုင်ခြင်းနှင့် ပတ်သက်၍ ပြည်သူကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ် (၁) ဦးတင်ရှိန်တို့က အိုင်ကလောင်ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနား မှတ်တမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ခွဲရုံအတွင်း လှည့်လည်ကြည့်ရှုကြောင်း သိရသည်။

**သတင်း - မောင်စိန်လွင် (မြန်မာ့အလင်း)၊**
**ဓာတ်ပုံ - မင်းထက်**

# ကျင့်ဝတ်လိုက်နာသော သတင်းသမားနှင့် အမည်ခံသတင်းသမား ပြဿနာ ဆွေးနွေးပွဲကျင်းပ




**ရန်ကုန် ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို) တို့ ပူးပေါင်း၍ သတင်းမီဒီယာ ကျင့်ဝတ်ဆိုင်ရာ ဆွေးနွေးပွဲကို ကျင့်ဝတ်လိုက်နာသော သတင်းသမားနှင့် အမည်ခံသတင်းသမား ပြဿနာ ခေါင်းစဉ်ဖြင့် ယနေ့ နံနက် ၁၁ နာရီခွဲတွင် အွန်လိုင်းဖြင့် ပြုလုပ်သည်။ (ဓာတ်ပုံ)

ရှေးဦးစွာ ယာယီဥက္ကဋ္ဌဒေါက်တာမျိုးသန့်တင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ (၂) ဦးကျော်နိုင် (ထက်မြက်) က အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် ညှိနှိုင်းရေးမှူးအဖြစ် ဦးကျော်စွာမင်း (အတွင်းရေးမှူး၊ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီ) က ဆောင်ရွက်ပြီး ဦးကျော်ဇေယျ (ဥပဒေပညာရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဝင်)၊ ဦးဇေယျာလှိုင် (မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်)၊ ဒေါ်လွတ်လပ်စိုး (စီမံကိန်း ဒါရိုက်တာ၊ မြန်မာမီဒီယာဖွံ့ဖြိုးရေးစင်တာ (CMMD) သတင်းပညာသင်တန်းကျောင်း) နှင့် Mr. Ariel Sebellino ၊ Executive Director ၊ Philippine Press Institute တို့က ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် သတင်းမီဒီယာများသည် စတုတ္ထမဏ္ဍိုင်အဖြစ် အားကောင်းစွာ ရပ်တည်နိုင်ရေး၊ ကျင့်ဝတ်မလိုက်နာသည့် အယောင်ဆောင်သတင်းသမားများ၏ လက်ရှိပကတိ အခြေအနေများ၊ ကျင့်ဝတ်မလိုက်နာသည့် သတင်းသမားနှင့် အယောင်ဆောင်သတင်းသမားများအား အရေးယူဆောင်ရွက်နေမှု အခြေအနေ၊ ဖိလစ်ပိုင်နိုင်ငံက ဆောင်ရွက်နေသည့် ကျင့်ဝတ်ဆိုင်ရာ နည်းလမ်းများ၊ သတင်းမီဒီယာဥပဒေ နည်းဥပဒေနှင့် ကျင့်ဝတ်များ ဖြည့်စွက် ပြင်ဆင်ပြဋ္ဌာန်းရေး၊ သတင်းစာသင်တန်းကျောင်းများ ပိုမိုဖွင့်လှစ်ရေးနှင့် ကျင့်ဝတ်ဘာသာရပ်များ သင်ကြားပေးရေး၊ အစိုးရမှ ပါဝင်ပူးပေါင်း ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့အစည်း (ယူနက်စကို) တို့ ပူးပေါင်းပြီး ဆွေးနွေးပွဲများကို လစဉ်ပုံမှန် ပြုလုပ်မည်ဖြစ်သည်။

**ကျော်စွာမင်း**

# ပြည်မြို့ မျိုးစေ့အရည်အသွေးစစ်ဆေးရေးဓာတ်ခွဲခန်း၌ တောင်သူများ၏စပါးမျိုးစေ့များကို စတင်စစ်ဆေးပေးနေ



**ပြည် ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ မျိုးစေ့အရည်အသွေး စစ်ဆေးရေး ဓာတ်ခွဲခန်း၌ ဇန်နဝါရီလမှစတင်ကာ ဒေသအတွင်းရှိ တောင်သူများ၏ စပါးမျိုးစေ့များကို စတင်စမ်းသပ်စစ်ဆေးပေးနေပြီဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

စပါးမျိုးစေ့စစ်ဆေးရာတွင် တောင်သူများ၏ မျိုးစေ့နမူနာ နို့ဆီဘူးလေးဘူးပါ နှစ်ထုပ်ကို စနစ်တကျစာရင်းရေးသွင်းပြီး တင်ပြနမူနာမျိုးစေ့တစ်ဝက်ကို အစိုဓာတ်တိုင်းတာစက်ဖြင့် တိုင်းတာခြင်း၊ ဆန်နီစစ်ဆေးရန်နှင့် မျိုးစေ့နမူနာစစ်ဆေးရန် စပါးမျိုးစေ့နမူနာများကို ကြိတ်ခွဲပြီး ရရှိလာသော နမူနာမျိုးစေ့များကို အခွံချွတ်စက်ဖြင့် ကြိတ်ခွဲကာ ဆန်နီပါဝင်မှု စစ်ဆေးခြင်း၊ အဖျဉ်း၊ အမှော်၊ ဖုန်သဲ၊ ခဲ၊ မျိုးကွဲများစစ်ဆေး၍ မျိုးသန့်စင်မှု ရာခိုင်နှုန်းတွက်ချက်စစ်ဆေးခြင်း၊ အပင်ပေါက် ရာခိုင်နှုန်းစမ်းသပ်စစ်ဆေးခြင်း နှင့် မျိုးစေ့အရည်အသွေး စံမီ/မမီ စစ်ဆေးပြီးရလဒ်အဖြေကို သက်ဆိုင်ရာတောင်သူများထံ အချိန်မီအသိပေးအကြောင်းကြားခြင်းတို့ကို ဆောင်ရွက်ပေးသည်။

မျိုးစေ့အရည်အသွေးစစ်ဆေးခြင်းဖြင့် မျိုးထုတ်တောင်သူတို့၏ မျိုးစေ့အရည်အသွေး စံမီ/မမီခြင်းကို သိရှိနိုင်ခြင်း၊ စံမီသောမျိုးစေ့များကို မျိုးစေ့ဈေးနှုန်းဖြင့် ရောင်းချနိုင်သဖြင့် စီးပွားရေးတွက်ခြေကိုက်ခြင်း၊ ဝယ်ယူစိုက်ပျိုးသူ တောင်သူများအနေဖြင့် မှန်ကန်သောမျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ အချိန်မီရယူစိုက်ပျိုးနိုင်ခြင်း စသည့်အကျိုးရလဒ်များ ရရှိလာမည်ဖြစ်ကြောင်း အဆိုပါ ဓာတ်ခွဲခန်းမျိုးစေ့ တာဝန်ခံထံမှ သိရသည်။ **မျိုးကျော်ကြီး (ပြန်/ဆက်)**

# ကိုးခုမြောက် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်ခွဲ (လယ်ဝေးဘဏ်ခွဲ) ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၃၁**

နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ကိုးခုမြောက် ဘဏ်ခွဲဖြစ်သည့် လယ်ဝေးဘဏ်ခွဲ ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီက နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၇)ရပ်ကွက် သုခမလမ်း ဦးပိုင်/မြေကွက်အမှတ် (လပ-၀၁၉) (လယ်ဝေးမြို့နယ်၊ အားကစားကွင်းရှေ့)ရှိ အဆိုပါဘဏ်ခွဲ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ကျင်းပသည်။

ဘဏ်ဖွင့်ပွဲ အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် နေပြည်တော်ဖွံ့ဖြိုးရေး ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့နာယက ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယ မြို့တော်ဝန် နေပြည်တော်ဖွံ့ဖြိုးရေး ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးရဲမင်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်များ၊ ဒါရိုက်တာ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘဏ်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော် ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယ ဥက္ကဋ္ဌ ဦးစိုးမင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယ မြို့တော်ဝန် နေပြည်တော်ဖွံ့ဖြိုးရေး ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးရဲမင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်က နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက် (လယ်ဝေးဘဏ်ခွဲ) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဘဏ်ခွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ ဘဏ်ခွဲအတွင်း လှည့်လည်ကြည့်ရှုသည်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်ခွဲ (လယ်ဝေးဘဏ်ခွဲ) ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

ယခု ဖွင့်လှစ်သည့် လယ်ဝေးဘဏ်ခွဲသည် ကိုးခုမြောက် နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဘဏ်ခွဲဖြစ်ပြီး နေပြည်တော် လယ်ဝေးမြို့နယ် အမှတ် (၇) ရပ်ကွက် သုခမလမ်း ဦးပိုင်/မြေကွက် အမှတ် (လပ-၀၁၉) (လယ်ဝေးမြို့နယ်၊ အားကစားကွင်းရှေ့) တွင် တည်ရှိသည်။ ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ ဘဏ်နှင့် ဆက်သွယ်သူ ပြည်သူများဘဏ်ဝန်ဆောင်မှုများအား လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လယ်ဝေးဘဏ်ခွဲအား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

**ဖြိုးမောင်မောင်**

# မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ရန်ကုန်နှင့် မန္တလေး လေယာဉ်စီးသူများအတွက် နှုန်းထားသက်သာခွင့်များပေးမည်

**ရန်ကုန် ဇန်နဝါရီ ၃၁**

ကိုဗစ် -၁၉ ကာလ ပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာအမျိုးသားလေကြောင်း (MNA)က ပြည်တွင်းခရီးစဉ်များကို ပြန်လည်ပြေးဆွဲလျက်ရှိရာ ယခုတစ်ဖန် ရန်ကုန်မြို့နှင့်မန္တလေးမြို့များမှ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် စီးနင်းလိုက်ပါမည့် ခရီးသွားများအား ၂၅ ရာခိုင်နှုန်း သက်သာခွင့် (Discount Gift Voucher) များကို လာမည့် ဖေဖော်ဝါရီ ၃ ရက်တွင် ပေးသွားမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရသည်။ မြန်မာအမျိုးသား လေကြောင်းမှ ၂၅ ရာခိုင်နှုန်း သက်သာခွင့်များကို ရန်ကုန်နှင့် မန္တလေးရှိ Check in Counter များတွင် ဖေဖော်ဝါရီ ၃ ရက်၌ အရေအတွက် အကန့်အသတ် (ဦးရာစနစ်) ဖြင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၃ ရက်မှာ မြန်မာအမျိုးသားလေကြောင်းဖြင့် ရန်ကုန်လေဆိပ်နဲ့ မန္တလေးလေဆိပ်က လိုက်ပါစီးနင်းမယ့် ခရီးသည်တွေကို ဒီ Gift Voucher တွေပေးမှာ ဖြစ်ပါတယ်။ အရေအတွက် ကန့်သတ်ထားပါတယ်။ MNA နဲ့ နောက်တစ်ခေါက် ခရီးသွားတဲ့အခါ အဲဒါပြပြီး လက်မှတ်ဝယ်ရင် ၂၅ ရာခိုင်နှုန်း သက်သာခွင့်ရရှိမှာဖြစ်ပါတယ်" ဟု မြန်မာအမျိုးသားလေကြောင်း လိုင်းမှ မန်နေဂျာ ဒေါ်အေးအေးငြိမ်း က ပြောသည်။ အဆိုပါ လက်မှတ်နှုန်းထား သက်သာခွင့်ကို ရန်ကုန်နှင့် မန္တလေး ခရီးသွားမည့်သူများအတွက်သာ စတင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် မကြာသေးမီက ပြည်တွင်း လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ မဖြစ်မီက မြို့ကြီး ၂၉ မြို့သို့ ပျံသန်းပြေးဆွဲလျက်ရှိပြီး ယခုအခါ ခရီးသည်အခြေအနေအပေါ်မူတည်၍ ပြည်တွင်းခရီးစဉ်များ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**အာကာစိုး**



# နွားထိုးကြီး၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ရုံးသစ် အဆောက်အအုံဖွင့်

**နွားထိုးကြီး ဇန်နဝါရီ ၃၁**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ အဆောက်အအုံသစ် ဖွင့်ပွဲကို အမှတ်(၁) မြင်းခြံ-မန္တလေးလမ်း၌ ဇန်နဝါရီ ၃၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂) ဦးစိန်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်ယဉ်နွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ငြိမ်းတို့က ဖဲကြိုးဖြတ်၍ အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးသည်။

နွားထိုးကြီးမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲကို အမှတ် (၄) ရပ်ကွက် မြင်းခြံ-မန္တလေးလမ်းတွင် ယခင်က ပုဂ္ဂလိက ထံမှ ဝယ်ယူထားသော အဆောက်အအုံရှိခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ရုံးသစ်တစ်ရုံး ထပ်မံတိုးချဲ့ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဌေးမြင့်မောင်**

# စိုက်ပျိုးရေးသွင်းအားစုများ အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်ခြင်း (MAIRS) မိတ်ဆက်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၃၁**

စိုက်ပျိုးရေးသွင်းအားစုများ အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်ခြင်း (Myanmar Agricultural Inputs Registration System – MAIRS) မိတ်ဆက်ကြေညာခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းက ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း (IFC) မှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးသွင်းအားစုဆိုင်ရာ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ တောင်သူ ကိုယ်စားလှယ်များက Zoom Application အသုံးပြု၍ အွန်လိုင်းမှ တက်ရောက်ကြသည်။

MAIRS
MYANMAR AGRICULTURAL INPUTS REGISTRATION SYSTEM

### အသုံးပြုပုံအဆင့်ဆင့် ရှင်းလင်း

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အွန်လိုင်းစနစ်ဖြင့် စိုက်ပျိုးရေး သွင်းအားစုများ အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်ခြင်း (Myanmar Agri-cultural Inputs Registration System – MAIRS) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာ ကျွမ်းကျင်သူများက MAIRS စနစ်၏ အားသာချက်များနှင့် အသုံးပြုပုံအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြကြသည်။

စိုက်ပျိုးရေးသွင်းအားစုများ မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး၊ ခေတ်ကာလနှင့် လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆောင်ရွက်သည့် အွန်လိုင်းစနစ်ဖြင့် စိုက်ပျိုးရေးသွင်းအားစုများ မှတ်ပုံတင်ခြင်း (MAIRS) နှင့် တောင်သူပညာပေး လုပ်ငန်းများ၊ အစားအစာဘေးကင်းရေးလုပ်ငန်းများတွင် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားသည့် GAP အကြောင်းဆိုင်ရာ နည်းပညာပေး ဆောင်ရွက်နိုင်မည့် Myanmar Chatbox System ကို ယနေ့မိတ်ဆက်ခြင်းဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း ယခင်မူလ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနခွဲ၊ ရုံးများနှင့် ချိတ်ဆက်ဆောင်ရွက်ရာ၌ တွေ့ကြုံရသည့် အခက်အခဲများ လျော့ပါးသက်သာစေရေးအတွက် လိုက်နာဆောင်ရွက်နိုင်မှု လိုအပ်ချက် မြင့်မားမှုအပေါ် ဖြေရှင်းနိုင်ရေး ယနေ့မိတ်ဆက်သည့် Online Registration System က အချိန်နှင့်အမီ ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ သွင်းအားစုအရည်အသွေး ပြည့်မီရေး၊ စနစ်တကျသုံးစွဲရေး၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေနှင့် သွင်းအားစုကောင်းများ သုံးစွဲနိုင်ရေး၊ ဈေးနှုန်းတည်ငြိမ်သက်သာပြီး အကျိုးအမြတ်ရှိစွာ သုံးစွဲနိုင်ရေး အထူးအရေးကြီးကြောင်း၊ အရည်အသွေးပြည့်ဝမှန်ကန်ရေးကို ထိန်းကျောင်းပေးမည့် မြေဩဇာဥပဒေ၊ မျိုးစေ့ဥပဒေ၊ ပိုးသတ်ဆေးဥပဒေ စသည်တို့ကို ပြဋ္ဌာန်းထားရှိပြီး ဖြစ်ကြောင်း၊ ရေ၊ မြေနှင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများတွင် ထိခိုက်မှုမရှိဘဲ အကျိုးအမြတ်ရရှိအောင် စိုက်ပျိုးရေးဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောကြားသည်။

### အွန်လိုင်းစနစ်ဖြင့် လျှောက်ထားနိုင်

မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးစသည့် စိုက်ပျိုးရေး သွင်းအားစုများကို မှတ်ပုံတင်ခြင်း၊ လိုင်စင်ထုတ်ပေးခြင်းနှင့် တင်သွင်းခွင့်ထောက်ခံချက် ထုတ်ပေးခြင်းစသည့် လုပ်ငန်းများကို စိစစ်ဆောင်ရွက်လျက် ရှိကြောင်း၊ ယခင်ကစာရွက်စာတမ်းများဖြင့် လူကိုယ်တိုင် လာရောက်လျှောက်ထားစဉ် ကြုံတွေ့ရသည့် အခက်အခဲများ လျော့ပါးသက်သာစေရေးအတွက် ICT နည်းပညာစနစ်၊ အွန်လိုင်းစနစ်အသုံးပြုပြီး မှတ်ပုံတင်ခြင်းလုပ်ငန်းကို ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုနှင့်အတူ စီမံဆောင်ရွက်ထားခြင်း ဖြစ်ကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း (IFC) နှင့် ပူးပေါင်း၍ အသေးစိတ်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးသွင်းအားစုများ အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်ခြင်း (MAIRS) ကို မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးသွင်းအားစုလုပ်ငန်း ဆောင်ရွက်ကြမည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်က ပြောကြားသည်။

မိတ်ဆက်ကြေညာခဲ့သော အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်ခြင်း (Myanmar Agricultural Inputs Registration System – MAIRS) စနစ်အရ လုပ်ငန်းရှင်များအနေဖြင့် https://mairs.doa.gov.mm/ တွင် ဝင်ရောက်၍ သက်ဆိုင်ရာ ကုမ္ပဏီအကောင့်များ ဖွင့်လှစ်ဆောင်ရွက်နိုင်ကြမည် ဖြစ်သည်။

### အကောင့်များ မှန်ကန်မှုရှိရေး ဆောင်ရွက်ရန်လို

မိမိတို့ဖွင့်လှစ် အသုံးပြုမည့် အကောင့်များကို လုံခြုံသေချာစွာ ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး မိမိတို့တောင်းခံမည့် မှတ်ပုံတင်များ၊ လိုင်စင်များကို တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အွန်လိုင်းမှတ်ပုံတင်အဖွဲ့နှင့် တိုက်ဆိုင်စစ်ဆေး၍ မှန်ကန်မှုရှိရေး ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ မိတ်ဆက်ပွဲအခမ်းအနားတွင် မြန်မာဂျီအေပီ ကျင့်စဉ်များကို စိတ်ဝင်စားကြသည့် တောင်သူများ၊ စိုက်ပျိုးထုတ်လုပ်သူများအတွက် စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများကို စနစ်တကျ လေ့လာနိုင်ပြီး ဂျီအေပီ အသိအမှတ်ပြု လက်မှတ်ရယူနိုင်ရန်ရည်ရွယ်၍ ဖေ့ဘုတ်၊ မက်ဆင်ဂျာချက်ဘော့တ် (အလိုအလျောက် တုံ့ပြန်သော ပရိုဂရမ်) တစ်ခုကိုလည်း မိတ်ဆက်ခဲ့သည်။

စားသုံးသူများအတွက် အရည်အသွေးပြည့်မီသော သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးအသိုင်းအဝိုင်းကြီးတစ်ခု ဖြစ်ပေါ်လာရန်တို့ကို ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ကာ International Finance Coporation – IFC ၏ ပံ့ပိုးကူညီမှုဖြင့် ဖေ့ဘုတ်၊ မက်ဆင်ဂျာချက်ဘော့တ် https://www.facebook.com/MyanmarGapChatbot ကို ပြုလုပ်ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ဘဝ သာယာရေး၊ အနာဂတ်အတွက် ရည်မျှော်တွေး၊ သမဝါယမက ဝန်ဆောင်မှုပေး

စစ်လွမ်းနောင်(မန်းမြေသား)

ယခုအချိန်ကာလသည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲ အရှေ့ အာရှ-ပစိဖိတ် ဒေသတွင်း နိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါ သက်ရောက်မှု၊ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကန့်သတ်တားဆီးမှုများကြောင့် နိုင်ငံ့စီးပွားရေးအပေါ် သက်ရောက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများ ဆိုးရွားစွာ ကျရောက်လျက်ရှိပေသည်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့က ထုတ်ပြန်သည့် ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေးစောင့်ကြည့် လေ့လာခြင်းအစီရင်ခံစာအရ မြန်မာ့စီးပွားရေးသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုကို ဆက်လက်ရင်ဆိုင်နေရပြီး ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၂၂ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၂၇ ရာခိုင်နှုန်းအထိ တိုးမြင့်လာနိုင်ပြီး မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မည့် အစောဆုံးကာလကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ဟု ခန့်မှန်းကြောင်း၊ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၇ ရာခိုင်နှုန်းသို့ ကျဆင်းမည်ဟု ခန့်မှန်းခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ၂ ရာခိုင်နှုန်းတွင် ဆက်လက်၍ ထိန်းထားနိုင်မည်ဟု ခန့်မှန်းကြောင်း လေ့လာတွေ့ရှိရပေသည်။

## ကမ္ဘာ့ဘဏ်ကလည်း အဖွဲ့ဝင်နိုင်ငံများအား ပံ့ပိုးကူညီ အထောက်အကူပြုလျက်ရှိ

ကမ္ဘာ့ဘဏ်၏ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတော်ဆိုင်ရာ ဌာနေကိုယ်စားလှယ် မာရီယမ်ရှာမန်က "မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးကို အထောက်အကူပြုဖို့နဲ့ ဆင်းရဲမွဲတေမှုနှုန်းမြင့်တက်လာခြင်းကို လျှော့ချဖို့ဆိုရင် ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်မှုဆိုင်ရာ စီမံချက်တွေကို မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်သင့်တယ်။ ကာလတိုမှာ အစိုးရက ဗိုင်းရပ်စ်ပိုးကူးစက်ပြန့်ပွားမှုကိုလျှော့ချရေး၊ လက်လုပ်လက်စားပြည်သူများ သက်သာချောင်ချိစေရေးနှင့် အစားအစာများ လုံလောက်စွာ ရရှိစေရေး၊ စီးပွားရေးလုပ်ငန်းဆောင်တာများအတွက် ပံ့ပိုးကူညီမှုပေးနိုင်ရေးတို့ကို အလေးထား လုပ်ဆောင်သင့်ပါတယ်။ ရေရှည်မှာ ပြည်သူ့အခြေခံ အဆောက်အအုံများနှင့် ဒစ်ဂျစ်တယ်နည်းပညာများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ပြည်တွင်း ဝယ်လိုအား၊ အလုပ်အကိုင်များကို တိုးပွားလာစေနိုင်သလို စီးပွားရေးကုန်ထုတ်လုပ်အားကိုလည်း တိုးမြင့်စေနိုင်ပါတယ်"ဟု အဆိုပါ အစီရင်ခံစာတွင် ပြောကြားထားကြောင်း တွေ့ရှိရပါသည်။

ကမ္ဘာ့ဘဏ်သည် နိုင်ငံပေါင်း ၁၈၇ နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုအဖွဲ့အစည်းတစ်ခုဖြစ်ရာ အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် ငွေထုတ်ချေးခြင်းဖြင့် အထောက်အကူပြုလျက်ရှိပါသည်။ ကမ္ဘာ့ဘဏ်အနေဖြင့် နိုင်ငံသားတိုင်း ပညာတတ်မြောက်စေရေး၊ ကျန်းမာကြံ့ခိုင်စွာ အသက်ရှင်နေထိုင်နိုင်ရေး၊ အလုပ်အကိုင်များရရှိစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ဖွံ့ဖြိုးဆဲအဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများဖြစ်သည့် ဘေးကင်းသောသောက်သုံးရေရရှိရေး၊ စာသင်ကျောင်းများ ဆောက်လုပ်ရေးနှင့် ဆရာ၊ ဆရာမများအား လေ့ကျင့်သင်ကြားပေးရေး၊ လယ်ယာထွက်ကုန်သီးနှံများ အထွက်တိုးရေး၊ သစ်တောနှင့် အခြားသဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲရေး၊ ကားလမ်းများ၊ ရထားလမ်းများ ဖောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး၊ ဆိပ်ကမ်းများဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး၊ ဆက်သွယ်ရေးလုပ်ငန်းကွန်ရက်များ တိုးချဲ့ရေး၊ စွမ်းအင်များ တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ တိုးချဲ့ရေး၊ ခေတ်မီတိုးတက်သော နိုင်ငံဖြစ်အောင် ဆောင်ရွက်ရေး အစရှိသည့် စီမံကိန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ချေးငွေများ ထုတ်ချေးပေးခြင်းနှင့် ပံ့ပိုးကူညီပေးခြင်းများဖြင့် အထောက်အကူပြုလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## နိုင်ငံတော်အစိုးရကလည်း စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အခွန်သက်သာခွင့်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများကို ချေးငွေထုတ်ပေးခြင်း၊ အိမ်ထောင်စုများအတွက် အစားအစာနှင့် ငွေသားများ ပံ့ပိုးပေးခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေမည့် မူဝါဒများအပါအဝင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်နစ်နာခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို ကုစားပေးနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့တွင် အထောက်အကူပေးခြင်း အစရှိသည့် လုပ်ဆောင်ရမည့်နည်းလမ်းများပါဝင်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရေး စီမံချက် (COVID-19 Economic Relief Plan – CERP) ကို ချမှတ်ပြီး တုံ့ပြန်ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်နေသော နိုင်ငံတော်အစိုးရအား ပံ့ပိုးကူညီနိုင်ရန် ကမ္ဘာ့ဘဏ်သည် အမေရိကန်ဒေါ်လာသန်းပေါင်း ၄၈၀ ဖြင့် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားအဆင့် လူထုဗဟိုပြု ဖွံ့ဖြိုးရေးစီမံကိန်း (National Community Driven Development Project – NCDDP) ၏ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး

ဝင်ငွေနည်းအိမ်ထောင်စုများကို အထူးအလေးထား ဆောင်ရွက်ပေးသွားရန် ရည်ရွယ်ထားကြောင်း ကမ္ဘာ့ဘဏ်က စီးပွားရေးလုပ်ငန်းများ၊ အိမ်ထောင်စုများထံ ဆက်သွယ်ကောက်ယူထားသည့် အချက်အလက်များနှင့် စစ်တမ်းများအပေါ် အခြေခံ၍ ထုတ်ပြန်ထားပါသည်။

> **"မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း(NFASP)ကာလကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ ငါးနှစ်သတ်မှတ်ထားကြောင်း၊ စီမံကိန်းမှာ ပါဝင်သော တောင်သူလယ်သမားများအား စိုက်ပျိုးရေးသွင်းအားစုများ ပံ့ပိုးကူညီရာ၌ စီမံကိန်းကာလ၏ အစပိုင်းတွင် ဘောက်ချာစာရွက်(Paper Voucher)စနစ်ကို အသုံးပြုမည်ဖြစ်ပြီး စီမံကိန်း နောက်ပိုင်းကာလများတွင် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ E–Voucher စနစ်ကို အသုံးပြုနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း"**

အစီအစဉ်( Contingent Emergency Response Com–ponent– CERC) ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် စတင်ခဲ့ကြောင်း၊ အမျိုးသားအဆင့် လူထုဗဟိုပြုဖွံ့ဖြိုးရေးစီမံကိန်း (NCDDP)မှ အမေရိကန်ဒေါ်လာသန်း ၁၁၀ ကို အသုံးပြု၍ လက်လုပ်လက်စား ဝင်ငွေနည်းအိမ်ထောင်စုများအတွက် အရေးပေါ်ဝင်ငွေရရှိနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းကို ကိုယ်တိုင်ဆောင်ရွက်ခြင်းဖြင့် လုပ်အားခရရှိနိုင်သည့် Cash for Work အစီအစဉ်အရ အိမ်ထောင်စုပေါင်း ၃၉၀၀၀၀ (အမျိုးသမီး ၄၂ ရာခိုင်နှုန်းပါဝင်) ကို ဝင်ငွေရရှိစေခဲ့ကြောင်း၊ Cash for Work အစီအစဉ်အရ လက်လုပ်လက်စား ဝင်ငွေနည်းအိမ်ထောင်စုများအတွက် လုပ်အားခအဖြစ် မြန်မာကျပ်ငွေ ၁၅ ဘီလီယံခန့်ကို ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဒုတိယအကြိမ် ထောက်ပံ့ကူညီသွားရန် ရည်ရွယ်ထားကြောင်း ကမ္ဘာ့ဘဏ်၏ လေ့လာဆန်းစစ်ချက် အစီရင်ခံစာအရ လေ့လာတွေ့ရှိရပါသည်။

## ပြည်သူ့အကျိုး အလေးထားဆောင်ရွက်မည့် NFASP စီမံကိန်း

ထို့ပြင် ကမ္ဘာ့ဘဏ်က ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် အတည်ပြုခဲ့သော မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးစနစ်ဖွံ့ဖြိုးရေးစီမံကိန်း(National Food and Agriculture System Project– NFASP) သည် မြန်မာနိုင်ငံရှိ တောင်သူများ ဝင်ငွေလျော့ကျမသွားအောင် ထိန်းထားရေးအတွက် စိုက်ပျိုးရေးသွင်းအားစုများ၏ အရည်အသွေးနှင့် အသုံးပြုမှုကို တိုးတက်ကောင်းမွန်လာစေရေး၊ ဆင်းရဲနွမ်းပါးသော မိသားစုများအတွက် လုပ်သားအင်အား အသုံးများသည့် Cash for Work အစီအစဉ်ကို တိုးမြှင့်ဆောင်ရွက်ပေးရေး၊ အထူးသဖြင့် ပြည်ပတွင်အလုပ်လုပ်နေရာမှ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် အလုပ်အကိုင်များ ဆုံးရှုံးကာ အမိမြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် ရွှေ့ပြောင်းလုပ်သားများအတွက် အလုပ်အကိုင်များ ဖန်တီးပေးရေးတို့အတွက် ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း၊ အများပြည်သူတို့အား လူမှုကွန်ရက်အပါအဝင် အခြားဆက်သွယ်ရေး နည်းလမ်းများမှတစ်ဆင့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေပြီး အသိပညာမြှင့်တင်ရေးကိုလည်း ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းတွင် အမေရိကန်ဒေါ်လာသန်း ၂၀၀ သုံးစွဲဆောင်ရွက်မည်ဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကာလအလွန်တွင် မြန်မာ့တောင်သူများအတွက် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်စွမ်းနှင့် သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်နိုင်မှု တိုးတက်မြင့်မားလာရေး၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိမှု ပိုမိုကောင်းမွန်လာရေးတို့ကို ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ကူညီပံ့ပိုးပေးရာတွင် လုပ်ကွက်ငယ်(တစ်ပိုင် တစ်နိုင်) တောင်သူများ၊ အမျိုးသမီးများနှင့် အခြားလက်လုပ်လက်စား

## ကမ္ဘာ့ဘဏ်ချေးငွေကို သမဝါယမ၏ ဝန်ဆောင်မှုဖြင့် ပြည်သူအကျိုး ရွက်သယ်ပိုးရန် စီစဉ်လျက်ရှိ

မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း (NFASP) ကို ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၂၀၀ ချေးငွေရယူ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဦးစီးဌာနခြောက်ခုက အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါ ချေးငွေ အမေရိကန် ဒေါ်လာ သန်း ၂၀၀ အနက်မှ သမဝါယမဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သမဝါယမအသင်းများက အသင်းသားတောင်သူများအပါအဝင် အသင်းသားမဟုတ်သူ ပြည်သူလူထုတောင်သူလယ်သမားများသို့ စိုက်ပျိုးရေးသွင်းအားစုများ ကူညီပံ့ပိုးပေးနိုင်ရန်၊ မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်နိုင်ရန်တို့အတွက် အမေရိကန်ဒေါ်လာ ၃၅ သန်းကို ခွဲဝေအသုံးပြုခွင့်ရရှိခဲ့ပြီး မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း(NFASP)ကို အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။ သမဝါယမဦးစီးဌာနမှ ဆောင်ရွက်မည့် အဆိုပါ စီမံကိန်းလုပ်ငန်းသုံးခုကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် မြို့နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး စိုက်ပျိုးရေးသွင်းအားစုလုပ်ငန်းအတွက်အမေရိကန်ဒေါ်လာ ၂၅ သန်း၊ မျိုးစေ့ထုတ်လုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၃ သန်း၊ ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာ ၇ သန်း အသီးသီးပံ့ပိုးကူညီပေးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

## စိုက်ပျိုးရေးသွင်းအားစုများ ပံ့ပိုးကူညီရာတွင် Paper Voucher စနစ်ကို အသုံးပြုမည်ဖြစ်

စိုက်ပျိုးရေးသွင်းအားစုများ ပံ့ပိုးကူညီရာတွင် Paper Voucher စနစ် အသုံးပြုမှုနှင့် ပတ်သက်၍ တင်ပြရလျှင် ကမ္ဘာ့ဘဏ်၏ စံသတ်မှတ်ချက်များနှင့်အညီ အတုပြုလုပ်၍မရနိုင်သော ငွေကြေးတန်ဖိုးတစ်စုံတစ်ရာ သတ်မှတ်ကန့်သတ်ထားသည့် ဘောက်ချာစာရွက် (Paper Voucher) ကို တိုင်းဒေသကြီး/ ပြည်နယ်များမှ စီမံကိန်းအကောင်အထည်ဖော်မှု ကြီးကြပ်ရေးအဖွဲ့များက အဆိုပြုတင်ပြသည့် အရေအတွက်အတိုင်း သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံးမှ ထုတ်လုပ်ဖြန့်ဝေပြီး တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမဦးစီးဌာနများမှတစ်ဆင့် မြို့နယ်များသို့ ဖြန့်ဝေမည်ဖြစ်ကြောင်း၊ မြို့နယ်အဆင့် စီမံကိန်းအကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် စီမံကိန်းတွင်အကျုံးဝင်ပြီး စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သည့် တောင်သူလယ်သမားများ လက်ဝယ်သို့ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများက အဆိုပါ ဘောက်ချာစာရွက်ဖြင့် ပုဂ္ဂလိက စိုက်ပျိုးရေးသွင်းအားစု အရောင်းဆိုင်များမှဖြစ်စေ၊ သမဝါယမအသင်းများက ဖွင့်လှစ်ရောင်းချသည့် စိုက်ပျိုးရေးသွင်းအားစု အရောင်းဆိုင်များမှဖြစ်စေ ဘောက်ချာစာရွက်ရရှိသည့် နေ့မှစ၍ သုံးလအတွင်း မိမိတို့လိုအပ်သည့် စိုက်ပျိုးရေး သွင်းအားစု ပစ္စည်းများကို ထုတ်ယူရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးသွင်းအားစု အရောင်းဆိုင်များအနေဖြင့် စီမံကိန်းဝင် တောင်သူလယ်သမားများထံမှ ရရှိထားသည့် Paper Voucher များကို စုစည်းပြီး ဘောက်ချာစောင်ရေ အနည်းဆုံး(၁၀၀)ပြည့်သည့် အချိန် သို့မဟုတ် တစ်လပြည့်သည့် အချိန် မြို့နယ်စီမံကိန်းအကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီမှတစ်ဆင့် သမဝါယမဦးစီးဌာန အဆင့်ဆင့်သို့ တင်ပြ၍ Paper Voucher တန်ဖိုးနှင့်ညီမျှသော ငွေကို ထုတ်ယူရသည့်စနစ်ကို အသုံးပြုဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

## တောင်သူလယ်သမားများအတွက် နည်းလမ်းကောင်းများကို ရှေးရှုဆောင်ရွက်လျက်ရှိ

မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း(NFASP) ကာလကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ ငါးနှစ် သတ်မှတ်ထားကြောင်း၊ စီမံကိန်းတွင် ပါဝင်သော တောင်သူလယ်သမားများအား စိုက်ပျိုးရေးသွင်းအားစုများ ပံ့ပိုးကူညီရာ၌ စီမံကိန်းကာလ၏ အစပိုင်းတွင် ဘောက်ချာစာရွက်(Paper Voucher)စနစ်ကို အသုံးပြုမည်ဖြစ်ပြီး စီမံကိန်းနောက်ပိုင်းကာလများတွင် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ E–Voucher စနစ်ကို အသုံးပြုနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးသွင်းအားစုများ ပံ့ပိုးကူညီရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလက ထုတ်ပြန်သည့် ရှုထောင့်နယ်ပယ်စုံ ချို့တဲ့မှု ညွှန်းကိန်းအရ ရှုထောင့်နယ်ပယ်စုံ ချို့တဲ့မှု ညွှန်းကိန်း-၁၀ (Multidimensional Disadvantage Index 10 – MDI 10) အထက်ရှိ မြို့နယ်များမှ လယ်ယာမြေ ငါးဧကနှင့်အောက်ပိုင်ဆိုင်သူ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေသည့် တောင်သူလယ်သမားများကို ကူညီပံ့ပိုးပေးရန် လျာထားစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်မျိုးစေ့ထုတ်လုပ်ငန်းနှင့် ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် မြန်မာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးစနစ်ဖွံ့ဖြိုးရေး စီမံကိန်း(NFASP)၏ စံချိန်စံညွှန်းအပေါ် အခြေခံ၍ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသေးစိတ် လုပ်ငန်းအစီအမံများ ချမှတ်ပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူလယ်သမားများ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည့် နည်းလမ်းကောင်းများကိုရှေးရှု၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း (NFASP) ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည့် တောင်သူလယ်သမားများ ရင်ဆိုင်ကြုံတွေ့နေရသည့် စိုက်ပျိုးစရိတ်မလုံလောက်မှု၊ စိုက်ပျိုးရေး သွင်းအားစုများ လုံလောက်စွာ အသုံးမပြုနိုင်မှု၊ အရည်အသွေးပြည့်ဝကောင်းမွန်သည့် စိုက်ပျိုးရေး သွင်းအားစုများရရှိရန် ခက်ခဲမှု၊ စနစ်ကျသည့် စိုက်ပျိုးရေးနည်းပညာများ လက်လှမ်းမမီမှု၊ သီးနှံ မျိုးစေ့များ အလွယ်တကူ မရရှိမှု၊ အချိန်မီ မစိုက်ပျိုးနိုင်မှု၊ အချိန်မီ မရိတ်သိမ်း/မခြွေလှေ့နိုင်မှု၊ သီးနှံဈေးကွက်ကို မထိန်းချုပ်နိုင်မှု အစရှိသည့် စိုက်ပျိုးရေးကဏ္ဍ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ Digital Financing နှင့် E – Voucher စနစ်ကို ထူထောင်မည့် အခွင့်အလမ်းများရရှိခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများကို သမဝါယမအသင်းများက စုစည်းဖြန့်ဖြူးပေးခြင်းဖြစ်သည့်အတွက် ဈေးနှုန်းတည်ငြိမ်မှုရှိပြီး ပစ္စည်းအပေါ် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ခြင်း၊ စိုက်ပျိုးရေးကဏ္ဍမှ ကုန်ထုတ်စွမ်းအားတိုးတက်စေခြင်းနှင့် အထွက်နှုန်းကောင်းမွန်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိခံစားကြရပြီး အနာဂတ်မှာ ပြည်သူများ၏ ဘဝ သာယာလှပစေရေးအတွက် ရည်မျှော်မှန်းလျက် သမဝါယမက အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ပြည်သူ့အကျိုး သယ်ပိုးထမ်းရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ


သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများအား တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃၀ ရက် ညနေ ၅ နာရီခွဲက တာချီလိတ်မြို့နယ် တာလေမြို့ နားယောင်းကျေးရွာအုပ်စု ဗေသလ(ဟောင်း)ကျေးရွာ ဘုရင့်နောင်လမ်းနေ စိုင်းမျိုးထွန်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဟိုပုံးမြို့နယ် လဲသက်ကျေးရွာအုပ်စု ညောင်လေးငွ ကျေးရွာနေ မောင်လှ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၅ ကို လည်းကောင်း။

ထို့နောက် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် နန်းပန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် တုံဟုံး-အင်းတိန်သွားလမ်း တောင်တိုကျေးရွာအနီးတွင် မသင်္ကာဖွယ် ရပ်တန့်ထားသည့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၃၄ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# အုတ်ဖိုမြို့နယ်အတွင်း အချိန်အခါမဟုတ် လေပြင်းတိုက်၍ အိမ်ခြေ ၁၀၀ ကျော် ပျက်စီး

**အုတ်ဖို ဇန်နဝါရီ ၃၁**

အုတ်ဖိုမြို့နယ်အတွင်း ယမန်နေ့ ညနေ ၃ နာရီခွဲက ရပ်ကွက်နှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၃ အုပ်စုတို့တွင် အချိန်အခါမဟုတ် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုဖြစ်ပွားကာ အမိုးလန်ပျက်စီးမှုများရှိခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ကျောင်းကြီးတန်းရပ်ကွက်တွင် အမိုးလန်နေအိမ်သုံးလုံး၊ ကွေ့ချောင်းရပ်ကွက်တွင် အမိုးလန်နေအိမ် ၃၃ လုံး၊ အုတ်တွင်းကုန်းကျေးရွာအုပ်စုတွင် အမိုးလန်နေအိမ်ငါးလုံး၊ ပြိုလဲနေအိမ်တစ်လုံး၊ သရက်ကုန်းအုပ်စုတွင် အမိုးလန်နေအိမ် ၁၂ လုံး၊ ပြိုလဲနေအိမ်နှစ်လုံး၊ ငါးရှည့်ရိုးအုပ်စုတွင် အမိုးလန်နေအိမ်တစ်လုံး၊ မတောင့်တအုပ်စုတွင် အမိုးလန်နေအိမ် ၁၈ လုံး၊ ပြိုလဲနေအိမ်တစ်လုံး၊ အုတ်သျှစ်ကုန်းအုပ်စုတွင် အမိုးလန်နေအိမ်တစ်လုံး၊ မကျီးပင်အုပ်စုတွင် အမိုးလန်နေအိမ်ငါးလုံး၊ အ.ထ.က(ခွဲ)ကျောင်း တစ်ကျောင်း၊ ကျပ်ချောင်းအုပ်စုတွင် အမိုးလန်နေအိမ်နှစ်လုံး၊ ထူးကုန်းအုပ်စုတွင် အမိုးလန်နေအိမ်သုံးလုံး၊ ပြိုလဲနေအိမ်နှစ်လုံး၊ ဂုံညင်းတန်းအုပ်စုတွင် အမိုးလန်နေအိမ်ရှစ်လုံး၊ ကံသာယာအုပ်စုတွင် အမိုးလန်နေအိမ်အလုံး ၃၀၊ ရှမ်းကုန်းအုပ်စုတွင် အမိုးလန်နေအိမ်တစ်လုံး၊ တောင်ကုန်းအုပ်စုတွင် အ.မ.က ကျောင်းတစ်ကျောင်းပြိုလဲ၍ အေးမြသာယာအုပ်စုတွင် မိခင်နှင့်ကလေးမူကြိုကျောင်း တစ်ကျောင်းသစ်ပင်ပိခဲ့ပြီး စုစုပေါင်း အမိုးလန်နေအိမ် ၁၂၂ လုံး၊ အမိုးလန်စာသင်ကျောင်း တစ်ကျောင်း၊ ပြိုလဲနေအိမ်ခြောက်လုံး၊ စာသင်ကျောင်းတစ်ကျောင်းပြိုလဲခဲ့ကြောင်းနှင့် လေပြင်းတိုက်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**

# ငဖဲမြို့နယ် လေးအိမ်စုကျေးရွာ၌ နေအိမ် ၃၉ လုံး မီးလောင်မှုဖြစ်

**ငဖဲ ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပင်ဦးကျေးရွာအုပ်စု လေးအိမ်စုကျေးရွာတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆန်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး(ယာယီ) ရဲမှူးစိန်သောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ငဖဲမြို့နယ်၊ စေတုတ္တရာ မြို့နယ်၊ မင်းဘူးမြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ဝိုင်းဝန်းမီးငြှိမ်းသတ်ရာ ညနေ ၄ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုဖြစ်ရခြင်းမှာ လေးအိမ်စုကျေးရွာနေ ဒေါ်ချို (၄၈နှစ်) နေအိမ် မီးဖိုခန်းရှိ မီးသွေးမီးဖိုမှတစ်ဆင့် မီးကူးစက်လောင်မှုဖြစ်ပွားခဲ့ပြီး စုစုပေါင်း နေအိမ် ၃၈ အိမ်နှင့် ဓမ္မာရုံတစ်လုံး၊ မီးစက်လေးလုံးနှင့် ထွန်စက်တစ်စီးတို့ မီးလောင်ပျက်စီးခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် အိမ်ထောင်စု ၃၈ စုမှ လူဦးရေ ၁၄၂ ဦး မီးဘေးသင့်ခဲ့ပြီး ၎င်းတို့ကို နီးစပ်ရာဆွေမျိုးသားချင်းနေအိမ်များနှင့် လေးအိမ်စုကျေးရွာ ဘုန်းကြီးကျောင်းတွင် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပေးထားကာ မြို့နယ်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များမှ ကျန်းမာရေးနှင့် အစားအသောက်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ငဖဲမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မယု(ငဖဲ)**

# ဖြူးမြို့၌ ရွှေထည်ပစ္စည်း ၂၂ မျိုး ပျောက်ဆုံးမှု ဖော်ထုတ်ဖမ်းဆီးနိုင်

**ဖြူး ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့မရဲစခန်းတွင် ခိုးမှုမသင်္ကာသဖြင့် ဖမ်းဆီးထားသူအား စခန်းမှူး ဒုရဲမှူး အောင်လင်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကျော်ဟိန်းဦးစီးအဖွဲ့က အမှုဖြင့်စစ်ဆေးခဲ့ရာ ရွှေထည်ပစ္စည်းမျိုးစုံ ၂၂ မျိုး ကာလတန်ဖိုး ငွေကျပ်သိန်း ၁၅၀ ဖိုး ပျောက်ဆုံးမှုကို ဇန်နဝါရီ ၃၀ ရက်က ဖော်ထုတ်နိုင်ခဲ့သည်။

ဖြူးမြို့မရဲစခန်းမှ ခိုးမှုမသင်္ကာသဖြင့် ဖမ်းဆီးရမိသူ မျိုးဇော်ဦး (၂၂ နှစ်) ဇီးခုံမြောက်ကမ်း ဦးရုံးစုကျေးရွာ တံခွန်တိုင်အုပ်စုနေသူအား အမှုဖြင့်စစ်ဆေးစဉ် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက် ည ၁၂ နာရီခန့်က ဖြူးမြို့ အရှေ့ဘက်ကျေးရွာတစ်ရွာရှိ နေအိမ်အပေါ်ထပ်မှ ရွှေလက်ကောက် ၁၄ ကွင်း၊ လက်စွပ်လေးကွင်း၊ ဆွဲကြိုးလေးကုံးကို ခိုးယူခဲ့ပြီး ဖြူးမြို့နယ် ဇေယျဝတီမြို့ ဈေးမြောက်ဘက် ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ သမာဓိရွှေဆိုင်၌ ရောင်းချခဲ့ကြောင်း ထွက်ဆိုချက်အရ ရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူ မျိုးဇော်ဦးအား လိုက်လံပြသစေပြီး ရွှေဆိုင်ပိုင်ရှင် ကိုစန်းလွင် (ခ)ဘိုကီး မြို့မ (၂)ရပ်ကွက်ဇေယျဝတီမြို့နေသူမှ ရွှေထည်ပစ္စည်း ၂၂ မျိုး၊ အလေးချိန် ၁၃ ကျပ်သား လေးပဲကို ရွှေကြိုခဲအဖြစ် ပြုလုပ်ခဲ့သဖြင့် ရွှေကြိုခဲနှစ်ချောင်း တန်ဖိုးငွေကျပ်သိန်း ၁၅၀ ကို ပြန်လည်သိမ်းဆည်းရမိခဲ့၍ မျိုးဇော်ဦးအား ဖြူးမြို့မရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းလွင်(ဆွာ)**

# နည်းပြသစ် တူချယ်၏ ပထမဆုံးနိုင်ပွဲအဖြစ် ချယ်ဆီးတို့ ဘန်လေကိုအနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၂၁)မှ ဇန်နဝါရီ ၃၁ ရက် တနင်္ဂနွေနေ့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ချယ်ဆီးနှင့် ဘန်လေပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ချယ်ဆီးအသင်း အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ပထမပိုင်း ပွဲချိန်မိနစ် ၄၀ ၌ နောက်တန်းကစားသမား အက်ဇ်ပလီကျူတာက ချယ်ဆီးအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်း ၈၄ မိနစ်တွင် ချယ်ဆီးအတွက် အနိုင်သေချာမည့်ဂိုးကို မားကို့စ် အလွန်ဆိုက သွင်းယူပေးခဲ့သည်။



ယနေ့ပွဲတွင် အိမ်ရှင်ချယ်ဆီးအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၉ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ပြီး ရှစ်ကြိမ်ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ ဧည့်သည်ဘန်လေအသင်းသည် တစ်ကြိမ်သာ ဂိုးကန်သွင်းခွင့်ရခဲ့ပြီး ဂိုးပေါက် မခြိမ်းခြောက်နိုင်ခဲ့ပေ။ ပွဲစဉ်(၂၁)ယှဉ်ပြိုင်အပြီးတွင် ချယ်ဆီးသည် ရမှတ် ၃၃မှတ်ရရှိထားကာ ဘန်လေက ရမှတ် ၂၂ မှတ်သာ ရရှိထားသည်။

လက်စတာအသင်းနှင့် လိဒ်ယူနိုက်တက်တို့ပွဲတွင် အိမ်ရှင်လက်စတာတို့ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ်(၂၁)မှ ဇန်နဝါရီ ၃၁ ရက် တနင်္ဂနွေနေ့နံနက်တွင် ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်ရလဒ်များမှာ အာဆင်နယ်နှင့် မန်ယူမှာ ဂိုးမရှိသရေကျခဲ့ပြီး အက်စ်တွန်ဗီလာက ဆောက်သမ်တန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အဝေးကွင်းတွင် အနိုင်ရရှိခဲ့သည်။

**သီဟ**

❊ *ကျောဖုံးမှ*

ဒီပြိုင်ပွဲဝင်ပြိုင်ရတာ ကစားသမားတစ်ယောက်ကို ဒေါ်လာ ၃၀ ပေးရပါတယ်။ ကိုဗစ်ကာလဆိုတော့ လေယာဉ်ခ၊ စားစရိတ် ကုန်ကျစရိတ် မရှိဘူး။ သွားပြိုင်ရင် ၁၀ ယောက်ခန့်လောက်ပဲ ဝင်ပြိုင်နိုင်တယ်။ ဒါကြောင့် စုပေါင်းလေ့ကျင့်ထားတဲ့ ကလပ်တွေ လှုပ်ရှားမှုတစ်ခုအနေနဲ့ ဒီပြိုင်ပွဲကိုပေါ်စေချင်လို့ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်”ဟုမြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်နည်းစနစ် ကော်မတီမှ နည်းပြချုပ် ဦးကျော်သန်းဦးက ပြောသည်။

ဟီးရိုးတိုက်ကွမ်ဒို အင်တာနေရှင်နယ်လိဂ် ၂၀၂၁ ပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက်မှ ၃၁ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့ရာ မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံပေါင်း ၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါ နိုင်ငံတကာတိုက်ကွမ်ဒိုပြိုင်ပွဲတွင် Video upload ဖြင့် ရိုက်ကူး၍ ယှဉ်ပြိုင်ရမည့်ပြိုင်ပွဲ၊ ရုပ်သံမှ တိုက်ရိုက်(Live)ဖြင့် ယှဉ်ပြိုင်ရမည့်ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား နှစ်မျိုးဖြစ်ကြောင်း သိရသည်။

“ဒီပြိုင်ပွဲမှာ မြန်မာက ခါးစည်းအနီနဲ့အထက်အသင်းတွေ ဝင်ရောက်ယှဉ်ပြိုင်ကြတယ်။ စီနီယာတန်းအသက် ၅၀ အထက် ဆရာမတွေလည်းပါတယ်။ အသက်အလိုက် ကလေးတွေလည်းပါတယ်”ဟု ဟီးရိုးတိုက်ကွမ်ဒို အင်တာနေရှင်နယ်လိဂ်ဒိုင် အောင်ဆန်းကလပ်မှ နည်းပြကိုဆန်းရှိန်သက်က ပြောသည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အောင်ဆန်းတိုက်ကွမ်ဒိုအသင်း၊ Dragon တိုက်ကွမ်ဒိုအသင်း၊ ရွှေပြည်သာ တိုက်ကွမ်ဒိုအသင်း၊ အေဘီစီတိုက်ကွမ်ဒိုအသင်း၊ ပြည်ထဲရေး တိုက်ကွမ်ဒိုအသင်းများမှ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**အာကာစိုး၊ ဓာတ်ပုံ-တင်စိုး**


အသက်၁၄ နှစ်အောက် ကကွက်ပြိုင်ပွဲတွင် ဘုန်းသစ်ကျော် ယှဉ်ပြိုင်စဉ်။

❍ *ကျောဖုံးမှ*

သွားမည်ဖြစ်သည်။ ဝုဖ်အသင်းသည် နောက်ဆုံးငါးပွဲတွင် တစ်ပွဲနိုင်ပြီး တစ်ပွဲသရေကျကာ သုံးပွဲအထိ ရှုံးနိမ့်ထားသည်ကို တွေ့ရသည်။ ဝုဖ်အသင်းသည် ပရီမီယာလိဂ် ပွဲစဉ် ၂၁ ကစားအပြီးတွင် ရမှတ် ၂၃ မှတ်သာ ရရှိထားသည်။ ဝုဖ်အသင်းသည် ယခုပွဲစဉ်ပြီးလျှင် အသင်းကြီး လက်စတာအသင်းနှင့် ထပ်မံရင်ဆိုင်သွားရမည်ဖြစ်သောကြောင့် ယခုအာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင် အနိုင်ရရှိသွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။ အာဆင်နယ်အသင်းက အသင်းကြီး မန်ယူအသင်းနှင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့ပြီး ဂိုးမရှိ သရေကျထားသည်။ သို့သော်လည်း အာဆင်နယ်အသင်းသည် ဖေဖော်ဝါရီ ၆ ရက်၌ ယခုနှစ်ရာသီတွင် ကစားရခက်ခဲသည့် အက်စ်တွန်ဗီလာအသင်းနှင့် ရင်ဆိုင်ကစားရမည်ဖြစ်သောကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိရန် လိုအပ်နေသည်။

### မန်ယူနှင့်ဆောက်သမ်တန်

မန်ယူအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် မန်ယူအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မန်ယူအသင်းသည် လီဗာပူးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီးနောက် နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေသည့် အသင်းဖြစ်သည်။ ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ယခုပွဲစဉ်ကို အနိုင်ရရှိရန် အသေအချာပြင်ဆင်လာဖွယ်ရှိနေသည်။ ထို့အပြင် အမှတ်ပေးဇယားတွင် ဦးဆောင်နေသည့် မန်စီးတီးအသင်းနှင့် ရမှတ်ကွာဟမှုကို လျှော့ချနိုင်ရန်အတွက်လည်း နည်းပြဆိုးလ်ရှားက အသင်းကို အကောင်းဆုံး ပြင်ဆင်လာဖွယ်ရှိနေသည်။ ဆောက်သမ်တန်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် အက်စ်တွန်ဗီလာအသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

နယူးကာဆယ်နှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ပွဲစဉ်ကိုလည်း ဖေဖော်ဝါရီ ၂ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် နယူးကာဆယ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ နယူးကာဆယ်အသင်းရော ပဲလေ့စ်အသင်းပါ နောက်ဆုံးငါးပွဲတွင် တစ်ပွဲသာ နိုင်ပွဲရရှိထားသည်။ နယူးကာဆယ်အသင်းသည် အဆိုပါငါးပွဲတွင် ရှက်ဖီးလ်၊ အာဆင်နယ်၊ အက်စတွန်ဗီလာ၊ လိဒ်စ်အသင်းတို့ကို ရှုံးနိမ့်ထားပြီး အဲဗာတန်အသင်းကိုသာလျှင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

ထို့ကြောင့် နယူးကာဆယ်အသင်းသည် အမှတ်ပေးဇယား ရပ်တည်မှုအရ တန်းဆင်းဇုန်အထက်နားတွင် ရပ်တည်နေသည့်အတွက် ယခုပွဲစဉ်ကို အနိုင်ရရှိအောင် စွမ်းဆောင်သွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

# ဗြိတိန်နှင့် အီးယူကုန်သွယ်ရေးတွင် အနှောင့်အယှက် အဟန့်အတားများ ဆက်လက်ရှိနေဆဲဖြစ်

**လန်ဒန် ဇန်နဝါရီ ၃၁**

ဗြိတိန်ကုမ္ပဏီများသည် ဘရက်ဆစ်နှောင်းပိုင်းဆက်ဆံရေး ပုံစံအသစ်ဖြင့်စတင်ပြီး တစ်လအကြာ နိုင်ငံအတွင်းနှင့် ဥရောပသမဂ္ဂ(အီးယူ)တို့အကြားတွင် ကုန်သွယ်မှုများ ပြုလုပ်ရာ၌ အနှောင့်အယှက်အဟန့်အတားများနှင့် ရုန်းကန်နေရဆဲဖြစ်သည်။

လွန်ခဲ့သည့်နှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဗြိတိန်သည် ဥရောပသမဂ္ဂမှ နုတ်ထွက်ခဲ့ပြီး ယခုနှစ်အစပိုင်းတွင် လွတ်လပ်စွာကုန်သွယ်ခွင့်နှင့် အခြားသဘောတူညီမှုများ အောက်တွင် ဥရောပသမဂ္ဂနှင့် ဆက်ဆံရေးပုံစံသစ် စတင်ခဲ့သည်။

ဗြိတိန်နှင့် အီးယူတို့၏ ကုန်သွယ်ရေးတွင် အကောက်ခွန် ပေးဆောင်ရန်လိုအပ်ပြီး ကုန်ပစ္စည်းအတွဲများနှင့် ပါဝင် ပစ္စည်းများကိုပါ အသိပေးရမည်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ် များလုပ်ဆောင်သည့်အတွက် လုပ်သားအင်အား ပိုမိုသုံးစွဲ ရသလို ကုန်ကျစရိတ်လည်း များပြားသည်။ အချို့သော ဗြိတိန်ကုမ္ပဏီများသည် အီးယူသို့ပေးပို့မည့် ကုန်ပစ္စည်းများ ကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။


ဗြိတိန်နိုင်ငံတောင်ပိုင်းရှိ ဓာတုပစ္စည်းထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုသည် ရုံးအခြေစိုက်ရာနေရာကို ဗြိတိန်နိုင်ငံ အတွင်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သော ပိုလန်သို့ ရွှေ့ပြောင်းသွားသည်။ ဗြိတိန်နိုင်ငံ၏ ငါးလုပ်ငန်းတွင် လည်း အချို့သောကုမ္ပဏီများသည် လတ်ဆတ်သည့် ငါးနှင့် ပင်လယ်စာများကို ဥရောပသမဂ္ဂသို့ပေးပို့မှု ဆိုင်းငံ့ ထားသည့်အတွက် လတ်ဆတ်သည့် ငါးနှင့် ပင်လယ်စာများ တင်ပို့နိုင်ရန် အခက်အခဲဖြစ်လာသည်။

အစိုးရအနေဖြင့် လက်ရှိအခြေအနေကို ကောင်းမွန် အောင်ပြုလုပ်ပေးရန် ငါးလုပ်ငန်းရှင်များက ဇန်နဝါရီ လလယ်အတွင်း တောင်းဆိုခဲ့သည်။ အချိန်ကြာလာသည်နှင့် အမျှ ရှုပ်ထွေးမှုများကို ဖြေရှင်းပြီးဖြစ်သွားမည်ဟု အစိုးရက အလေးအနက်ထား ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ဥရောပသို့ ဖြတ်သန်းသွားလာမည့်ကုန်တင်ယာဉ်များ အင်္ဂလန်နိုင်ငံရှိ ဒိုဘာမြို့ဆိပ်ကမ်းသို့မဝင်မီ တန်းစီစောင့်ဆိုင်း နေကြသည်ကို တွေ့ရစဉ်။



ရုရှားသမ္မတ ဗလာဒီမာပူတင်

## နာဂေါ်နို- ကရာဘတ်ဒေသ အပစ်အခတ်ရပ်စဲရေးထိန်းချုပ်မှုအတွက် ရုရှားသမ္မတနှင့် အဇာဘိုင်ဂျန်သမ္မတတို့ ဆွေးနွေး

**မော်စကို ဇန်နဝါရီ ၃၁**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အဇာဘိုင်ဂျန်သမ္မတ အီဟင်အယ်လီယက်ဗ်နှင့် ဇန်နဝါရီ ၃၀ ရက်က နာဂေါ်နို- ကရာဘတ်ဒေသ အပစ်အခတ်ရပ်စဲရေး လတ်တလောလုပ်ဆောင်နေသည့်ကြိုးပမ်းအားထုတ်မှုများကို ဖုန်းဖြင့်ဆွေးနွေး ကြကြောင်း ကရင်မလင်နန်းတော်မှ သတင်းထုတ်ပြန်သည်။

ပဋိပက္ခဖြစ်ပွားရာဒေသတွင် စစ်ရေးလှုပ်ရှားမှုများနှင့် အပစ်အခတ်ရပ်စဲရေး အတွက် ရုရှားနှင့်တူရကီတို့ စောင့်ကြည့်မှုများကို နှစ်ဖက်စလုံးမှ ကြိုဆိုကြောင်း ထုတ်ပြန်ကြေညာချက်တွင် ပါဝင်သည်။ ယင်းသို့စောင့်ကြည့်မှုများ ကြိုးပမ်း အားထုတ်မှုများကြောင့် နာဂေါ်နို - ကရာဘတ်ဒေသတွင် အခြေအနေများ နောက်ထပ်တည်ငြိမ်မှုများ ဆက်လက်ဖြစ်ပေါ်လာနိုင်သည်ဟု မျှော်လင့်ကြောင်း လည်း ရုရှားသမ္မတနှင့် အဇာဘိုင်ဂျန်သမ္မတတို့က ပြောကြားခဲ့သည်။

ရုရှားသမ္မတ၊ အဇာဘိုင်ဂျန်သမ္မတနှင့် အာမေးနီးယားဝန်ကြီးချုပ်တို့သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်းက သင့်လျော်သည့် လိုက်နာစောင့်ထိန်းမှု အတွက် သဘောတူညီမှုရရှိခဲ့ကြသည်။ ယင်းကိစ္စရပ်များအပြင် ခေါင်းဆောင် နှစ်ဦးသည် ရုရှားနှင့် အဇာဘိုင်ဂျန်တို့၏ နှစ်နိုင်ငံဆက်ဆံရေးကိုလည်း ဆွေးနွေး ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**

## ဘရာဇီးနိုင်ငံတွင် တွေ့ရသည့် အသွင်ပြောင်းကိုဗစ်- ၁၉ ကူးစက်ခံရသူတစ်ဦးကို ကိုလံဘီယာနိုင်ငံ၌ ပထမဆုံးတွေ့ရှိ

**ဘိုဂိုတာ ဇန်နဝါရီ ၃၁**

ကိုလံယီယာနိုင်ငံတွင် ဘရာဇီးနိုင်ငံ၌ တွေ့ရသည့် အသွင်ပြောင်း ကိုဗစ်-၁၉ ကူးစက်ခံရသူတစ်ဦးကို ပထမဆုံးအကြိမ် တွေ့ရှိရကြောင်း ကိုလံဘီယာ ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၃၀ ရက်တွင် ထုတ်ပြန်လိုက်သည်။

အသွင်ပြောင်းကိုဗစ်-၁၉ ကူးစက်ခံရသူမှာ အသက် ၂၄ နှစ်အရွယ်အမျိုးသမီးတစ်ဦးဖြစ်ကာ ဘရာဇီးနိုင်ငံနယ်စပ်မြို့ တာဘာတင်ဂါမှ ကိုလံဘီယာသို့ ရောက်ရှိခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အဆိုပါအမျိုးသမီးသည် ကိုလံဘီယာနိုင်ငံ တောင်ပိုင်း လက်တီစီယာမြို့၌ ကိုဗစ်-၁၉ ကူးစက်ခံရမှုအတွက် ဆေးကုသမှုခံယူခဲ့ကာ ယခုအခါ ရောဂါပြန်လည်သက်သာလာသည့်အတွက် နေအိမ်တွင် ကန့်သတ်စောင့်ကြည့်မှုဖြင့် ဆက်လက်နေထိုင်လျက်ရှိကြောင်း သိရသည်။

ကိုလံဘီယာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ် ဆေးထိုးနှံသည့် လှုပ်ရှားမှုကို ဖေဖော်ဝါရီ ၂၀ ရက်တွင် စတင်မည်ဖြစ်ကြောင်း ကိုလံဘီယာ သမ္မတ အီဗန်ဂျူတ်မာကွက်ဇ်က ထုတ်ပြန်ကြေညာခဲ့သည်။

ကိုလံဘီယာနိုင်ငံတွင် ဇန်နဝါရီ ၂၉ ရက်အထိ ကိုဗစ်- ၁၉ ကူးစက်ခံရသည့် အတည်ပြုလူနာ စုစုပေါင်း ၂၀၇၇၆၃၃ ဦးရှိပြီး ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၅၃၂၈၄ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဗြိတိန်နိုင်ငံအပါအဝင် နိုင်ငံပေါင်းခြောက်နိုင်ငံမှ ခရီးသွားများအပေါ် ခရီးသွားလာခွင့်ကန့်သတ်ချက် ပါကစ္စတန်တိုးမြှင့်

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၃၁**

ပါကစ္စတန်နိုင်ငံတွင် ဗြိတိန်နိုင်ငံမှ ခရီးသွားများ အပါအဝင် နိုင်ငံပေါင်းခြောက်နိုင်ငံမှ ခရီးသွားများကို ဖေဖော်ဝါရီ ၂၈ ရက်မတိုင်မီအထိ ခရီးသွားလာခွင့် ကန့်သတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗီဇပြောင်းကိုဗစ် - ၁၉ ကူးစက်မှုကြောင့် ဒုတိယကျော့ရိုက်ခတ်မှုကို နှိမ်နင်းနိုင်ရေးအတွက် ယခုလိုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များ က ပြောသည်။

စီအုပ်စုစာရင်းတွင် ထည့်သွင်းထားသည့် နိုင်ငံများဖြစ်သည့် တောင်အာဖရိက၊ ဗြိတိန်၊ ဘရာဇီး၊ အိုင်ယာလန်၊ ပေါ်တူဂီနှင့် နယ်သာလန် နိုင်ငံတို့မှ ခရီးသွားများကို ဖေဖော်ဝါရီ ၂၈ ရက် မတိုင်မီအထိ ခရီးသွားလာခွင့်ကို ကန့်သတ် သွားမည်ဖြစ်ကြောင်း ပါကစ္စတန် ပြည်သူ့ လေကြောင်းအာဏာပိုင်အဖွဲ့က ဇန်နဝါရီ ၃၀ ရက်တွင် ပြောသည်။

အေအုပ်စုစာရင်းသို့ နိုင်ငံပေါင်း ၂၄ နိုင်ငံ ထည့်သွင်းထားပြီး စီအုပ်စုတွင်မူ နိုင်ငံပေါင်း ခြောက်နိုင်ငံကို ထည့်သွင်းထားသည်။ အေအုပ်စု စာရင်းဝင်နိုင်ငံများမှ ပြည်သူများ ပါကစ္စတန်နိုင်ငံ သို့ လာရောက်လျှင် ပီစီအာ စစ်ဆေးမှုပြုလုပ်ရန် မလိုအပ်ပေ။ ဘီအုပ်စုစာရင်းဝင်နိုင်ငံများမှ လာသောလူများမှာမူ ၇၂ နာရီအတွင်း ပြုလုပ်ထား သည့် ဆေးစစ်ချက်ပြသရန် လိုအပ်သည်။ စီအုပ်စု စာရင်းဝင်နိုင်ငံများမှလာသော ခရီးသွား များကိုမူ ကန့်သတ်ထားသည်။

**ပီတီအိုင်**

## အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားတွင် နေအိမ်များရေကြီးနစ်မြုပ်

**ဂျကာတာ ဇန်နဝါရီ ၃၁**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗား ပြည်နယ် ဂျမ်ဘာခရိုင်တွင် နေအိမ် ပေါင်း ၄၃၆ လုံး ရေနစ်မြုပ်ခဲ့သည်ဟု ဂျမ်ဘာခရိုင် သဘာဝဘေး စီမံခန့်ခွဲမှု အေဂျင်စီက ဇန်နဝါရီ ၃၀ ရက်တွင် ပြောကြားသည်။

ရေကြီးမှုကြောင့် ဘာသာရေး အဆောက်အအုံနှစ်ခုနှင့် စာသင် ကျောင်းတစ်ကျောင်း ရေနစ်မြုပ် ခဲ့ကြောင်း သဘာဝဘေးစီမံခန့်ခွဲမှု အေဂျင်စီမှ အရေးပေါ်ကိစ္စရပ်များနှင့် ထောက်ပံ့မှုဆိုင်ရာ အကြီးအကဲဖြစ်သူ ဟီရူဝီဒစ်ဒိုက ပြောသည်။

ယခုအချိန်ထိ လူသေဆုံးမှု သတင်းမရသေးကြောင်းနှင့် လူသေ ဆုံးမှုမရှိရန်လည်း မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဘတ်ဒဒေါင်းမြစ် ရေကြီးမှုကြောင့် ခရိုင်ခွဲ ခုနစ်ခုတို့တွင် ရေကြီးမှု ဖြစ်ပေါ်ခဲ့ရသည်။

ဒေသခံများ၊ အထူးသဖြင့် ရေကြီးမှုခံနေရသည့် နေအိမ်များမှ ကလေးနှင့် သက်ကြီးရွယ်အိုများကို အာဏာပိုင်များက ကယ်တင်မှုများ လုပ်ဆောင်ပေးခဲ့သည်ဟု သိရသည်။

အချို့သော ဒေသများတွင် ရေများ ပြန်ကျနေပြီ ဖြစ်သည်။ သို့သော်လည်း မိုးရွာသွန်းမှုဆက်လက် ရှိနေဆဲဖြစ်သည့်အတွက် နောက်ထပ် ရေကြီးမှုများ ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားသည်။

**ဆင်ဟွာ**




ဂျမ်ဘာခရိုင်တွင် ရေကြီးမှုအခြေအနေကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ဗီဇပြောင်းကိုဗစ်- ၁၉ အစုလိုက်ကူးစက်မှုဖြစ်ပွားနေသည်ဟု ယူဆ



တိုကျိုရှိ ဟာနီဒါလေဆိပ်တွင် အပြည်ပြည်ဆိုင်ရာမှ ခရီးသည်များအတွက် ဧည့်သည်နားနေဆောင်ကို တွေ့ရစဉ်။

**တိုကျို ဇန်နဝါရီ ၃၁**

ဗြိတိန်တွင် ဖြစ်ပွားခဲ့သည့်ကူးစက်မြန် ဗီဇပြောင်းကိုဗစ် – ၁၉ မှာ တိုကျိုမြို့အနီးတစ်ဝိုက်တွင် ပထမဆုံးအကြိမ်အဖြစ် အစုလိုက်ကူးစက်မှု ဖြစ်ပွားနေသည်ဟု ယုံကြည်ကြောင်း ဂျပန်နိုင်ငံမှ ကျန်းမာရေးအရာရှိများက ပြောသည်။

ဗီဇပြောင်း ကိုဗစ်–၁၉ မှာ မူရင်းဗိုင်းရပ်စ်ထက်ပို၍ ကူးစက်မှုလျင်မြန်သည်။ ဆိုင်တမာခရိုင်မှ အသက် ၄၀ နှင့် ၆၀ ကြား လူလေးဦးမှာ ဗီဇပြောင်း ကိုဗစ် –၁၉ ကူးစက်ခံထားရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

၎င်းတို့ထဲမှ သုံးဦးမှာ တိုကျိုမြို့တွင်နေထိုင်သည့် အမျိုးသားတစ်ဦး၏ လုပ်ငန်းခွင်နှင့် ဆက်စပ်မှုရှိသည်။ ယင်းလုပ်ငန်းခွင်တွင် ဗီဇပြောင်း ကိုဗစ်– ၁၉ အစုလိုက် ကူးစက်မှုဖြစ်ပေါ်နေသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ယူဆသည်။

ယင်းလုပ်ငန်းခွင်နှင့် ဆက်စပ်မှုရှိသည့်လူခုနစ်ဦးမှာလည်း ဗီဇပြောင်း ကိုဗစ် – ၁၉ ကူးစက်ခံထားရကြောင်း သိရသည်။ နောက်ထပ် တိုကျိုမြို့တွင် နေထိုင်သည့် အသက် ၅၀ ဝန်းကျင် အမျိုးသားတစ်ဦးတွင်လည်း ဗီဇပြောင်း ကိုဗစ် – ၁၉ ကူးစက်ခံထားရသည်။ ၎င်းမှာ ဗြိတိန်နိုင်ငံသို့ သွားရောက်ခဲ့သော ရာဇဝင်လည်း မရှိချေ။ သို့သော် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံထားရသည့် အမျိုးသမီးနှင့် ထိတွေ့မှုရှိခဲ့သည်။

ယခုအချိန်ထိ လက်တလော ကာလအတွင်း ဗြိတိန်နိုင်ငံသို့ ခရီးသွားလာခဲ့ခြင်းမရှိသော လူ ၁၅ ဦးမှာ ဗီဇပြောင်းကိုဗစ် –၁၉ ကူးစက်ခံထားရသည်။ ဗီဇပြောင်း ကိုဗစ် – ၁၉ မှာ တိုင်းပြည်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ကူးစက်ပျံ့နှံ့နေသည်ဟု မယူဆသော်လည်း အခြေအနေကို အနီးကပ် စောင့်ကြည့်နေဆဲဖြစ်ကြောင်း ကျန်းမာရေးအရာရှိများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ကိုဗစ် -၁၉ ကြောင့် ဂျပန်နိုင်ငံတွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ကြက်တောင်ရိုက် အားကစားပြိုင်ပွဲကို ဖျက်သိမ်း

**တိုကျို ဇန်နဝါရီ ၃၁**

ယခုနှစ်နွေဦးကာလတွင် အပြည်ပြည်ဆိုင်ရာ ကြက်တောင်ရိုက်ပြိုင်ပွဲကို ဂျပန်နိုင်ငံတွင် ကျင်းပရန် စီစဉ်ထားရာ ကိုဗစ် –၁၉ အန္တရာယ်ကြောင့် ဖျက်သိမ်းလိုက်ရသည်ဟု ပွဲစီစဉ်သူများက ဇန်နဝါရီ ၃၀ ရက်တွင် ပြောသည်။

လက်ရှိ လူဝင်မှုကြီးကြပ်ရေးစည်းကမ်းများအရ နိုင်ငံခြားမှလာရောက်ယှဉ်ပြိုင်မည့် အားကစားသမားများကို အိမ်ရှင်အဖြစ်လက်ခံပေးရန် အခက်အခဲရှိသည့်အတွက် ဖျက်သိမ်းလိုက်ရခြင်းဖြစ်ကြောင်း နီပွန်ကြက်တောင်ရိုက်အသင်းက ပြောသည်။

အိုလံပစ်ပြိုင်ပွဲအတွက် အရည်အချင်းစစ်ရန် လိုအပ်သည့်အခြားသော ကြက်တောင်ရိုက်အားကစားပြိုင်ပွဲများ ကျင်းပနိုင်ခြင်း ရှိမရှိ ကိုလည်း စိုးရိမ်မိသည်ဟု နီပွန်ကြက်တောင်ရိုက်အသင်းမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အိုလံပစ်အားကစားပြိုင်ပွဲအတွက် အားကစားသမားများရွေးချယ်ရန်အတွက် မတ်လအတွင်း ကျင်းပမည့်အားကစားပြိုင်ပွဲများ ကျင်းပနိုင်ခြင်း ရှိ မရှိ ကို စိုးရိမ်မိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယခုဖျက်သိမ်းခဲ့ရသည့် အပြည်ပြည်ဆိုင်ရာ ကြက်တောင်ရိုက်ပြိုင်ပွဲကို မတ် ၃၁ ရက်နှင့် ဧပြီ ၄ ရက်တို့တွင် ကျင်းပသွားမည်ဟု ရက်ပြောင်းရွှေ့သတ်မှတ်ထားသည်။

**အေအက်ဖ်ပီ**

## အစ္စရေးနိုင်ငံတွင် လူဦးရေ၏ ၃၂ ဒသမ ၂ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်

**ဂျေရုဆလင် ဇန်နဝါရီ ၃၁**

အစ္စရေးနိုင်ငံတွင် ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံပေးသည့် ပြည်သူအရေအတွက် သုံးသန်းကျော်အထိ ရှိလာပြီဖြစ်ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၃၁ ရက်တွင် ပြောကြားခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးလှုပ်ရှားမှု စတင်ချိန်ကတည်းက ပြည်သူ ၉ ဒသမ ၃ သန်းခန့် လူဦးရေ၏ ၃၂ ဒသမ ၂ ရာခိုင်နှုန်းကျော်ကို ကာကွယ်ဆေးထိုးနှံပြီးပြီ ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ အသက် ၇၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၏ ၉၀ ရာခိုင်နှုန်းခန့်ကို ကာကွယ်ဆေးထိုးနှံပြီးပြီဖြစ်ကြောင်း ဖော်ပြသည်။


အစ္စရေးနိုင်ငံတွင် အသက်ကြီးပုဂ္ဂိုလ်တစ်ဦးကို ကာကွယ်ဆေးထိုးနှံပေးစဉ်။

အစ္စရေးနိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်ခံရသည့် အတည်ပြုလူနာစုစုပေါင်းမှာ ၆၄၀၆၄၄ ဦးအထိ ရှိလာပြီဖြစ်ပြီး ရောဂါကြောင့် ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူ ၇၂၀၂၆ ဦးရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ရောဂါကြောင့် သေဆုံးသူ ၄၇၄၅ ဦးအထိ တိုးလာခဲ့သည်။ ရောဂါပြင်းထန်သည့် လူနာအရေအတွက်မှာ ၁၁၆၂ ဦးသို့ လျော့ကျလာခဲ့ပြီး ရောဂါပျောက်ကင်းသွားသူ ၅၆၃၈၇၃ ဦးအထိ ရှိလာကြောင်း သိရသည်။

**ဆင်ဟွာ**

## လော့စ်အိန်ဂျလိစ်တွင် ကိုဗစ် -၁၉ ကူးစက်မှု လျော့ကျသွားသဖြင့် စားသောက်ဆိုင်များဝန်ဆောင်မှုပြန်ပေး

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၃၁**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်တွင် ကိုဗစ် – ၁၉ ကူးစက်မှုများ ကျဆင်းလာသည့်အတွက် နှစ်လတာအတွင်း ပထမဆုံးအကြိမ်အဖြစ် စားသောက်ဆိုင်များတွင် ဆိုင်ပြင်ပ၌ ဆိုင်ထိုင်စားသောက်ခွင့် ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

ဂျွန်ဟော့ကင်းတက္ကသိုလ်က ဖော်ပြသော အချက်အလက်များအရ အမေရိကန်တစ်လွှား နေ့စဉ်ကူးစက်မှုနှုန်းမှာ ကျဆင်းလာသည်ကို တွေ့ရသည်။ ဒီဇင်ဘာလ၌ တစ်ရက်အတွင်း ကူးစက်မှုမှာ ၆၀၀၀၀ အထိ ရှိခဲ့ကြောင်း ကယ်လီဖိုးနီးယားအနောက်ပိုင်းပြည်နယ်မှ ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

မကြာသေးမီ ရက်ပိုင်းအတွင်း နေ့စဉ်ကူးစက်မှုနှုန်းမှာ ၂၀၀၀၀ သို့ ကျဆင်းခဲ့သည်။ ဇန်နဝါရီ ၂၉ ရက်တွင် လော့စ်အိန်ဂျလိစ်မှ အာဏာပိုင်များသည် စားသောက်ဆိုင်များ၌ ဆိုင်အပြင်ဘက်တွင် ရောင်းချခွင့် ပြန်လည်ပေးအပ်ခဲ့သည်။ ယင်းအမိန့်ကြောင့် စားသောက်ဆိုင်အချို့ ပြန်လည် ဖွင့်လာကြသည်။ အခြားသော အမေရိကန်ပြည်ထောင်စုရှိ မြို့ကြီးများတွင်လည်း ကန့်သတ်မှုများကို ဖြေလျှော့ပေးရန် လှုပ်ရှားလျက်ရှိကြသည်။

အကယ်၍ ကိုဗစ် –၁၉ ကူးစက်မှုနှုန်းမှာ ဆက်လက်ကျဆင်းနေပါက ဖေဖော်ဝါရီ ၁၄ ရက်ရောက်လျှင် စားသောက်ဆိုင်များအတွင်း ဆိုင်ထိုင်စားသောက်ခွင့်ကို ပြန်ပေးမည်ဟု နယူးယောက်မြို့ အာဏာပိုင်များက ပြောသည်။သို့သော်လည်းကျန်းမာရေးအာဏာပိုင်များကမူ ယင်းကဲ့သို့ ဖြေလျှော့ပေးခြင်းမှာ ဆန္ဒစောလွန်းသည်ဟုဆိုကာ စိုးရိမ်နေကြသည်။ ကူးစက်မှုအရေအတွက် ကျဆင်းနေသည်မှာမှန်သော်လည်း ယခင်လများနှင့်နှိုင်းယှဉ်လျှင် ကျဆင်းသည့်အရေအတွက်ကပင် အလွန်များပြားနေသေးသည်ဟု ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ပါမောက္ခ ဂျွန်ဆွက်ဘာ့ဂျ်က ပြောသည်။


လော့စ်အိန်ဂျလိစ်ရှိ စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

**ဆင်ဟွာ**

## ထရီပိုလီရှိမိသားစုပေါင်း ၅၀၀၀၀ အတွက် အစားအသောက်လုံခြုံစိတ်ချရမှု ရှိစေရမည်ဟု လက်ဘနွန်ခေတ္တဝန်ကြီးချုပ်ပြော

**ဘေရွတ် ဇန်နဝါရီ ၃၁**

လက်ဘနွန်နိုင်ငံမြောက်ပိုင်း ထရီပိုလီမြို့တွင် လက်ရှိ၌ ခက်ခဲသည့် အခြေအနေအောက်တွင် နေထိုင်နေရသည့် ဒေသခံ ၅၀၀၀၀ အတွက် အစားအသောက်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် အစိုးရက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ခေတ္တဝန်ကြီးချုပ် ဟတ်ဆန်ဒီရက်ဘ်က ဇန်နဝါရီ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

နောက်ထပ် ထောက်ပံ့ပေးမှုများကိုလည်း ဖြစ်နိုင်သမျှ မြန်မြန်လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ထရီပိုလီတွင် ယခုသီတင်းပတ်အတွင်း လေးရက်ဆက်တိုက် အကြမ်းဖက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီး လူပေါင်းရာနှင့်ချီ၍ ဒဏ်ရာရရှိခဲ့သည်။


ကိုဗစ် – ၁၉ ကာလအတွင်း ထောက်ပံ့မှု ပြတ်လပ်ခြင်းကြောင့် ဆင်းရဲမှုများ ပိုမိုများပြားလာစေသည့် ကိုဗစ် –၁၉ ကန့်သတ်ပိတ်ဆို့မှုများကို လူများစုဝေးကာ ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။ လက်ဘနွန်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၁ ရက်မှစတင်ကာ ကိုဗစ်– ၁၉ ကူးစက်မှု စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# အသွင်ပြောင်းဗိုင်းရပ်စ်အန္တရာယ်ကို အကောင်းဆုံးရင်ဆိုင်နိုင်ဖို့ ဂျပန်အစိုးရ ကြိုတင်ပြင်ဆင်

*ကလျာမိုးမြင့်*

**ဂျပန်နိုင်ငံမှာ ကူးစက်မှုနှုန်း ပိုမိုမြန်ဆန်တယ်လို့ ကျွမ်းကျင်ပညာရှင်တွေက သတိပေးနေတဲ့ အသွင်ပြောင်းကိုဗစ်-၁၉ ဗိုင်းရပ်စ်မျိုးစိတ်အသစ် ကူးစက်ပျံ့နှံ့မှုကို အချိန်မီ တားဆီးထိန်းချုပ်နိုင်ဖို့အတွက် ဂျပန်အစိုးရက ခိုင်မာပြတ်သားတဲ့ဆောင်ရွက်ချက်တွေကို မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ရေး အလေးပေးလျက်ရှိပါတယ်။**



### အာဏာပိုင်တွေ စိုးရိမ်

ဗြိတိန်မှာ ပထမဆုံးတွေ့ရှိခဲ့ရတဲ့ အသွင်ပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်အသစ် ကူးစက်ခံရမှုအချို့ကို မကြာသေးခင်က နိုင်ငံရပ်ခြား ခရီးသွားလာခဲ့ခြင်း မရှိသေးတဲ့ ဂျပန်နိုင်ငံသားတွေဆီမှာ တွေ့လာရတဲ့အတွက် ကျန်းမာရေးအာဏာပိုင်တွေက ဒီကိစ္စနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်ကြောင်း ဖော်ပြခဲ့ကြပါတယ်။

ဗြိတိန်မှာ စပေါ်လာတဲ့ အသွင်ပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်အသစ်ဟာ ဂျပန်နိုင်ငံ ရှီဇူကာခရိုင်က လူသုံးဦးဆီမှာ ကူးစက်ဖြစ်ပွားနေကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၈ ရက်မှာ အတည်ပြုပြောကြားခဲ့ပါတယ်။ ဆေးသိပ္ပံပညာရှင်တွေရဲ့ ပြောပြချက်အရ အသွင်ပြောင်းဗိုင်းရပ်စ်မျိုးကွဲဟာ ကူးစက်နိုင်မှု ၇၀ ရာခိုင်နှုန်း ပိုများနိုင်တဲ့အပြင် လူနာတွေ သေဆုံးမှုနှုန်းကိုလည်း ပိုမြင့်စေနိုင်တယ်လို့ သိရပါတယ်။

### ထူးဆန်းတဲ့ အချက်

ဗိုင်းရပ်စ်အသစ်ကူးစက်ခံထားရတဲ့ လူနာတွေဟာ မကြာသေးမီအချိန်အတွင်း နိုင်ငံကနေ ခရီးထွက်ခွာသွားလာခဲ့ခြင်းမရှိသလို ရောဂါကူးစက်ခံထားရတဲ့သူတွေနဲ့ အနီးကပ်ထိတွေ့ဆက်ဆံမှုလည်း မရှိခဲ့ဘူးဆိုတဲ့အချက်ကို ထူးဆန်းစွာ တွေ့ခဲ့ရပါတယ်။ အာဏာပိုင်တွေက ဒီဖြစ်ရပ်ဟာ ဗြိတိန်မှာ ပေါ်ထွက်လာတဲ့ အသွင်ပြောင်းဗိုင်းရပ်စ်အသစ် ဂျပန်ပြည်သူတွေကြားမှာ အစုလိုက် ကူးစက်ဖြစ်ပွားမှုကို ပထမဆုံး တွေ့ရှိရတဲ့ဖြစ်စဉ်ဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီနောက်မှာတော့ ခရီးသွားရာဇဝင်မရှိတဲ့ တိုကျိုမြို့က နောက်ထပ် ပြည်သူနှစ်ဦးဆီမှာ ဗိုင်းရပ်စ်အသစ် ကူးစက်ခံထားရတာကို ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရပြန်ပါတယ်။ ဇန်နဝါရီ ၁၄ ရက်မှာတော့ ဗြိတိန်နိုင်ငံ တစ်ဝန်းလုံးအထိ အသွင်ပြောင်းဗိုင်းရပ်စ်အသစ် မြန်မြန်ဆန်ဆန် ကူးစက်ပျံ့နှံ့ရောက်ရှိသွားခဲ့ပြီဖြစ်သလို ဂျပန်အစိုးရက ရောဂါကူးစက်ပျံ့နှံ့မှုကနေ ကာကွယ်ဖို့ ပြည်ပနိုင်ငံက ခရီးသွားအားလုံးကို ဂျပန်နိုင်ငံသို့ ဝင်ရောက်ခွင့် ရပ်ဆိုင်းလိုက်ပါတယ်။

**"ဗိုင်းရပ်စ်အသစ်ကူးစက်ခံထားရတဲ့ လူနာတွေဟာ မကြာသေးမီအချိန်အတွင်း နိုင်ငံကနေ ခရီးထွက်ခွာသွားလာခဲ့ခြင်းမရှိသလို ရောဂါကူးစက်ခံထားရတဲ့သူတွေနဲ့ အနီးကပ်ထိတွေ့ဆက်ဆံမှုလည်း မရှိခဲ့ဘူးဆိုတဲ့ အချက်ကို ထူးဆန်းစွာ တွေ့ခဲ့ရပါတယ်။ အာဏာပိုင်တွေက ဒီဖြစ်ရပ်ဟာ ဗြိတိန်မှာ ပေါ်ထွက်လာတဲ့ အသွင်ပြောင်းဗိုင်းရပ်စ်အသစ် ဂျပန်ပြည်သူတွေကြားမှာ အစုလိုက် ကူးစက်ဖြစ်ပွားမှုကို ပထမဆုံး တွေ့ရှိရတဲ့ဖြစ်စဉ် ဖြစ်တယ်လို့ ဆိုပါတယ်"**

### စိမ့်ဝင်ရောက်ရှိလာ

ပြည်ပကခရီးသွားတွေ လာရောက်မှုကို မြန်မြန်ဆန်ဆန်ပိတ်ပင်လိုက်ပေမယ့်လည်း ဂျပန်နိုင်ငံအနေနဲ့ အသွင်ပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်အသစ် နိုင်ငံအတွင်း စိမ့်ဝင်ရောက်ရှိလာတာကို အောင်မြင်စွာ တားဆီးနိုင်ခြင်း မရှိခဲ့ပါဘူး။

မကြာသေးမီအချိန်အတွင်းမှာပဲ ဗြိတိန်မှာ ပေါ်လာတဲ့ ဗိုင်းရပ်စ်မျိုးကွဲနဲ့ တောင်အာဖရိကနဲ့ ဘရာဇီးနိုင်ငံက ပြန်ရောက်လာသူတွေမှာ တွေ့ရတဲ့ ဗိုင်းရပ်စ်မျိုးကွဲ ကူးစက်ဖြစ်ပွားမှု သုံးခုကို ဂျပန်နိုင်ငံမှာ တွေ့ရှိခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၅ ရက်ကတည်းက ကိုဗစ်-၁၉ ဗိုင်းရပ်စ်အသစ် ကူးစက်ဖြစ်ပွားမှု ၅၀ခန့်အထိ ရှိကြောင်း အာဏာပိုင်တွေက အတည်ပြု ပြောကြားလိုက်ပါတယ်။ ရောဂါကူးစက်ခံရသူအများစုကို လေဆိပ်ရှိ ကန့်သတ်စောင့်ကြည့်ဌာနတွေမှာ ထားရှိခဲ့ပါတယ်။

### ဗိုင်းရပ်စ်အသစ်က ကပ်ရောဂါကို သက်ဆိုးရှည်စေနိုင်သလား

အခုအချိန်မှာ ကျွမ်းကျင်သူတွေ စိတ်ပူနေရတဲ့ အချက်ကတော့ အကယ်၍ အသွင်ပြောင်းဗိုင်းရပ်စ်မျိုးကွဲတွေ ပျံ့နှံ့သွားခဲ့ရင် ကပ်ရောဂါဖြစ်ပွားတဲ့ကာလကို ပိုမိုရှည်ကြာစေပြီး နောက်ဆက်တွဲအနေနဲ့ ဆေးကုသမှုစနစ်အပေါ်မှာ ထိခိုက်စေမှာရယ်၊ စီးပွားရေးလုပ်ငန်းတွေကို ပြိုလဲသွားမှာရယ်ကို အဓိကပူပန်နေရလျက်ရှိပါတယ်။

ဗိုင်းရပ်စ်မျိုးကွဲတွေ ထွက်ပေါ်လာမှုက ဂျပန်မှာ လက်ရှိ ရင်ဆိုင်နေရတဲ့ ကိုဗစ်-၁၉ တတိယအကျော့ ကူးစက်ဖြစ်ပွားမှု ဘယ်လိုပျောက်ကွယ်သွားမလဲဆိုတာကို ခန့်မှန်းဖို့ အတော်လေးခက်ခဲသွားစေတယ်လို့ တိုကျိုဆေးတက္ကသိုလ် ပါမောက္ခ ဟာမာဒါအက်ဆူက မှတ်ချက်ချခဲ့ပါတယ်။

### သတိကြီးကြီးထားရမယ့် အချိန်ရောက်လာ

ဗိုင်းရပ်စ်မျိုးကွဲတွေကြောင့် ပြည်သူတွေအနေနဲ့ ယခင်ထက်ပိုပြီး သတိကြီးကြီးထားရမယ့်အခြေအနေ ရောက်ရှိလာပြီဖြစ်သလို ကြိုတင်ကာကွယ်ရေးအစီအမံတွေကိုလည်း တိကျသေချာစွာ ချမှတ်ဆောင်ရွက်ဖို့ အရေးကြီးအဆင့်ကို ရောက်ရှိလာခဲ့ပါပြီ။

ဂျပန်အစိုးရက အသွင်ပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်အသစ် ကူးစက်ဖြစ်ပွားတဲ့ လမ်းကြောင်းတွေကို သိရှိဖော်ထုတ်နိုင်ဖို့နဲ့ နောက်ထပ်ကူးစက်ပြန့်ပွားမှု ရပ်တန့်သွားစေဖို့ စောင့်ကြည့်စစ်ဆေးမှုတွေ အရှိန်မြှင့်လုပ်ဆောင်နိုင်ရေးအတွက် ဒေသအာဏာပိုင်တွေနဲ့အတူ လက်တွဲလုပ်ဆောင်ဖို့ ပြင်ဆင်နေပြီဖြစ်တယ်လို့ သိရပါတယ်။

### ပိုမိုစစ်ဆေးဖို့ လိုအပ်

အသွင်ပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်အသစ် ကူးစက်ဖြစ်ပွားမှု အရေးကြီးအဆင့် ရောက်ရှိမလာသေးခင်မှာ အမျိုးသား ကူးစက်ရောဂါအင်စတီကျူက နိုင်ငံအတွင်းမှာ ကိုဗစ်-၁၉ ကူးစက်လူနာတွေအားလုံးအနက် ၁၀ ရာခိုင်နှုန်းခန့်လောက်ကိုသာ ဗိုင်းရပ်စ်ဗီဇပြောင်းလဲမှုကို စစ်ဆေးတဲ့ ဇီဝဆိုင်ရာ လေ့လာစိစစ်မှုတွေ လုပ်ဆောင်ခဲ့တယ်လို့ သိရပါတယ်။

အခုအချိန်မှာ အဲဒီအင်စတီကျူက မြန်မြန်ဆန်ဆန် ရောဂါရှာဖွေစစ်ဆေးတဲ့နည်းကို အဆင့်မြှင့်တင်နိုင်ဖို့ ကြိုးစားနေပြီး အစိုးရအနေနဲ့လည်း တစ်နိုင်ငံလုံးအနှံ့ ဗိုင်းရပ်စ်စစ်ဆေးမှုတွေ ပိုမိုလုပ်ဆောင်ဖို့ တိုက်တွန်းထားပါတယ်။

အသွင်ပြောင်းကိုဗစ်-၁၉ ဗိုင်းရပ်စ်မျိုးကွဲတွေ မိမိနိုင်ငံထဲကို ရောက်မလာအောင် အပြည့်အဝတားဆီးနိုင်ဖို့ဆိုတာ ခက်ခဲတဲ့ကိစ္စဖြစ်ပြီး ကိုယ့်ဘက်က အတတ်နိုင်ဆုံးနဲ့ အကောင်းဆုံး ကြိုတင်ပြင်ဆင်ထားဖို့က အရေးကြီးတယ်လို့ ကျွမ်းကျင်သူတွေက အကြံပြုထားပြီဖြစ်ပါတယ်။ ။

**ကိုးကား- အင်န်အိတ်ချ်ကေ**

# နိုင်ငံတကာသတင်းတိုထွာ

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ စေလွှတ်လိုက်သည့် အဖွဲ့ဝင်များ ဝူဟန်ရှိ ဈေး၌ လေ့လာ

**ဂျီနီဗာ ဇန်နဝါရီ ၃၁**

ကိုဗစ်- ၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှု၏ ဇာစ်မြစ်ကို စုံစမ်းဖော်ထုတ်ရန်ကြိုးပမ်းသည့်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စေလွှတ်လိုက်သည့် လေ့လာရေးအဖွဲ့ တရုတ်နိုင်ငံ ဝူဟန်မြို့ရှိ ဈေးတစ်ခုတွင် သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါဈေးသည် ကိုဗစ်- ၁၉ စတင်ကူးစက်ဖြစ်ပွားခဲ့သည့်နေရာအဖြစ် အတည်ပြုခဲ့သည့် ပင်လယ်စာဈေးမှ ၂၀ ကီလိုမီတာ အကွာခန့်တွင် တည်ရှိသည်။ တရုတ်အစိုးရအဖွဲ့အာဏာပိုင်များက အဆိုပါဈေးကို ကိုဗစ်-၁၉ ဗိုင်းရပ်စ်တိုက်ဖျက်ရေး အစိုးရ၏ ကနဦးကြိုးပမ်းမှုများ အောင်မြင်ခဲ့သည့် သာဓကတစ်ခုအဖြစ် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလအတွင်းက စတင်ခဲ့သည့် တစ်မြို့လုံး အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှု ကာလအတွင်း အဆိုပါဈေးသည် ဒေသခံပြည်သူများသို့ အစားအသောက်ရောင်းချပေးနိုင်ခဲ့သည့်ဈေးဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ပစိဖိတ်မဟာဗျူဟာ စီးပွားရေးမိတ်ဖက်ဆက်ဆံမှုသဘောတူစာချုပ်တွင် ပါဝင်ရန် ဗြိတိန်လျှောက်ထားမည်

**လန်ဒန် ဇန်နဝါရီ ၃၁**

ဗြိတိန်နိုင်ငံအနေဖြင့် အာရှ- ပစိဖိတ် ဒေသနှင့် ကုန်သွယ်ရေးဆိုင်ရာ ချိတ်ဆက်မှုကို ပိုမိုချဲ့ထွင်ရန်အတွက် ပစိဖိတ်မဟာဗျူဟာ စီးပွားရေးမိတ်ဖက်ဆက်ဆံမှု သဘောတူစာချုပ် (တီပီပီ)၌ ပူးပေါင်းပါဝင်ရန် လျှောက်ထားမည်ဖြစ်ကြောင်း ဗြိတိန်အစိုးရအဖွဲ့က ပြောကြားခဲ့သည်။

ဗြိတိန် နိုင်ငံတကာကုန်သွယ်ရေးဝန်ကြီး အဲလိဇဘက် ထရစ်သည် ဖေဖော်ဝါရီ ၁ ရက်၌ ဂျပန်နှင့် နယူးဇီလန်တို့မှ လုပ်ဖော်ကိုင်ဖက်များနှင့် စကားပြောဆိုဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် တီပီပီစာချုပ်၌ပါဝင်ရန် လျှောက်ထားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်တစ်နှစ်အကြာက ဥရောပသမဂ္ဂအဖွဲ့ကြီးမှ ခွဲထွက်ခဲ့သည့် ဗြိတိန်သည် ဥရောပသမဂ္ဂအဖွဲ့ပြင်ပရှိ နိုင်ငံများနှင့် ဆက်ဆံရေးပိုမိုခိုင်မာအောင် ပြုလုပ်ခြင်းဖြင့် ဗြိတိန်၏ စီးပွားရေးကို ပိုမိုချဲ့ထွင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ပြီးခဲ့သည့် အောက်တိုဘာလက ဗြိတိန်သည် ဂျပန်နိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး တီပီပီစာချုပ်တွင် ပူးပေါင်းပါဝင်ခွင့်ရရန် အထူးစိတ်ဝင်စားလျက်ရှိကြောင်း သဘောထားဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အားတက်စရာ



ပြည်သူတွေကိုလည်း ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအထိပေါ့။ တစ်ဆင့်ပြီး တစ်ဆင့် ဒီကိုဗစ်ကိုရင်ဆိုင်ပြီးတော့ ကျော်လွှားခဲ့တာဆိုတာ ပြည်သူသာ အဓိကဆိုတာ ကျွန်မ ထပ်တလဲလဲ ပြောပါတယ်။ ပြည်သူမပါဘဲနဲ့ ဘာမှအောင်မြင်နိုင်မှာ မဟုတ်ပါဘူး။ အဲဒီတော့ အခု ကျွန်မတို့ဟာ ကိုဗစ်ကို ထိန်းချုပ်တဲ့ နေရာမှာလည်း တဖြည်းဖြည်းတိုးတက်လာပြီ။ နည်းနည်းတော့ နေးတယ်လို့ ကျွန်မ ခံယူမိတယ်။ အခု ၄၀၀ နားမှာ တစ်နေတာလည်း နည်းနည်းကြာသွားပြီ။ ဟိုတစ်နေ့ကတော့ ၃၀၀ ကျော် အထိကျသွားပြီး နောက်တစ်ခါ ၄၀၀ ကျော် ပြန်တက်လာတယ်ပေါ့။ အဲဒီလိုပဲ တက်ပြီးတော့မှ တဖြည်းဖြည်းကျသွားမယ့်သဘော ရှိပါတယ်။ ဒီဟာကို ထိန်းသိမ်းထားဖို့တော့ လိုပါတယ်။ အခုကျွန်မ အထူးသဖြင့် ရန်ကုန်ကပြည်သူတွေကို နည်းနည်းအားပေးစကား ပြောချင်တာက ရန်ကုန်ကျလာတယ်။ ရန်ကုန်ကျလာတာလည်း ကျွန်မတို့အတွက် အင်မတန်မှ စိတ်သက်သာရာ ရပါတယ်။ ရန်ကုန်မှာ လူဦးရေလည်း ထူထပ်တယ်။ လူဦးရေထူထပ်ပြီးတော့ ကူးလွယ်တဲ့ အခြေအနေတွေရှိတဲ့ အခါကျတော့ အခု ရန်ကုန်မှာ ကျလာပြီဆိုတော့ ဒါဟာ ကျွန်မတို့အတွက် အားတက်စရာပဲ။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၈–၁–၂၀၂၁ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**



ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ စာသင်ကျောင်းများအတွက် လက်ဆေးဘေစင် ဆောက်လုပ်နေမှုကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။

လဲ့လဲ့ခိုင်(ဆမီး)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ နိုင်ငံတော်က ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား (နောက်တိုး) အိမ်ထောင်စုများအား ထောက်ပံ့ကြေးပေးအပ်ခြင်းအဖြစ် ဇန်နဝါရီ ၃၀ ရက်က ရပ်ကွက်နှင့် ကျေးရွာများရှိ (နောက်တိုး)အိမ်ထောင်စုများထံသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ပေးအပ်စဉ်။

စိုင်းအောင်ဇော်လင်း

*✻ ကျောဖုံးမှ*

COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| | ၂၂–၁–၂၁ | ၂၃–၁–၂၁ | ၂၄–၁–၂၁ | ၂၅–၁–၂၁ | ၂၆–၁–၂၁ | ၂၇–၁–၂၁ | ၂၈–၁–၂၁ | ၂၉–၁–၂၁ | ၃၀–၁–၂၁ | ၃၁–၁–၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ဓာတ်ခွဲနမူနာ စုစုပေါင်း | ၁၇,၆၉၉ | ၂၀,၃၉၇ | ၁၈,၇၀၆ | ၁၇,၉၂၄ | ၁၉,၆၆၇ | ၁၆,၅၅၆ | ၁၆,၃၇၈ | ၁၈,၂၇၁ | ၁၆,၃၂၅ | ၁၆၂၇၉ |
| ပိုးတွေ့လူနာ | ၄၂၅ | ၅၀၇ | ၄၇၆ | ၃၈၃ | ၄၁၁ | ၄၃၄ | ၃၅၀ | ၃၆၃ | ၃၄၉ | ၂၈၁ |
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၂.၄ | ၂.၅ | ၂.၅ | ၂.၁ | ၂.၁ | ၂.၆ | ၂.၁ | ၂.၀ | ၂.၁ | ၁.၇ |

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့် အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၂၂–၁–၂၀၂၁)ရက်နေ့မှ (၃၁–၁–၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာများ၏ ပျမ်းမျှအရေအတွက်မှာ (၁၇,၈၂၀) ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့် အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ

(၃၁–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၆,၂၇၉) ဦး | (၂,၃၉၀,၃၄၇) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၂၈၁) ဦး | (၁၄၀,၁၄၅) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၆၃၁) ဦး | (၁၂၅,၀၇၂) ဦး |
| သေဆုံးလူနာ | (၆) ဦး | (၃,၁၃၁) ဦး |

- ယနေ့ **သေဆုံးသူ (၆) ဦး**မှာ ရောဂါအခံရှိသူများဖြစ်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၆၃၁) ဦးတွင် –
  - ဆေးရုံများ – (၅၁၇) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၁၁၄) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၂၂၈) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၃၁-၁-၂၀၂၁) ရက်နေ့၊ ညနေ (၆) နာရီ

၁။ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၃၀-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာ (၁၃၉,၈၆၄) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၃၀-၁-၂၁) အထိ | (၁၇-၁-၂၀၂၁) ရက်နေ့မှ (၃၀-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၁၇-၀၁-၂၁ | ၁၈-၀၁-၂၁ | ၁၉-၀၁-၂၁ | ၂၀-၀၁-၂၁ | ၂၁-၀၁-၂၁ | ၂၂-၀၁-၂၁ | ၂၃-၀၁-၂၁ | ၂၄-၀၁-၂၁ | ၂၅-၀၁-၂၁ | ၂၆-၀၁-၂၁ | ၂၇-၀၁-၂၁ | ၂၈-၀၁-၂၁ | ၂၉-၀၁-၂၁ | ၃၀-၀၁-၂၁ |
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁ | မြောက်ဥက္ကလာပ | ၅၈၉၃ | ၂ | ၁ | ၄ | ၅ | ၃ | ၉ | ၃ | ၁ | ၄ | ၄ | ၂ | ၅ | ၅ | ၆ |
| ၂ | တာမွေ | ၃၀၅၀ | ၄ | ၁၁ | ၀ | ၃ | ၃ | ၄ | ၃ | ၁ | ၃ | ၀ | ၁ | ၄ | ၁ | ၅ |
| ၃ | စမ်းချောင်း | ၂၀၆၇ | ၅ | ၆ | ၀ | ၂ | ၄ | ၄ | ၀ | ၆ | ၁ | ၀ | ၁ | ၃ | ၂ | ၅ |
| ၄ | ဗဟန်း | ၁၅၇၂ | ၂ | ၃ | ၀ | ၀ | ၂ | ၀ | ၂ | ၁ | ၀ | ၂ | ၁ | ၁ | ၆ | ၄ |
| ၅ | အလုံ | ၁၁၂၈ | ၂ | ၇ | ၁ | ၁၀ | ၁ | ၁ | ၁ | ၀ | ၀ | ၃ | ၂ | ၁ | ၁ | ၄ |
| ၆ | လှိုင်သာယာ | ၄၈၅၆ | ၃ | ၁ | ၄ | ၆ | ၂ | ၅ | ၂ | ၁ | ၁ | ၅ | ၄ | ၈ | ၄ | ၃ |
| ၇ | ကျောက်တံတား | ၆၅၁ | ၀ | ၁ | ၂ | ၂ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၃ |
| ၈ | အင်းစိန် | ၄၆၅၇ | ၂ | ၁၀ | ၀ | ၃ | ၁၀ | ၁ | ၃ | ၁ | ၃ | ၂ | ၃ | ၂ | ၅ | ၂ |
| ၉ | သင်္ဃန်းကျွန်း | ၄၅၇၇ | ၆ | ၈ | ၄ | ၀ | ၅ | ၄ | ၄ | ၁ | ၂ | ၀ | ၃ | ၂ | ၁ | ၂ |
| ၁၀ | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၂၄၅ | ၄ | ၁၃ | ၄ | ၈ | ၄ | ၅ | ၁ | ၃ | ၈ | ၆ | ၁ | ၄ | ၄ | ၂ |
| ၁၁ | သန်လျင် | ၂၈၈၆ | ၃ | ၄ | ၁ | ၂ | ၃ | ၁ | ၃ | ၁ | ၃ | ၁ | ၅ | ၀ | ၁ | ၂ |
| ၁၂ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၃၅၉ | ၁ | ၂ | ၇ | ၃ | ၁ | ၅ | ၃ | ၁ | ၀ | ၂ | ၃ | ၃ | ၂ | ၂ |
| ၁၃ | ဗိုလ်တထောင် | ၁၁၈၀ | ၀ | ၂ | ၂ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၂ |
| ၁၄ | ဒေါပုံ | ၁၁၁၇ | ၂ | ၀ | ၁ | ၂ | ၁ | ၁ | ၁ | ၀ | ၁ | ၂ | ၁ | ၀ | ၀ | ၂ |
| ၁၅ | တိုက်ကြီး | ၆၇၂ | ၀ | ၁ | ၁ | ၁ | ၁ | ၂ | ၀ | ၁ | ၁ | ၂ | ၁ | ၀ | ၀ | ၂ |
| ၁၆ | မင်္ဂလာဒုံ | ၆၀၉၇ | ၅ | ၅ | ၆ | ၈ | ၇ | ၆ | ၆ | ၁၀ | ၁ | ၃ | ၈ | ၃ | ၂ | ၁ |
| ၁၇ | တောင်ဥက္ကလာပ | ၃၀၄၂ | ၈ | ၃ | ၅ | ၃ | ၉ | ၅ | ၉ | ၂ | ၂ | ၆ | ၃ | ၁ | ၈ | ၁ |
| ၁၈ | မှော်ဘီ | ၂၂၃၁ | ၆ | ၀ | ၆ | ၃ | ၇ | ၁ | ၇ | ၃၈ | ၃ | ၀ | ၁ | ၁၀ | ၁ | ၁ |
| ၁၉ | ကြည့်မြင်တိုင် | ၂၀၆၂ | ၂ | ၀ | ၀ | ၂ | ၁ | ၄ | ၅ | ၂ | ၂ | ၀ | ၁ | ၀ | ၀ | ၁ |
| ၂၀ | ဒလ | ၁၄၁၉ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၁ |
| ၂၁ | ဒဂုံဆိပ်ကမ်း | ၁၂၆၈ | ၅ | ၀ | ၀ | ၀ | ၁ | ၁ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၃ | ၁ |
| ၂၂ | မရမ်းကုန်း | ၃၉၀၄ | ၅ | ၂ | ၇ | ၁ | ၁၁ | ၃ | ၃ | ၃ | ၄ | ၃ | ၀ | ၃ | ၆ | ၀ |
| ၂၃ | ရွှေပြည်သာ | ၃၈၁၉ | ၀ | ၁ | ၃ | ၁ | ၂ | ၀ | ၅ | ၃ | ၁ | ၀ | ၃ | ၀ | ၁ | ၀ |
| ၂၄ | လှိုင် | ၂၉၉၂ | ၂ | ၁ | ၀ | ၉ | ၅ | ၅ | ၂ | ၂ | ၃ | ၁ | ၁ | ၁ | ၁ | ၀ |
| ၂၅ | ကမာရွတ် | ၂၅၀၆ | ၀ | ၃ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၂ | ၆ | ၀ |
| ၂၆ | သာကေတ | ၂၄၁၃ | ၅ | ၃ | ၁ | ၃ | ၁ | ၂ | ၂ | ၁ | ၀ | ၁ | ၀ | ၂ | ၁ | ၀ |
| ၂၇ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၀၈၃ | ၉ | ၀ | ၆ | ၇ | ၂ | ၃ | ၀ | ၀ | ၁ | ၂ | ၂ | ၁ | ၀ | ၀ |
| ၂၈ | မင်္ဂလာတောင်ညွန့် | ၁၈၈၂ | ၄ | ၃ | ၁ | ၇ | ၂ | ၀ | ၀ | ၄ | ၁ | ၁ | ၁ | ၃ | ၀ | ၀ |
| ၂၉ | ရန်ကင်း | ၁၃၁၃ | ၆ | ၁ | ၃ | ၁ | ၂ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ |
| ၃၀ | လမ်းမတော် | ၁၃၁၄ | ၂ | ၃ | ၆ | ၆ | ၀ | ၃ | ၀ | ၂ | ၀ | ၁ | ၁ | ၃ | ၂ | ၀ |
| ၃၁ | လှည်းကူး | ၁၁၃၆ | ၁ | ၁ | ၂ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၄ | ၂ | ၃ | ၀ |
| ၃၂ | ကျောက်တန်း | ၉၆၉ | ၂ | ၁ | ၂ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၂ | ၀ |
| ၃၃ | တွံတေး | ၉၄၆ | ၂ | ၂ | ၀ | ၀ | ၁ | ၁ | ၁၀ | ၀ | ၀ | ၃ | ၁ | ၀ | ၁ | ၀ |
| ၃၄ | ပန်းဘဲတန်း | ၈၈၆ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၃၅ | ပုဇွန်တောင် | ၈၄၃ | ၀ | ၁၈ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၄ | ၂ | ၀ |
| ၃၆ | လသာ | ၈၁၉ | ၂ | ၂ | ၃ | ၂ | ၁ | ၂ | ၂ | ၁ | ၀ | ၁ | ၀ | ၂ | ၁ | ၀ |
| ၃၇ | ဒဂုံ | ၇၁၁ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၂ | ၀ |
| ၃၈ | ထန်းတပင် | ၆၄၅ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၃၉ | ဆိပ်ကြီးခနောင်တို | ၄၄၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၄၀ | ခရမ်း | ၄၃၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၄၁ | သုံးခွ | ၄၂၉ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၂ | ၁ | ၂ | ၀ | ၀ | ၀ |
| ၄၂ | ကော့မှူး | ၃၂၂ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၄၃ | ကွမ်းခြံကုန်း | ၃၀၅ | ၁ | ၁ | ၁ | ၀ | ၁ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၈၇၁၄၇ | ၁၀၅ | ၁၂၅ | ၈၆ | ၁၀၆ | ၁၀၁ | ၈၆ | ၈၄ | ၉၁ | ၅၁ | ၅၉ | ၆၃ | ၇၂ | ၇၇ | ၅၂ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၄၄ | ပြည်ကြီးတံခွန် | ၁၀၇၉ | ၇ | ၇ | ၁၄ | ၇ | ၈ | ၁၀ | ၁၂ | ၅ | ၁၂ | ၆ | ၈ | ၂ | ၁၀ | ၁၃ |
| ၄၅ | ချမ်းမြသာစည် | ၂၀၈၂ | ၈ | ၁၀ | ၁၄ | ၁၁ | ၂ | ၆ | ၈ | ၁၁ | ၁၀ | ၆ | ၇ | ၁၁ | ၁၄ | ၉ |
| ၄၆ | တောင်သာ | ၄၀၂ | ၅ | ၀ | ၁ | ၁၇ | ၁ | ၃၇ | ၃၃ | ၂ | ၂ | ၁၁ | ၈ | ၁၀ | ၆ | ၈ |
| ၄၇ | ပုသိမ်ကြီး | ၇၉၀ | ၄ | ၁၃ | ၆ | ၁၂ | ၉ | ၁၀ | ၃ | ၁၀ | ၇ | ၈ | ၅ | ၂၉ | ၄ | ၇ |
| ၄၈ | ချမ်းအေးသာစံ | ၂၈၃၇ | ၁၂ | ၁၀ | ၃ | ၁၀ | ၁၆ | ၂၀ | ၂၂ | ၉ | ၁၄ | ၁၂ | ၆ | ၆ | ၁၅ | ၅ |
| ၄၉ | အောင်မြေသာစံ | ၂၆၆၆ | ၂၈ | ၂၂ | ၈ | ၂၃ | ၈ | ၉ | ၁၁ | ၁၃ | ၁၂ | ၆ | ၈ | ၈ | ၁၅ | ၄ |
| ၅၀ | အမရပူရ | ၁၆၈၀ | ၇ | ၆ | ၇ | ၇ | ၄ | ၈ | ၅ | ၆ | ၉ | ၇ | ၄ | ၂ | ၁၀ | ၄ |
| ၅၁ | ငါန်းဇွန် | ၁၁၄ | ၀ | ၁၀ | ၁ | ၃ | ၅ | ၂ | ၃ | ၁ | ၁ | ၀ | ၈ | ၀ | ၁ | ၄ |
| ၅၂ | မိတ္ထီလာ | ၂၅၉ | ၁ | ၁ | ၁ | ၀ | ၆ | ၁ | ၁၁ | ၁ | ၀ | ၁ | ၀ | ၁ | ၂ | ၃ |
| ၅၃ | နွားထိုးကြီး | ၁၁၇ | ၁ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၇ | ၃ |
| ၅၄ | မဟာအောင်မြေ | ၂၅၈၃ | ၁၃ | ၁၄ | ၁၁ | ၉ | ၁၅ | ၁၂ | ၇ | ၆ | ၄ | ၈ | ၅ | ၇ | ၂ | ၂ |
| ၅၅ | ကျောက်ဆည် | ၂၅၀ | ၇ | ၃ | ၁၃ | ၁၀ | ၅ | ၃ | ၁၆ | ၃ | ၂ | ၁ | ၀ | ၀ | ၄ | ၂ |
| ၅၆ | တံတားဦး | ၁၃၉ | ၂ | ၆ | ၀ | ၁ | ၂ | ၀ | ၆ | ၁ | ၃ | ၃ | ၁ | ၁ | ၂ | ၂ |
| ၅၇ | မိုးကုတ် | ၈၃ | ၇ | ၀ | ၀ | ၁ | ၁၀ | ၁၂ | ၀ | ၃ | ၀ | ၁ | ၀ | ၀ | ၀ | ၂ |
| ၅၈ | မြင်းခြံ | ၅၃၃ | ၀ | ၁ | ၇ | ၀ | ၁ | ၉ | ၁ | ၁၄ | ၂ | ၇ | ၆ | ၂ | ၂ | ၁ |
| ၅၉ | ညောင်ဦး | ၁၄၇ | ၀ | ၁ | ၃ | ၁ | ၀ | ၁ | ၂ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၁ |
| ၆၀ | ကျောက်ပန်းတောင်း | ၂၁၆ | ၁ | ၅ | ၈ | ၀ | ၀ | ၂ | ၁ | ၂ | ၁၂ | ၅ | ၃ | ၁ | ၇ | ၁ |
| ၆၁ | မြစ်သား | ၁၃၁ | ၂ | ၄ | ၄ | ၀ | ၀ | ၁ | ၄ | ၁ | ၀ | ၀ | ၁၀ | ၀ | ၂ | ၁ |
| ၆၂ | စဉ့်ကိုင် | ၃၅၁ | ၆ | ၀ | ၀ | ၁၄ | ၂ | ၂ | ၀ | ၄ | ၁ | ၅ | ၉ | ၇ | ၀ | ၀ |
| ၆၃ | ပြင်ဦးလွင် | ၂၁၃ | ၂ | ၁၁ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၂ | ၀ |
| ၆၄ | သာစည် | ၁၂၃ | ၀ | ၂ | ၀ | ၁ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၆၅ | ပျော်ဘွယ် | ၁၁၇ | ၀ | ၁ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ |
| ၆၆ | မတ္တရာ | ၁၂၉ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၂ | ၁ | ၁ | ၀ | ၀ | ၀ | ၀ |
| ၆၇ | ရမည်းသင်း | ၉၆ | ၀ | ၀ | ၄ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၆၈ | ဝမ်းတွင်း | ၁၀၁ | ၅ | ၂ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၆၉ | မလှိုင် | ၅၉ | ၂ | ၀ | ၂ | ၀ | ၀ | ၁ | ၂ | ၃ | ၀ | ၀ | ၁ | ၃ | ၀ | ၀ |
| ၇၀ | သပိတ်ကျင်း | ၅၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၇၁ | စဉ့်ကူး | ၃၅ | ၁ | ၁ | ၃ | ၀ | ၅ | ၁ | ၀ | ၀ | ၀ | ၆ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၁၇၃၈၅ | ၁၂၂ | ၁၃၀ | ၁၁၆ | ၁၃၀ | ၁၀၃ | ၁၅၁ | ၁၅၄ | ၁၀၀ | ၉၅ | ၉၄ | ၉၅ | ၉၀ | ၁၀၆ | ၇၂ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇၂ | ပြည် | ၂၉၄ | ၆ | ၄ | ၂ | ၁ | ၁၀ | ၈ | ၁ | ၂ | ၅ | ၀ | ၃ | ၂၁ | ၀ | ၈ |
| ၇၃ | ပဲခူး | ၃၃၂၁ | ၁၅ | ၁၅ | ၅ | ၁၅ | ၉ | ၉ | ၆ | ၁၀ | ၀ | ၆ | ၄ | ၁၂ | ၅ | ၃ |
| ၇၄ | မိုးညို | ၁၂၈ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၁ | ၁ | ၂ | ၀ | ၀ | ၀ | ၁ | ၃ |
| ၇၅ | ဖြူး | ၅၁၆ | ၄ | ၁ | ၄ | ၅ | ၁ | ၀ | ၁ | ၀ | ၁၀ | ၀ | ၀ | ၀ | ၂ | ၁ |
| ၇၆ | ကျောက်တံခါး | ၃၇၁ | ၃ | ၀ | ၄ | ၀ | ၀ | ၀ | ၅ | ၀ | ၀ | ၅ | ၀ | ၀ | ၁ | ၁ |
| ၇၇ | ညောင်လေးပင် | ၂၇၂ | ၄ | ၁ | ၂ | ၀ | ၁ | ၅ | ၀ | ၂ | ၀ | ၄ | ၀ | ၀ | ၀ | ၁ |
| ၇၈ | ဒိုက်ဦး | ၂၃၀ | ၀ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၁ |
| ၇၉ | ကြို့ပင်ကောက် | ၁၃၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၈၀ | ပေါင်းတည် | ၁၂၁ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၈၁ | ဇီးကုန်း | ၈၄ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ |
| ၈၂ | သာယာဝတီ | ၅၂၄ | ၀ | ၁ | ၄ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၈၃ | လက်ပံတန်း | ၄၇၉ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၈ | ၀ | ၀ | ၀ |
| ၈၄ | ဝေါ | ၄၄၀ | ၀ | ၇ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၅ | ကဝ | ၃၉၅ | ၂ | ၅ | ၀ | ၄ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၆ | မင်းလှ | ၂၃၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၇ | အုတ်ဖို | ၂၀၅ | ၀ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၈ | တောင်ငူ | ၂၀၁ | ၁ | ၁ | ၅ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၂ | ၁ | ၀ | ၀ |
| ၈၉ | သနပ်ပင် | ၁၉၈ | ၀ | ၁ | ၃ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၉၀ | ရေတာရှည် | ၁၈၉ | ၀ | ၀ | ၀ | ၄ | ၁ | ၀ | ၀ | ၁၁ | ၁ | ၀ | ၂ | ၀ | ၀ | ၀ |
| ၉၁ | ရွှေတောင် | ၁၇၃ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၂ | နတ်တလင်း | ၁၄၆ | ၈ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၉၃ | အုတ်တွင်း | ၁၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၄ | ပန်းတောင်း | ၁၀၇ | ၀ | ၁ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ |
| ၉၅ | သဲကုန်း | ၁၀၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၁ | ၀ | ၀ |
| ၉၆ | ရွှေကျင် | ၇၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၇ | ထန်းတပင် | ၅၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၈ | ပေါက်ခေါင်း | ၅၆ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၉၉ | ကျောက်ကြီး | ၄၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၉၂၀၀ | ၄၄ | ၃၉ | ၃၆ | ၄၃ | ၃၄ | ၂၇ | ၁၅ | ၃၀ | ၂၀ | ၂၂ | ၂၁ | ၃၉ | ၁၀ | ၂၁ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၀၀ | ဖျာပုံ | ၂၆၇ | ၁ | ၁ | ၁ | ၁၆ | ၀ | ၀ | ၁၁ | ၄ | ၂ | ၂ | ၀ | ၀ | ၀ | ၄ |
| ၁၀၁ | မအူပင် | ၅၇၈ | ၀ | ၀ | ၀ | ၀ | ၂ | ၃ | ၀ | ၂၄ | ၂ | ၅ | ၂၈ | ၂ | ၃ | ၃ |
| ၁၀၂ | ဘိုကလေး | ၂၉၉ | ၀ | ၁ | ၁ | ၁၁ | ၀ | ၂ | ၂ | ၉ | ၃ | ၁ | ၁ | ၀ | ၂ | ၂ |
| ၁၀၃ | မြောင်းမြ | ၂၂၄ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၂ |
| ၁၀၄ | ဟင်္သာတ | ၈၇၂ | ၁၆ | ၁၆ | ၉ | ၇ | ၆ | ၉ | ၄ | ၄၅ | ၉ | ၁၅ | ၇ | ၁၇ | ၆ | ၁ |
| ၁၀၅ | ကြံခင်း | ၄၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၂ | ၀ | ၁ |
| ၁၀၆ | ပုသိမ် | ၈၂၁ | ၂ | ၆ | ၁၃ | ၈ | ၃ | ၆ | ၀ | ၁ | ၇ | ၆ | ၁ | ၂ | ၀ | ၀ |
| ၁၀၇ | မော်လမြိုင်ကျွန်း | ၅၁၀ | ၀ | ၀ | ၄ | ၁ | ၀ | ၀ | ၆ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၀၈ | ဒေးဒရဲ | ၄၃၄ | ၂ | ၀ | ၁ | ၁၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၀၉ | ကျုံပျော် | ၂၇၈ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၁၀ | ကျိုက်လတ် | ၂၅၉ | ၅ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၁၁ | လပွတ္တာ | ၂၅၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၆ | ၀ | ၀ |
| ၁၁၂ | ညောင်တုန်း | ၂၄၈ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ |
| ၁၁၃ | ရေကြည် | ၁၃၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၄ | ဝါးခယ်မ | ၁၁၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၄ | ၀ | ၀ |
| ၁၁၅ | ဓနုဖြူ | ၁၁၆ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၀ | ၂ | ၀ |
| ၁၁၆ | အင်္ဂပူ | ၁၈၉ | ၂၆ | ၇ | ၁ | ၂ | ၃ | ၁၀ | ၀ | ၀ | ၁၅ | ၂ | ၀ | ၀ | ၀ | ၀ |
| ၁၁၇ | ကျောင်းကုန်း | ၈၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၈ | ကန်ကြီးထောင့် | ၆၈ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၉ | အိမ်မဲ | ၆၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ |
| ၁၂၀ | လေးမျက်နှာ | ၆၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၁ | မြန်အောင် | ၄၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၂ | ဇလွန် | ၆၈ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၉ | ၃ | ၃ | ၉ | ၂ | ၀ | ၀ |
| ၁၂၃ | ပန်းတနော် | ၃၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၄ | သာပေါင်း | ၃၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၇ | ၀ | ၀ | ၀ |
| ၁၂၅ | ငပုတော | ၁၅ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၆၁၀၄ | ၅၇ | ၃၄ | ၃၅ | ၆၃ | ၁၈ | ၃၃ | ၂၅ | ၉၆ | ၄၇ | ၃၉ | ၆၀ | ၃၆ | ၁၅ | ၁၃ |
| ၅။ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂၆ | သံတွဲ | ၁၂၂ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၂၇ | စစ်တွေ | ၁၅၆၂ | ၀ | ၁ | ၄ | ၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| ၁၂၈ | ကျောက်ဖြူ | ၄၄၇ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၉ | မောင်တော | ၄၀၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၀ | ကျောက်တော် | ၂၆၅ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၁ | မြောက်ဦး | ၂၆၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၂ | ဘူးသီးတောင် | ၁၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၃ | တောင်ကုတ် | ၁၈၂ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၄ | အမ်း | ၁၇၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၅ | ရသေ့တောင် | ၁၅၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၆ | ပေါက်တော | ၁၂၆ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၇ | ပုဏ္ဏားကျွန်း | ၁၀၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၈ | မြေပုံ | ၉၉ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၉ | မင်းပြား | ၉၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၀ | ဂွ | ၃၉ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၁ | ရမ်းဗြဲ | ၂၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၂ | မာန်အောင် | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၄၂၆၄ | ၀ | ၃ | ၇ | ၁၀ | ၀ | ၄ | ၁ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၁ |
| ၆။ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၄၃ | အောင်လံ * | ၆၆၉ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၂၄ | ၀ | ၁ | ၃ | ၁ | ၀ | ၀ | ၃၀ |
| ၁၄၄ | စလင်း | ၃၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁၀ | ၃ | ၀ | ၂ | ၀ | ၀ | ၀ | ၁၆ |
| ၁၄၅ | ဂန့်ဂေါ | ၈၉ | ၀ | ၀ | ၁ | ၄ | ၀ | ၀ | ၃ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၇ |
| ၁၄၆ | မကွေး | ၅၃၂ | ၁ | ၄ | ၉ | ၇ | ၁၉ | ၇ | ၇ | ၁ | ၆ | ၂၀ | ၂၂ | ၆ | ၁၇ | ၂ |
| ၁၄၇ | တောင်တွင်းကြီး | ၂၆၁ | ၂ | ၁ | ၀ | ၁ | ၂ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ |
| ၁၄၈ | ပခုက္ကူ | ၁၅၁ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၄ | ၀ | ၁ | ၇ | ၀ | ၀ | ၀ | ၂ |
| ၁၄၉ | ဆော | ၁၅ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၁၅၀ | မြို့သစ် | ၂၅၃ | ၃ | ၁ | ၀ | ၀ | ၂ | ၀ | ၄ | ၀ | ၁ | ၃ | ၀ | ၀ | ၀ | ၁ |
| ၁၅၁ | မင်းဘူး | ၂၅၉ | ၃ | ၄ | ၂ | ၁ | ၀ | ၁ | ၁၄ | ၀ | ၁ | ၂ | ၁ | ၀ | ၀ | ၁ |
| ၁၅၂ | ရေနံချောင်း | ၁၈၄ | ၁ | ၁ | ၁ | ၁ | ၀ | ၃ | ၂ | ၀ | ၁၀ | ၉ | ၀ | ၁ | ၃ | ၁ |
| ၁၅၃ | ချောက် | ၁၉၉ | ၁ | ၃ | ၂ | ၁၂ | ၀ | ၄ | ၆ | ၀ | ၁ | ၈ | ၁၄ | ၂ | ၅ | ၁ |
| ၁၅၄ | မြိုင် | ၁၀၆ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၁ | ၀ | ၀ | ၅ | ၁ | ၁ | ၀ | ၁ |
| ၁၅၅ | ပွင့်ဖြူ | ၉၆ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၁ |
| ၁၅၆ | သရက် | ၇၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၃၀-၁-၂၂) အထိ | (၁၇-၁-၂၀၂၂) ရက်နေ့မှ (၃၀-၁-၂၀၂၂) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၁၇-၀၁-၂၂ | ၁၈-၀၁-၂၂ | ၁၉-၀၁-၂၂ | ၂၀-၀၁-၂၂ | ၂၁-၀၁-၂၂ | ၂၂-၀၁-၂၂ | ၂၃-၀၁-၂၂ | ၂၄-၀၁-၂၂ | ၂၅-၀၁-၂၂ | ၂၆-၀၁-၂၂ | ၂၇-၀၁-၂၂ | ၂၈-၀၁-၂၂ | ၂၉-၀၁-၂၂ | ၃၀-၀၁-၂၂ |
| ၁၅၇ | ဆိပ်ဖြူ | ၆၁ | ၁ | ၀ | ၀ | ၃ | ၂ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ |
| ၁၅၈ | ဆင်ပေါင်ဝဲ | ၄၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၅၉ | မင်းလှ | ၃၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ |
| ၁၆၀ | နတ်မောက် | ၂၀၇ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၁ | ၁ | ၁ | ၀ |
| ၁၆၁ | ရေစကြို | ၄၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| ၁၆၂ | ပေါက် | ၃၃ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၃ | ကံမ | ၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၄ | ငဖဲ | ၃၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁၉ | ၀ |
| ၁၆၅ | စေတုတ္တရာ | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၆ | ထီးလင်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၇ | မင်းတုန်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၃၆၉၅ | ၁၈ | ၁၆ | ၂၀ | ၃၂ | ၂၇ | ၁၅ | ၈၁ | ၅ | ၂၆ | ၆၇ | ၄၀ | ၁၃ | ၄၇ | ၇၁ |
| ၇။ | မွန်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၆၈ | မော်လမြိုင် * | ၁၇၅၃ | ၁၉ | ၂၂ | ၃၆ | ၁၈ | ၂၃ | ၄ | ၂၆ | ၂၂ | ၄၆ | ၂၂ | ၃၃ | ၃၇ | ၂၅ | ၂၆ |
| ၁၆၉ | ပေါင် | ၁၅၇ | ၂ | ၁ | ၂ | ၁ | ၁ | ၀ | ၂ | ၁ | ၁ | ၀ | ၂ | ၂ | ၂ | ၃ |
| ၁၇၀ | သထုံ | ၄၉၁ | ၁ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၂ | ၀ | ၂ | ၂ | ၁ |
| ၁၇၁ | ကျိုက်ထို | ၃၁၈ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| ၁၇၂ | ရေး | ၁၉၅ | ၃ | ၀ | ၁ | ၂ | ၃၅ | ၀ | ၀ | ၁ | ၀ | ၄၀ | ၀ | ၀ | ၃ | ၁ |
| ၁၇၃ | သံဖြူဇရပ် | ၆၇ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၇၄ | ကျိုက်မရော | ၇၉ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၁ |
| ၁၇၅ | မုဒုံ | ၉၈ | ၃ | ၄ | ၀ | ၅ | ၁ | ၀ | ၆ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ |
| ၁၇၆ | ချောင်းဆုံ * | ၆၄ | ၀ | ၀ | ၀ | ၅ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၇၇ | ဘီးလင်း | ၁၇၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၃ | ၀ |
| | စုစုပေါင်း | ၃၃၉၂ | ၃၀ | ၃၁ | ၄၂ | ၃၁ | ၆၃ | ၅ | ၃၇ | ၂၈ | ၄၈ | ၆၇ | ၃၆ | ၄၂ | ၃၆ | ၃၆ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၇၈ | ကန့်ဘလူ | ၂၁၄ | ၁၇ | ၁၅ | ၈ | ၁ | ၃ | ၂ | ၅ | ၁၂ | ၂၆ | ၀ | ၁၃ | ၃ | ၀ | ၂၀ |
| ၁၇၉ | မုံရွာ | ၂၉၂ | ၁ | ၉ | ၀ | ၁၀ | ၇ | ၇ | ၃ | ၁၂ | ၅ | ၁၃ | ၁၀ | ၃ | ၇ | ၁၃ |
| ၁၈၀ | မြင်းမူ | ၈၉ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၃၄ | ၁ | ၂ | ၁၃ | ၀ | ၀ | ၈ |
| ၁၈၁ | ဆားလင်းကြီး | ၁၁၇ | ၀ | ၄ | ၄ | ၀ | ၀ | ၀ | ၁၄ | ၀ | ၀ | ၃ | ၁၀ | ၀ | ၀ | ၆ |
| ၁၈၂ | စစ်ကိုင်း | ၅၈၇ | ၄ | ၁၆ | ၉ | ၀ | ၆ | ၃ | ၁ | ၆ | ၁၁ | ၀ | ၃ | ၃ | ၆ | ၅ |
| ၁၈၃ | ကလေး | ၅၀၂ | ၀ | ၄ | ၁၃ | ၂ | ၅ | ၂ | ၁ | ၂ | ၅ | ၆ | ၂ | ၅ | ၅ | ၃ |
| ၁၈၄ | ရွှေဘို | ၂၃၆ | ၁ | ၀ | ၁ | ၂ | ၀ | ၁ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၃ | ၃ |
| ၁၈၅ | ဒီပဲယင်း | ၄၈ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၅ | ၀ | ၀ | ၁ | ၀ | ၁ | ၂ |
| ၁၈၆ | ယင်းမာပင် | ၁၀၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၆ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၁ |
| ၁၈၇ | ချောင်းဦး | ၅၉ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၇ | ၁ | ၄ | ၀ | ၁ | ၁ |
| ၁၈၈ | ဝက်လက် | ၄၉ | ၀ | ၁ | ၄ | ၀ | ၀ | ၂ | ၀ | ၃ | ၂ | ၀ | ၁ | ၀ | ၀ | ၁ |
| ၁၈၉ | တမူး | ၁၂၃ | ၂ | ၁ | ၄ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၄ | ၀ |
| ၁၉၀ | တန့်ဆည် | ၅၉ | ၁ | ၀ | ၄ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၉၁ | အင်းတော် | ၄၉ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၀ |
| ၁၉၂ | ပုလဲ | ၄၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၃ | ရေဦး | ၃၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၄ | မင်းကင်း | ၄၂ | ၁ | ၀ | ၀ | ၅ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ |
| ၁၉၅ | ဟုမ္မလင်း | ၃၈ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၆ | ကောလင်း | ၇၅ | ၁ | ၀ | ၀ | ၀ | ၂၄ | ၀ | ၅ | ၀ | ၂ | ၀ | ၃ | ၀ | ၅ | ၀ |
| ၁၉၇ | ကသာ | ၂၉ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၈ | ခင်ဦး | ၂၆ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၉ | ကနီ | ၃၂ | ၁ | ၀ | ၃ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၀ | ဘုတလင် | ၂၈ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၁ | ကျွန်းလှ | ၂၄ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၂ | မြောင် | ၃၆ | ၀ | ၀ | ၀ | ၁ | ၃ | ၀ | ၅ | ၁ | ၃ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၀၃ | အရာတော် | ၁၉ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ |
| ၂၀၄ | ကလေးဝ | ၁၅ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၅ | ဝန်းသို | ၁၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၆ | ဖောင်းပြင် | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၇ | နန်းယွန်း | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၈ | ထီးချိုင့် | ၂၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁၇ | ၁ | ၀ | ၀ | ၀ |
| ၂၀၉ | ခန္တီး | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၀ | လေရှီး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၁ | ဖန်းမောက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၂ | မော်လိုက် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၀ |
| ၂၁၃ | ပင်လည်ဘူး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၃၀၂၂ | ၃၃ | ၅၅ | ၅၂ | ၃၂ | ၅၃ | ၂၅ | ၄၈ | ၈၁ | ၆၅ | ၄၆ | ၆၉ | ၁၉ | ၃၅ | ၆၃ |
| ၉။ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂၁၄ | ဘားအံ | ၅၈၂ | ၃ | ၁ | ၀ | ၀ | ၀ | ၅ | ၀ | ၃ | ၀ | ၁ | ၀ | ၃ | ၀ | ၁ |
| ၂၁၅ | ကော့ကရိတ် | ၂၂၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၁၆ | မြဝတီ | ၄၁၁ | ၄ | ၀ | ၃ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၅ | ၂ | ၀ |
| ၂၁၇ | လှိုင်းဘွဲ့ | ၇၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၁၈ | ကြာအင်းဆိပ်ကြီး | ၁၅ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၉ | သံတောင်ကြီး | ၁၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၀ | ဖာပွန် | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| | စုစုပေါင်း | ၁၃၂၃ | ၈ | ၁ | ၃ | ၂ | ၂ | ၇ | ၀ | ၃ | ၀ | ၁ | ၂ | ၉ | ၃ | ၂ |
| ၁၀။ | နေပြည်တော် | | | | | | | | | | | | | | | |
| ၂၂၁ | လယ်ဝေး | ၁၀၉ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| ၂၂၂ | ဇေယျာသီရိ | ၅၂၃ | ၀ | ၀ | ၈ | ၁၀ | ၁၀ | ၀ | ၁ | ၂ | ၂ | ၀ | ၂ | ၀ | ၀ | ၀ |
| ၂၂၃ | ဇမ္ဗူသီရိ | ၂၄၂ | ၃ | ၃ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ |
| ၂၂၄ | ပုဗ္ဗသီရိ | ၁၁၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၂၅ | ပျဉ်းမနား | ၁၀၃ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ |
| ၂၂၆ | တပ်ကုန်း | ၅၇ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၁ | ၂ | ၀ |
| ၂၂၇ | ဥတ္တရသီရိ | ၄၅ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၈ | ဒက္ခိဏသီရိ | ၃၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၂၃၃ | ၅ | ၅ | ၉ | ၁၆ | ၁၁ | ၀ | ၇ | ၉ | ၃ | ၂ | ၅ | ၁ | ၃ | ၁ |
| ၁၁။ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂၂၉ | ဖားကန့် | ၅၈၇ | ၁ | ၂ | ၁၂ | ၂ | ၅ | ၁၈ | ၃၅ | ၂၂ | ၇ | ၅ | ၈ | ၁၀ | ၄ | ၆ |
| ၂၃၀ | မြစ်ကြီးနား | ၁၇၃ | ၁ | ၂ | ၁၃ | ၀ | ၃ | ၉ | ၁ | ၁ | ၇ | ၅ | ၅ | ၅ | ၁ | ၇ |
| ၂၃၁ | မိုးညှင်း | ၆၀ | ၂ | ၀ | ၁ | ၁ | ၀ | ၆ | ၁ | ၀ | ၀ | ၀ | ၃ | ၁ | ၁ | ၀ |
| ၂၃၂ | ရွှေကူ | ၂၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ |
| ၂၃၃ | ဗန်းမော် | ၂၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၄ | မိုးကောင်း | ၂၆ | ၀ | ၀ | ၀ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၆ | ၀ |
| ၂၃၅ | ဝိုင်းမော် | ၂၈ | ၁ | ၀ | ၀ | ၀ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၅ | ၀ |
| ၂၃၆ | မိုးမောက် | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၇ | ပူတာအို | ၇ | ၀ | ၂ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၈ | တနိုင်း | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၉ | ဆွမ်ပရာဘွမ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၉၄၁ | ၆ | ၆ | ၂၈ | ၃ | ၁၆ | ၄၀ | ၃၇ | ၂၄ | ၁၅ | ၁၁ | ၁၈ | ၁၆ | ၁၇ | ၁၃ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၂၄၀ | မြိတ် | ၃၂၃ | ၀ | ၇ | ၆ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၄၁ | ထားဝယ် | ၁၂၂ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၂ | လောင်းလုံ | ၄၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၃ | ပုလော | ၄၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၄ | ရေဖြူ | ၃၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ |
| ၂၄၅ | ကော့သောင်း | ၂၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၆ | သရက်ချောင်း | ၁၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၇ | ကျွန်းစု | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၈ | ဘုတ်ပြင်း | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၉ | တနင်္သာရီ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၆၃၆ | ၀ | ၁၁ | ၇ | ၀ | ၀ | ၀ | ၆ | ၁ | ၂ | ၂ | ၀ | ၀ | ၁ | ၀ |
| ၁၃။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | | | | | | | | | | | | | | | |
| ၂၅၀ | တောင်ကြီး | ၂၄၄ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၂ | ၁ | ၁ | ၀ | ၀ | ၂ | ၁ | ၀ |
| ၂၅၁ | ကလော | ၁၀၇ | ၀ | ၀ | ၃ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ |
| ၂၅၂ | ရွာင် | ၅၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၅၃ | ရပ်စောက် | ၃၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၄ | ပင်လောင်း | ၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၅၅ | လွိုင်လင် | ၂၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၅၆ | ဆီဆိုင် | ၁၉ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၇ | ပင်းတယ | ၁၈ | ၀ | ၀ | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၈ | ညောင်ရွှေ | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၅၉ | ဟိုပုံး | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၀ | နမ့်စန် | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၁ | ဖယ်ခုံ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၂ | မိုးနဲ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၆၃ | မိုင်းရှူး | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၄ | လင်းခေး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၅ | ကျေးသီး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၆ | မိုင်းပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၇ | မောက်မယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၅၇၅ | ၁ | ၁ | ၆ | ၁ | ၅ | ၃ | ၃ | ၁ | ၁ | ၄ | ၁ | ၄ | ၁ | ၀ |
| ၁၄။ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၂၆၈ | တီးတိန် | ၁၅၄ | ၅ | ၇ | ၁ | ၁ | ၀ | ၁ | ၀ | ၂ | ၄ | ၂ | ၀ | ၀ | ၁ | ၀ |
| ၂၆၉ | မင်းတပ် | ၄၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ |
| ၂၇၀ | မတူပီ | ၃၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၁ | ပလက်ဝ | ၃၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၂ | တွန်းဇံ | ၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၃ | ဟားခါး | ၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၄ | ဖလမ်း | ၂၇ | ၂ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၅ | ကန်ပက်လက် | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၆ | ထန်တလန် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၃၅၁ | ၈ | ၉ | ၁ | ၁ | ၀ | ၁ | ၁ | ၄ | ၅ | ၄ | ၀ | ၀ | ၁ | ၀ |
| ၁၅။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | | | | | | | | | | | | | | | |
| ၂၇၇ | မူဆယ် | ၈၅ | ၀ | ၃ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၈ | ၀ | ၃ | ၂ |
| ၂၇၈ | သီပေါ | ၁၆ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၂၇၉ | မဘိမ်း | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ |
| ၂၈၀ | လားရှိုး | ၉၂ | ၄ | ၃ | ၀ | ၂ | ၄ | ၂၆ | ၂ | ၁ | ၀ | ၁ | ၃ | ၂ | ၁ | ၀ |
| ၂၈၁ | နောင်ချို | ၃၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၂ | ကျောက်မဲ | ၄၃ | ၃ | ၁ | ၀ | ၂ | ၂ | ၁ | ၀ | ၁ | ၃ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၈၃ | နမ့်ဆန် | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၄ | ကွတ်ခိုင် | ၂၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ |
| ၂၈၅ | မိုးမိတ် | ၁၈ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ |
| ၂၈၆ | နမ့်ခမ်း | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၀ |
| ၂၈၇ | နမ္မတူ | ၈ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၈ | တန့်ယန်း | ၉ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၈၉ | မိုင်းရယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၀ | သိန္နီ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၁ | ဟိုပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၂ | ကွမ်လုံ | ၃ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၃၇၅ | ၁၀ | ၇ | ၀ | ၈ | ၁၀ | ၂၈ | ၇ | ၂ | ၄ | ၅ | ၁၂ | ၅ | ၉ | ၄ |
| ၁၆။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | | | | | | | | | | | | | | | |
| ၂၉၃ | တာချီလိတ် | ၁၀၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| ၂၉၄ | မိုင်းယောင်း | ၁၆ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၅ | ကျိုင်းတုံ | ၇ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၆ | မိုင်းဖြတ် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၇ | မိုင်းတုံ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၈ | မိုင်းပြင်း | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၉ | မိုင်းဆတ် | ၆ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| | စုစုပေါင်း | ၁၅၀ | ၀ | ၄ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ |
| ၁၇။ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃၀၀ | လွိုင်ကော် | ၆၄ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၃၀၁ | မယ်စဲ့ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၃၀၂ | ဒီမောဆို | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၇၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၃၉၈၆၄ | ၄၄၉ | ၄၇၇ | ၄၄၈ | ၄၇၈ | ၄၄၅ | ၄၂၅ | ၅၀၇ | ၄၇၆ | ၃၈၃ | ၄၂၃ | ၄၂၂ | ၃၅၀ | ၃၆၃ | ၃၄၉ |

မှတ်ချက်။ - (၃၀-၁-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားခဲ့သော မြို့နယ်စုစုပေါင်း (၃၀၂) မြို့နယ်ရှိပြီဖြစ်ပါသည်။

- အထက်ဖော်ပြပါ စာရင်းတွင်မပါဝင်သောမြို့နယ်များသည် ယနေ့အထိ COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များဖြစ်ပါသည်။

* တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၁) ဦး၊ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၁) ဦးနှင့် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ (၁) ဦးတို့အား အသွားအလာကန့်သတ်ထားရှိခြင်းကို တင်းကျပ်စွာ ဆောင်ရွက်ထားရှိပါသည်။

အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ ပေးပို့သော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# နိုင်ငံတော်၏ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူနိုင်ရေး အလှူငွေကျပ်သိန်း ၁၀၀၀ ကျော် လှူဒါန်း

**ပဲခူး ဇန်နဝါရီ ၃၁**

ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းတိုက် ဆရာတော်နှင့် ရွှေချောင်းတောရ စာသင်တိုက် ဆရာတော်တို့က ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျောင်းတိုက်များ၌ နိုင်ငံတော်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဝယ်ယူနိုင်ရေး အလှူငွေပေးအပ် လှူဒါန်းခြင်းအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း အမှူးပြုသော ဒါယကာ၊ ဒါယိကာမများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဝင်းနိမ္မိတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ မုနိန္ဒာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဝင်းနိမ္မိတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသနှင့် ရွှေချောင်းတောရစာသင်တိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသ မြို့နယ်သံဃနာယကဥက္ကဋ္ဌ (ရွှေကျင်)တို့က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ဩဝါဒကထာမြွက်ကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဝမ်းမြောက်စကား ပြန်လည်လျှောက်ထားသည်။

ယင်းနောက် ဝင်းနိမ္မိတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်နှင့် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ စုပေါင်းလှူဒါန်းထားသော အလှူငွေကျပ်သိန်း ၁၁၀၀ ကို ဆရာတော်ကိုယ်စား တပည့်ဒါယကာတစ်ဦးက လည်းကောင်း၊ ရွှေချောင်းတောရစာသင်တိုက်ဆရာတော်ဘဒ္ဒန္တပညာဝံသ မြို့နယ်သံဃနာယကဥက္ကဋ္ဌ (ရွှေကျင်)နှင့် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများက စုပေါင်းလှူဒါန်းသော အလှူငွေကျပ်သိန်း ၇၀ ကို ဆရာတော်၏ ကိုယ်စား တပည့်ဒါယကာတစ်ဦးက လည်းကောင်း ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ယူမှတ်တမ်းပြန်လည်ပေးအပ်ကြောင်း သိရသည်။

**ဟိန်းထက်**
**(ပဲခူး)**



# ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၃၁**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ကိုရီးယားသမ္မတနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် Dragon Tun ကုမ္ပဏီတို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း(MAI)စင်းလုံးငှား ကယ်ဆယ်ရေးလေယာဉ်ဖြင့်ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၇၅ ဦး၊ အမေရိကန် ပြည်ထောင်စုမှ သုံးဦး၊ ဗီယက်နမ်မှ ကိုးဦး၊ စင်ကာပူမှ နှစ်ဦး၊ နယူးဇီလန်မှ နှစ်ဦး၊ လိုက်ဘေးရီးယားမှ တစ်ဦး၊ အီဂျစ်မှ နှစ်ဦး၊ စပိန်မှ ကိုးဦး၊ ဘရာဇီးမှ လေးဦး၊ ဂရိမှ ရှစ်ဦး၊ ပီရူးမှ နှစ်ဦး၊ အင်ဒိုနီးရှားမှ သုံးဦး၊ နယ်သာလန်မှ တစ်ဦးနှင့် အိုက်စလန်မှ တစ်ဦး မြန်မာသင်္ဘောသား စုစုပေါင်း ၁၂၂ ဦး လိုက်ပါကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကိုအလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးသည်။




ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်းစဉ်**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် ဇန်နဝါရီ ၃၁**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီ မှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသန ဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။ **သတင်းစဉ်**




## ညအပူချိန်များ လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၃၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ညအပူချိန်များ လျော့နည်းနိုင်သည်။

**မိုး/ဇလ**

## ၃၁-၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၆၆၆၃၁၉၈ | ၁၆၃၃၁၂၄၈ | ၄၅၀၄၇၈ |
| ၂။ | အိန္ဒိယ | ၁၀၇၅၀၂၂၄ | ၁၀၄၂၄၆၁၉ | ၁၅၄၃၅၈ |
| ၃။ | ဘရာဇီး | ၉၁၇၆၉၇၅ | ၇၉၉၈၂၄၆ | ၂၂၃၉၇၁ |
| ၄။ | ရုရှား | ၃၈၅၀၄၃၉ | ၃၃၀၀၀၀၄ | ၇၃၁၈၂ |
| ၅။ | ဗြိတိန် | ၃၇၉၆၀၈၈ | ၁၆၇၃၉၃၆ | ၁၀၅၅၇၁ |
| ၆။ | ပြင်သစ် | ၃၁၇၇၈၇၉ | ၂၂၄၁၂၀ | ၇၅၈၆၂ |
| ၇။ | စပိန် | ၂၈၃၀၄၇၈ | စိစစ်ဆဲ | ၅၈၃၁၉ |
| ၈။ | အီတလီ | ၂၅၄၁၇၈၃ | ၁၉၉၀၁၅၂ | ၈၈၂၇၉ |
| ၉။ | တူရကီ | ၂၄၇၀၉၀၁ | ၂၃၅၅၄၀၉ | ၂၅၈၆၅ |
| ၁၀။ | ဂျာမနီ | ၂၂၁၈၃၂၉ | ၁၉၂၁၇၀၀ | ၅၇၅၃၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

### ၃၁ - ၁ - ၂၀၂၁

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၀၇၈၃၁၄ | ၈၇၃၂၂၁ | ၂၉၉၉၈ |
| ဖိလစ်ပိုင် | ၅၂၅၆၁၈ | ၄၈၇၅၅၁ | ၁၀၇၄၉ |
| မလေးရှား | ၂၁၄၉၅၉ | ၁၆၆၀၄၉ | ၇၆၀ |
| မြန်မာ | ၁၄၀၁၄၅ | ၁၂၅၀၇၂ | ၃၁၃၁ |
| စင်ကာပူ | ၅၉၅၃၆ | ၅၉၁၉၆ | ၂၉ |
| ထိုင်း | ၁၈၇၈၂ | ၁၁၆၁၅ | ၇၇ |
| ဗီယက်နမ် | ၁၈၁၇ | ၁၄၅၇ | ၃၅ |
| ကမ္ဘောဒီးယား | ၄၆၅ | ၄၄၃ | ၀ |
| ဘရူနိုင်း | ၁၈၀ | ၁၇၀ | ၃ |
| လာအို | ၄၄ | ၄၁ | ၀ |

## ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန် နိုင်ငံတော်သို့ အလှူငွေများ ပေးအပ်လှူဒါန်း

**စစ်ကိုင်း ဇန်နဝါရီ ၃၁**

စစ်ကိုင်းမြို့ မိဂဒါဝုန်ချောင် သီလရှင်ဆရာကြီး ဒေါ်ပုညကာမီ (စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းသီလရှင် အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ) ၏ သက်တော် ၆၉ နှစ်မွေးနေ့ အထိမ်းအမှတ် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန် နိုင်ငံတော်သို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က မိဂဒါဝုန်ချောင်၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးအတွက် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မှ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပဏ္ဍိတာဝရာဘိဝံသက ငွေကျပ်သိန်း ၁၀၀ ၊ မိဂဒါဝုန်ချောင်မှ တိုင်းဒေသကြီး သီလရှင်ဥက္ကဋ္ဌကြီး ဒေါ်ပုညကာမီက ငွေကျပ်သိန်း ၁၀၀၊ စေတနာရှင် အလှူရှင်များက ငွေကျပ် ၅၇ သိန်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**ခိုင်ဇေယျ**

## လင်းခေးခရိုင်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင်အတွင်း၌ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉၃ ဒသမ ၃၃၅ သန်းဖြင့် မိုင်းပန်မြို့ အထွက်မှ နောင်လုံရွာထိကျောက်လမ်း (၂/၀) မိုင်ကို ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ပြည်နယ်ခွင့်ပြု ရန်ပုံငွေကျပ် ၁၂၃ ဒသမ ၄၁၈ သန်းဖြင့် လင်းခေးမြို့နယ် နောင်လုံအုပ်စု နောင်တောင်-နောင်ခေါက်-နမ့်နော်လမ်း(၃/၀) မိုင်အနက် (၂/၀)မိုင် ပြီးစီး၍ ကျန်(၁/၀)မိုင် ကျောက်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၄၂၅ သန်းဖြင့် ဒါးဆိပ်-နောင်လုံဝမ်စစ်-ဟိုက်ကွေ့လမ်းမှ ပေါ့ဆင်ကျေးရွာအဝင်လမ်းပေါ် ရှိ ၁၅ ပေ သံကူကွန်ကရစ်ချောင်းကူး တံတားတစ်စင်း တည်ဆောက်ခြင်း၊ မိုးနဲမြို့နယ်အတွင်း၌ ပြည်နယ်ရန်ပုံငွေကျပ် ၁၈၅ ဒသမ ၁၂ သန်းဖြင့် မိုးနဲ-နားခံ-ကျိုင်းတောင်းလမ်းမကြီးမှ ဟိုဖိုင်-တုံကျိုင်းကျေးရွာအဝင်လမ်း (၃/၄)မိုင်အနက်(၂/၀)မိုင် ကျောက်ခင်းပြီးဖြစ်၍ ကျန်ရှိသော(၁/၄) မိုင်ကို ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

လင်းခေးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ခေတ္တခရိုင်ကြီးကြပ်ရေးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသည် လင်းခေးမြို့နယ်တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့်အတူ ဇန်နဝါရီလ နောက်ဆုံးပတ်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

အဆိုပါဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လင်းခေးခရိုင်အတွင်းရှိ ကျေးရွာ ၁၃ ရွာ၊ အိမ်ခြေ၊ အိမ်ထောင်စု ၆၁၂ ရှိ၊ လူဦးရေ ၂၇၄၇ ဦးတို့အတွက် လမ်းပန်း ဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သီဟစည်သူ**

## ပလက်ဝမြို့နယ်အတွင်းရှိ စာသင်ကျောင်းများအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများထောက်ပံ့

**ဆမီး ဇန်နဝါရီ ၃၁**

ယူနီဆက်ဖ်မြန်မာ၏ ပံ့ပိုးမှုဖြင့် ပြည်သူ့မျှော်လင့်ချက်အသင်းမှ ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း စုစုပေါင်း ၄၉ ကျောင်းအတွက် ကိုဗစ်-၁၉ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ဇန်နဝါရီလအတွင်းက ဆောင်ရွက်သည်။

ထိုသို့ ပေးအပ်ရာတွင် အထက်တန်းအဆင့်ကျောင်းများ၌ ဂါလန် ၁၀၀၀ ဆံ့ ရေတိုင်ကီ သုံးလုံး၊ လက်ဆေးဘေစင်ငါးခု၊ ရေသန့်စက်နှင့် အမှိုက်ပုံး၊ လက်သန့်ဆေးရည်ဘူး ၃၀ နှင့် ကိုဗစ်-၁၉ အသိပညာပေး ဗီနိုင်းကိုးချပ်၊ အလယ်တန်းအဆင့်ကျောင်းများ၌ ဂါလန် ၁၀၀၀ ဆံ့ ရေတိုင်ကီနှစ်လုံး၊ လက်ဆေးဘေစင်သုံးခု၊ ရေသန့်စက်နှင့် အမှိုက်ပုံး၊ လက်သန့်ဆေးရည်ဘူး ၃၀ နှင့် ကိုဗစ်-၁၉ အသိပညာပေး ဗီနိုင်းကိုးချပ်၊ မူလတန်းအဆင့်ကျောင်းများ၌ ဂါလန် ၁၀၀၀ ဆံ့ ရေတိုင်ကီ တစ်လုံး၊ လက်ဆေးဘေစင် နှစ်ခု၊ ရေသန့်စက်နှင့် အမှိုက်ပုံး၊ လက်သန့်ဆေးရည်ဘူး ၃၀ နှင့် ကိုဗစ်-၁၉ အသိပညာပေး ဗီနိုင်းကိုးချပ်တို့ကို ထောက်ပံ့လှူဒါန်းကြောင်း ပြည်သူ့မျှော်လင့်ချက်လူမှုဖွံ့ဖြိုးရေးအသင်း၊ ချင်းပြည်နယ် တာဝန်ခံ ဒါရိုက်တာ ဦးဇော်လီအောင်ထံမှ သိရသည်။

**ဆမီး(ပြန်/ဆက်)**




အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၁- ၁ -၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၂၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၄၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၄၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၆၀/၆၉၅ | ကျပ် | ၆၉၅/၇၀၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၇၀/၇၁၀ | ကျပ် | ၇၁၀/၇၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၂၅/၆၅၅ | ကျပ် | ၆၉၀/၆၉၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ | ကျပ် | ၈၁၅/၈၃၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၁ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၂ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၁ . ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၂၂ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၂ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၉ . ၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၆ . ၄၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၅၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၉ . ၂၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၁၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၄၅၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၇၀၀ | ၃၀၂၁ | ၂၈၉၅၁၈၀၀ |
| MTSH | ၃၉၀၀ | ၃၉၀၀ | ၉၇၉ | ၃၇၈၀၆၀၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၁၁၈ | ၂၅၉၆၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂၂၆ | ၆၁၀၂၀၀ |
| EFR | ၃၆၀၀ | ၃၆၀၀ | ၂၄ | ၈၆၉၀၀ |

ခင်ရတနာ - စုစည်းသည်

# ကျွန်တော်နဲ့ ကရုဏာတရားနဲ့ အသိတရားအခြေခံတဲ့ ခေါင်းဆောင်မှု



## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**ခေါင်းဆောင်မှုလို့ပြောရင် မျက်စိထဲပေါ်လာတဲ့ရုပ်ပုံလွှာက ရဲစွမ်းသတ္တိအပြည့်ရှိတဲ့၊ ပြတ်သားတဲ့ သူရဲကောင်းစစ်သူကြီး မြင်းဖြူစီးနင်းပြီး ဓားရှည်ကြီးဝင့်တဲ့သူ၊ မြန်မာ့သမိုင်းမှာ အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ လွတ်လပ်ရေးကြိုးပမ်းမှုကို ဦးဆောင်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်း...ထင်ရှားကျော်ကြားတဲ့သူတွေ ဖြစ်ကြပါတယ်။ ဒါကြောင့်လည်း ခေါင်းဆောင်မှုပညာမှာ (Great Man Theory) ထူးခြားတဲ့ အမျိုးသားခေါင်းဆောင်နဲ့ပတ်သက်တဲ့ အတွေးအခေါ်၊ အယူအဆတွေကို လက်ကိုင်ထားခဲ့ပါတယ်။**

### အကြောက်တရားနဲ့ မေတ္တာတရား

၂၁ ရာစုမှာ အထက်ပါအယူအဆ၊ အတွေးအခေါ်တွေကို ပြန်လည်သုံးသပ် ဆန်းစစ်ပြီး အတွေးအသစ်၊ အမြင်အသစ်၊ အယူအဆအသစ်တွေနဲ့ အစားထိုးလာတာ တွေ့ရပါတယ်။ အထူးသဖြင့် မေတ္တာကရုဏာကို ရှေ့တန်းတင်ပြီး ခေါင်းဆောင်မှုပေးဖို့ လိုအပ်ကြောင်းကို လက်ခံလာပါတယ်။ ခေါင်းဆောင်မှုရဲ့အစသည် မေတ္တာတရားဖြစ်ကြောင်း အသိအမှတ်ပြုလာပါတယ်။ ခေါင်းဆောင်မှုပညာမှာ ပုံစံဟန်အမျိုးမျိုးနဲ့ ဦးဆောင်နိုင်ကြောင်း ဖော်ထုတ်ခဲ့တာ တွေ့ရပါတယ်။ အခြေခံစဉ်းစားချက်အနေနဲ့ အစွန်းနှစ်ဖက်ကို မီးမောင်းထိုးခဲ့ပါတယ်။ ဒီအစွန်းနှစ်ခုဟာ လူသားတိုင်းရဲ့ စိတ်ပိုင်းဆိုင်ရာ ခံယူမှုပဲဖြစ်ပါတယ်။ တစ်ဖက်က အကြောက်တရားကိုအခြေခံပြီး တစ်ဖက်ကတော့ မေတ္တာကိုဗဟိုပြုခြင်း ဖြစ်ပါတယ်။ ခေါင်းဆောင်ကို ကြောက်ရမယ်၊ ခေါင်းဆောင်လုပ်သူကလည်း အကြောက်တရားကို အခြေခံပြီး စီမံရမယ်လို့ တစ်ချိန်က လက်ခံယူဆကြတယ်။ ဆန့်ကျင်ဘက်အနေနဲ့ ခေါင်းဆောင်ဟာ မေတ္တာကိုအခြေခံပြီး စီမံတယ်။ မိမိကိုယ်တိုင်အနေနဲ့ အေးချမ်းတယ်။ အကြောက်တရားကို အခြေပြုတဲ့ ခေါင်းဆောင်တစ်ဦးရဲ့ စိတ်နေစိတ်ထားဟာ အရာရာကို သံသယနဲ့ချဉ်းကပ်တယ်။ မကောင်းမြင်ဝါဒကို ရှေ့တန်းတင်တယ်။ ပြစ်ဒဏ်ပေးမှုကို တွင်တွင်အသုံးပြုပါတယ်။ အရာရာကို အရှုံးအနိုင် စစ်ပွဲအနေနဲ့ မြင်ပြီး ဖျက်ဆီးမှုကို နှစ်သက်တယ်။ အနိုင်ရလိုတဲ့ စိတ်ဓာတ်ပြင်းပြတယ်။ ပြောဆိုဆက်ဆံတဲ့နေရာမှာ ပြင်းပြင်းထန်ထန်ကျင့်သုံးခဲ့တာ တွေ့ရတယ်။ ဆဲဆိုကြိမ်းမောင်းခြင်းကို အားကိုးခဲ့တယ်။

အကြောက်တရားတစ်ခုကို သေချာမှု ရှိ မရှိ ပြန်လည်သုံးသပ်မှုမရှိဘဲ ပေါက်ကွဲတတ်ပါတယ်။ ‘ကိုယ်လိုသူလို’ ခွဲခြားပြီး မယုံကြည်မှုကို ရှင်သန်စေပါတယ်။ အရာရာကို အကြောက်တရားကိုအခြေခံပြီး စဉ်းစားဆုံးဖြတ်ခဲ့ပါတယ်။ အခုလိုပုံစံနဲ့ ဦးဆောင်တဲ့အခါ ဖြတ်လမ်းတွေကိုအားပေးပြီး တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုကို ပျက်ပြားစေပါတယ်။ နောက်ကျောကို ဓားနဲ့ထိုးတဲ့ အပြုအမူကို လက်ခံပါတယ်။ ဒါကြောင့်လည်း အလုပ်ခွင်ပတ်ဝန်းကျင်ဟာ ရှင်သန်မှုမရှိဘဲ မလုပ်ရဲမကိုင်ရဲတဲ့ ယဉ်ကျေးမှုကို တည်ဆောက်ထားပါတယ်။ ကိုယ်ပိုင်ဆုံးဖြတ်မှုတွေကို မကျင့်သုံးဘဲ အရာရာကို အထက်ကိုတင်ပြပြီး လူကြီးကိုအားကိုးတဲ့အကျင့်တွေကို လက်ခံကြတယ်။ အမှားလုပ်တဲ့ ယဉ်ကျေးမှုပျက်ပြားပြီး စွန့်စားမှုတွေနဲ့ ပတ်ဝန်းပေးမှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော်အခုလိုတင်ပြခဲ့တဲ့ အကြောက်တရားနဲ့ စီမံအုပ်ချုပ်တဲ့ ပုံစံတွေကို ယနေ့အချိန်အထိ လုပ်ငန်းတွေမှာ၊ အဖွဲ့အစည်းတွေမှာ၊ ဌာနတွေမှာ ကျင့်သုံးနေတာ ဝမ်းနည်းစရာ တွေ့ရပါတယ်။

### ခေါင်းဆောင်မှုရဲ့အရေးကြီးဆုံးက နှိမ့်ချမှု

လူကြီးလုပ်သူက ကိုယ့်ကိုကြောက်အောင် အမြဲဖန်တီးတယ်။ ကြောက်တဲ့အမူအရာ ပြသတာကိုလည်း ကျေနပ်တယ်၊ နှစ်သက်တယ်။ အခုလိုအခြေအနေမှာ လက်အောက်ငယ်သားများအနေနဲ့ ပြောရဲဆိုရဲ၊ တင်ပြရဲမှုတွေ မရှိတော့ဘဲ အမှားမလုပ်ဖို့ဆိုတဲ့ အာရုံပဲရှိကြတယ်။ အခုလိုပုံစံနဲ့ စီမံအုပ်ချုပ်ဦးဆောင်မှုတွေကြောင့် လုပ်ငန်းတွေ နေ့ကွေးတယ်။ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှု အားနည်းတယ်။ အခုလိုဖြစ်တာက ခေါင်းဆောင်လုပ်သူနဲ့ သက်ဆိုင်ပါတယ်။ “ငါးပုပ်ရင် ခေါင်းကစပြီး ပုပ်တယ်” ဆိုတဲ့ အဆိုအတိုင်း လူကြီးလုပ်တဲ့သူအနေနဲ့ မိမိရဲ့ အပြုအမူ၊ အပြောအဆို၊ အတွေးအခေါ်တွေကြောင့် ဖြစ်လာတဲ့ရလဒ်တွေကို သဘောပေါက်ဖို့ အရေးကြီးလှပါတယ်။ ဆန့်ကျင်ဘက်ဦးဆောင်မှုပုံစံက မေတ္တာနဲ့ စီမံခြင်းဖြစ်ပါတယ်။ သနားကြင်နာမှု၊ ယုံကြည်မှု၊ အပြန်အလှန်လေးစားမှုကို အခြေခံခြင်း ဖြစ်ပါတယ်။ အခုလို ဆောင်ရွက်ခြင်းကြောင့် ခေါင်းဆောင်သူရဲ့ အားနည်းချက်ကြောင့် မဟုတ်ကြောင်း လက်ခံရမှာသာဖြစ်ပါတယ်။ ဒီနေရာမှာ အရေးကြီးတဲ့ အကြောင်းကိစ္စတစ်ရပ်က ဦးဆောင်သူတွေရဲ့ စိတ်ထားနှိမ့်ချမှု ဖြစ်ပါတယ်။ ခေါင်းဆောင်လုပ်သူအတွက် အရေးကြီးဆုံးအရည်အချင်းဟာ (Humility) နှိမ့်ချမှုဖြစ်ပါတယ်။ ကျွန်တော်က အမြဲတမ်းသတိပေးခဲ့ပါတယ်။ နှိမ့်ချလို့ မနိမ့်ကျဘူးဆိုတဲ့ သဘောဟာ ကိုယ်မသိတာကို ဝန်ခံတာ၊ အမှားလုပ်မိရင် ချက်ချင်းဝန်ခံပြီး တောင်းပန်ရဲတဲ့သတ္တိ။ အခုအချိန်မှာ ခေါင်းဆောင်လုပ်သူဟာ မမှားရဘူးဆိုတဲ့ မှားယွင်းတဲ့ အယူအဆရှိနေတာ တွေ့ရတယ်။ လူသားဖြစ်တာမို့ အမှားလုပ်မိခြင်းဟာ သဘာဝတရားဖြစ်ပါတယ်။ အားလုံးကို ကိုယ်မသိနိုင်ဘူးလို့ လက်ခံခြင်းဟာလည်း နှိမ့်ချမှုဖြစ်ပါတယ်။ အရာရာကို သိနိုင်သူ မရှိပါဘူး။ သူ့အသိနဲ့ ကိုယ့်အသိပေါင်းစပ်ပြီး ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

> ❒ ကိုဗစ်-၁၉ ကာလမှာ ကရုဏာတရားကို အခြေခံတဲ့ ခေါင်းဆောင်မှုတွေ ပိုပြီးလိုအပ်မှာ ဖြစ်ပါတယ်။ အခက်အခဲအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုး၊ ပင်ပန်းဆင်းရဲမှုအမျိုးမျိုး ရင်ဆိုင်နေကြရတဲ့ ကာလမှာ ကရုဏာရှေ့ထားပြီး ဦးစီးစီမံဖို့ လိုအပ်မှာ ဖြစ်ပါတယ်

### အကြောက်တရားကို မေတ္တာနဲ့အစားထိုးကြမယ်

မေတ္တာနဲ့ အုပ်ချုပ်စီမံသူတွေဟာ အမြဲနားလည်ခွင့်လွှတ်တဲ့စိတ်ကိုအခြေခံပြီး လှုပ်ရှားပါတယ်။ ပြဿနာတစ်ခုကို ရင်ဆိုင်ဖြေရှင်းရာမှာ ကိုယ့်ရဲ့အားနည်းချက်အရင် အသိအမှတ်ပြုပြီး ဦးဆောင်ဖို့ လိုအပ်ပါတယ်။ မိမိဝန်ထမ်းတွေရဲ့ အရည်အသွေးကို အစဉ်မြှင့်တင်ဆောင်ရွက်ရမှာ ဖြစ်တယ်။ ဝန်ထမ်းတွေအတွက် သင်တန်းပေးမှုကို ကုန်ကျစရိတ်အနေနဲ့မမြင်ဘဲ ရင်းနှီးမြှုပ်နှံမှုတစ်ရပ်အဖြစ် လက်ခံပါတယ်။

အရေးကြီးတဲ့အရာက ယုံကြည်မှုပဲဖြစ်တယ်။ မိမိနဲ့အတူတာဝန်ယူနေသူတွေအပေါ် ယုံယုံကြည်ကြည် ကိုင်တွယ်လှုပ်ရှားပါတယ်။ ကိုယ့်ဝန်ထမ်းတွေရဲ့ အောင်မြင်မှုကိုလည်း ကျေကျေနပ်နပ် အသိအမှတ်ပြုပါတယ်။ လူတိုင်းဟာ ချီးမွမ်းမှု၊ အသိအမှတ်ပြုမှုကို မျှော်လင့်တယ်၊ ကြိုဆိုတယ်။ ဒါကြောင့်အခွင့်အရေးရှိတိုင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မိမိအဖွဲ့ဝင်တွေရဲ့ အလုပ်ကို ဂုဏ်ယူအသိအမှတ်ပြုပါတယ်။ ကိုယ့်အတွက် အသိအမှတ်ပြုခြင်း၊ ချီးမွမ်းခြင်းကို ရှေ့တန်းမတင်ဘဲ မိမိရဲ့လက်အောက်ငယ်သားတွေကို အသိအမှတ်ပြုရမှာသာ ဖြစ်ပါတယ်။ အောင်မြင်မှုတွေဟာ မိမိကြောင့်မဟုတ်ဘဲ လုပ်ဖော်ကိုင်ဖက်တွေရဲ့ ဆောင်ရွက်မှုကြောင့်ဆိုတာကို လက်ခံရမှာ ဖြစ်ပါတယ်။ တစ်ဖက်ကအမှားတွေ ရင်ဆိုင်ခဲ့ရင် ဒီအမှားတွေဟာ ခေါင်းဆောင်သူရဲ့ တာဝန်ဖြစ်တာကို ရဲရဲဝံ့ဝံ့လက်ခံနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ခေါင်းဆောင်မှုတင်ပြခဲ့တဲ့ အခြေခံပုံစံနှစ်ရပ်ကို နားလည်သဘောပေါက်ပြီး လုပ်ငန်းအဖွဲ့အစည်းတွေမှာ လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်ဖို့ တိုက်တွန်းခြင်းဖြစ်ပါတယ်။ အခုလိုဆောင်ရွက်ရာမှာ ခေါင်းဆောင်များအနေနဲ့ မိမိရဲ့ အခြေခံစိတ်နေသဘောထားကို သုံးသပ်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အခုလိုဆန်းစစ်ရာမှာ မညှာမတာဆောင်ရွက်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အကြောက်တရားကို မေတ္တာတရားနဲ့ အစားထိုးနိုင်ဖို့ မိမိရဲ့ စိတ်နေသဘောထားတွေကို ဆန်းစစ်ရမှာဖြစ်ပါတယ်။ ပြောသင့်ပြောထိုက်တာတွေကို ပြောရမှာ ဖြစ်တယ်။ ကျွန်တော်တို့ ယဉ်ကျေးမှုမှာ ‘အားနာမှု’ ကြောင့် ပြောသင့်ပြောထိုက်တာတွေ မပြောဖြစ်ကြဘူး။ လူကြီးလုပ်သူတွေအနေနဲ့လည်း တင်ပြချက်တွေကို လိုလိုချင်ချင် မရှိကြပါဘူး။ ဝေဖန်မှုတွေကို စော်ကားချက်အဖြစ် ထင်မြင်ယူဆကြတယ်။ အမှန်တရားကို တင်ပြရဲတဲ့ ပတ်ဝန်းကျင်ယဉ်ကျေးမှုကို ဖော်ထုတ် တည်ဆောက်ရမှာ ဖြစ်ပါတယ်။ လူကြီးရဲ့စိတ်ချမ်းသာမှုကို ရှေ့တန်းတင်ပြီး မတင်ပြခဲ့တာ၊ မပြောခဲ့တာတွေရှိခဲ့တယ်။ ခေါင်းဆောင်လုပ်သူအနေနဲ့လည်း အခုလို တင်ပြချက်ကိုကြိုဆိုပြီး အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ပြောရဲဆိုရဲတဲ့ ယဉ်ကျေးမှုဝန်ထမ်းမှုဟာ မေတ္တာတရားနဲ့ ဦးဆောင်သူတွေရဲ့ အဓိကဆောင်ရွက်ချက် ဖြစ်ပါတယ်။ တင်ပြချက်တွေကို အသိအမှတ်ပြုပြီး တင်ပြသူကို ချီးကျူးရမှာ ဖြစ်ပါတယ်။

### ရှောင်ရှားသင့်သော အသေးစိတ်ကြီးကြပ်မှု

ဦးဆောင်လုပ်သူတွေဟာ မေတ္တာနဲ့စီမံတဲ့နေရာမှာ Micro-manage လို့ခေါ်တဲ့ အရာရာကို အသေးစိတ်ကြီးကြပ်မှုကို ရှောင်ရှားဖို့လိုအပ်ပါတယ်။ အရည်အချင်းရှိသူတွေကို ခန့်ထားအသုံးချထားတာမို့ အခုလိုအမြဲ အသေးစိတ် လမ်းညွှန်မှုတွေ ပေးဖို့မလိုအပ်ဘဲ မျှော်လင့်တဲ့ရလဒ်ကိုသာတင်ပြပြီး ယုံယုံကြည်ကြည်နဲ့ စေခိုင်းရမှာသာဖြစ်ပါတယ်။

ခေါင်းဆောင်တွေဟာ ဘောလုံးပွဲမှာဝင်ကစားတဲ့ ကစားသမားတွေမဟုတ်ဘဲ ကစားသူတွေကို လမ်းညွှန်ပေးတဲ့ နည်းပြဆရာတွေ ဖြစ်ဖို့လိုအပ်ပါတယ်။ မိမိဝန်ထမ်းတွေကို လမ်းပြပြီး အားနည်းချက်တွေကို ဖြည့်ဆည်းပေးရမှာဖြစ်ပါတယ်။ စေခိုင်းခြင်းမဟုတ်ဘဲ အားပေးခြင်း၊ လမ်းညွှန်ခြင်းဖြစ်ပါတယ်။

ခေါင်းဆောင်တွေဟာ နည်းပြဆရာ(Coach) တွေဖြစ်သလို တစ်ဖက်မှာလည်း Mentor လို့ခေါ်တဲ့ နမူနာပြပုဂ္ဂိုလ်တွေဖြစ်ရမှာ ဖြစ်ပါတယ်။ ဝန်ထမ်းတွေဟာ မိမိရဲ့ခေါင်းဆောင်တွေကို စံနမူနာအဖြစ် သတ်မှတ်ကြပါတယ်။ လူကြီးတွေရဲ့ အပြောအဆို၊ အပြုအမူ ဆောင်ရွက်ချက်တွေကို အမြဲလေ့လာပြီး အတုခိုးကြပါတယ်။ ဒါကြောင့် ခေါင်းဆောင်တွေဟာ (Role model) နမူနာပြပုဂ္ဂိုလ်တွေဖြစ်အောင် နေထိုင်ကျင့်ကြံလှုပ်ရှားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ဆန္ဒက အကြောက်တရားနဲ့ ဦးဆောင်မှုကို မေတ္တာတရားနဲ့ ခေါင်းဆောင်မှုတွေကို ကျင့်သုံးစေချင်ပါတယ်။

ကိုဗစ်-၁၉ ကာလမှာ ကရုဏာတရားကို အခြေခံတဲ့ ခေါင်းဆောင်မှုတွေ ပိုပြီးလိုအပ်မှာ ဖြစ်ပါတယ်။ အခက်အခဲအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုး၊ ပင်ပန်းဆင်းရဲမှုအမျိုးမျိုး ရင်ဆိုင်နေကြရတဲ့ကာလမှာ ကရုဏာရှေ့ထားပြီး ဦးစီးစီမံဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အခုချိန်မှာ လူတိုင်းဟာ စိုးရိမ်နေကြတယ်၊ ကြောင့်ကြနေကြတယ်။ တစ်ဦးနဲ့တစ်ဦး ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်နေတာဖြစ်ပြီး ပြဿနာတွေကို တစ်ဦးတည်း၊ တစ်ယောက်တည်း ကိုင်တွယ်ဖြေရှင်းတာမဟုတ်ဘဲ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုအပြည့်အဝနဲ့ လှုပ်ရှားဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကရုဏာ တရားတစ်ခုနဲ့ မလုံလောက်ဘဲ အသိပညာနဲ့ပူးပေါင်းဖို့လိုအပ်ပါတယ်။

### ကရုဏာနဲ့အသိတရားပေါင်းစပ်ထားသော ဦးဆောင်မှုဖြစ်ဖို့လို

အခုလိုခေါင်းဆောင်မှုသည် ကရုဏာနဲ့အသိပညာပေါင်းစပ်မှုဖြစ်ကြောင်း လက်ခံအသိအမှတ်ပြုရမှာဖြစ်ပါတယ်။ ဒီအခြေခံ (၂) ရပ်ကို အခြေခံပြီး ခေါင်းဆောင်မှုပုံစံ (၄) မျိုးကို ဖော်ထုတ်နိုင်မှာဖြစ်ပါတယ်။ ပထမအမျိုးအစားက ကရုဏာတရား ကင်းမဲ့ပြီး အသိပညာအားနည်းသူဖြစ်ပါတယ်။ ဒီပုံစံမျိုးဟာ အားနည်းတဲ့ပုံစံဖြစ်ပါတယ်။ ဒုတိယပုံစံက ကရုဏာတရားပြည့်စုံပေမယ့် လုပ်ငန်းနဲ့ပတ်သက်ပြီး အသိပညာနည်းသူ ဖြစ်ပါတယ်။ တတိယပုံစံက လုပ်ငန်းအတွေ့အကြုံအပြည့်ရှိသော်လည်း ကရုဏာတရားနဲ့ ပတ်သက်ပြီး အားနည်းသူဖြစ်ပါတယ်။ နောက်ဆုံးပုံစံက ကရုဏာတရားနဲ့ အသိတရားပေါင်းစပ်တဲ့ ဦးဆောင်မှုဖြစ်ပါတယ်။

အခုကာလမှာ လုပ်ငန်းအဖွဲ့အစည်းတိုင်းမှာ အကျပ်အတည်းတွေ၊ အခက်အခဲတွေ ရင်ဆိုင်နေရတဲ့ အချိန်ဖြစ်ပါတယ်။ ဒါကြောင့် ဦးဆောင်မှုပေးနေသူများအနေနဲ့ မေတ္တာတရားအခြေခံပြီး လုပ်ငန်းအတွေ့အကြုံ၊ အသိပညာနဲ့ ပေါင်းစပ်နိုင်အောင် ကြိုးစားရမှာသာဖြစ်ပါတယ်။ လုပ်သင့်လုပ်ထိုက်တဲ့ အဆုံးအဖြတ်တွေ၊ ခက်ခဲရှုပ်ထွေးတဲ့ အဆုံးအဖြတ်တွေ ဆောင်ရွက်နေရတဲ့ အချိန်ကာလမှာ ကရုဏာတရားနဲ့အသိတရား ပေါင်းစပ်တဲ့ ခေါင်းဆောင်များလိုအပ်နေကြောင်း သတိပြုစေချင်ပါတယ်။ မှန်ကန်တဲ့ ခေါင်းဆောင်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ကျော်လွှားသွားနိုင်မယ်လို့ ယုံကြည်မိပါတယ်။

---

## ကျိုက်ထိုမြို့နယ်ရှိ ကျေးရွာကိုးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်မည်

**ကျိုက်ထို ဇန်နဝါရီ ၃၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အင်းဝကျေးရွာနှင့် ဝင်းပြန်ကျေးရွာတို့တွင် ဇန်နဝါရီလတတိယပတ်က ဆောင်ရွက်သည်။ အဆိုပါစီမံကိန်းကို ယခုဘဏ္ဍာနှစ်တွင် ကျိုက်ထိုမြို့နယ်အတွင်း ကျေးရွာကိုးရွာ၌ ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကို ကျိုက်ထိုမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ကျေးရွာ ၅၀ တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။ **မိုးဝင်း(ကျေးလက်)**



## သဖန်းဆိပ်ဆည်အတွင်း လက်ကျန်ရေနည်း နွေစပါးအစား အခြားသီးနှံများ စိုက်ပျိုးမည်

**ရွှေဘို ဇန်နဝါရီ ၃၁**

သဖန်းဆိပ်ဆည်အတွင်း လက်ကျန်ရေနည်းသည့်အတွက် ရွှေဘိုမြို့နယ်တွင် နွေစပါးအစား အခြားသီးနှံများ ဖြစ်သော နှမ်းနှင့် ပဲတီစိမ်းသီးနှံများကို စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၀-၂၀၂၁ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် သဖန်းဆိပ်ဆည်ရေ လက်ကျန်တည်ရှိမှုအပေါ် မူတည်၍ နွေစပါးကို လျာထားစိုက်ပျိုးနိုင်ခြင်း မရှိသောကြောင့် အစားထိုးသီးနှံများဖြစ်သော နှမ်းနှင့်ပဲတီစိမ်းသီးနှံများကို ဧက ၆၀၀၀ လျာထားစိုက်ပျိုးမည်ဖြစ်သည်။ အဆိုပါ ဧက ၆၀၀၀ ကို OMC တူးမြောင်းမှ စိုက်ပျိုးရေဖြင့်လည်းကောင်း၊ မြေအောက်ရေတွင်းများမှစိုက်ပျိုးရေများဖြင့်လည်းကောင်း နှမ်းနှင့် ပဲတီစိမ်းသီးနှံများကို ဧက ၂၇၀၀၀ ခန့်တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် ယခုနှစ်တွင် တောင်သူအများစုအနေဖြင့်နှမ်းသီးနှံကို အဓိကထား၍ စိုက်ကေအများဆုံး စိုက်ပျိုးမည်ဖြစ်ကြောင်း ဇန်နဝါရီ၂၈ ရက်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်ဇာဇာမင်းက ဒေသခံတောင်သူများနှင့် တွေ့ဆုံရှင်းလင်းပြောကြားသည်။

နှမ်းသီးနှံများ စိုက်ပျိုးရာတွင်လည်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြစ်သော မြေပြုပြင်စိုက်ပျိုးထုတ်လုပ်သည့်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ ထုတ်လုပ်မှုကွင်းဆက်များတွင် စားသုံးသူအတွက် အန္တရာယ်အနည်းဆုံးဖြစ်စေသော နည်းလမ်းများဖြင့် စိုက်ပျိုးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးတောင်သူလယ်သမားများအသင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျေးရွာများအရောက် လိုက်လံဟောပြောလျက်ရှိသည်။ ထိုသို့ နှမ်းသီးနှံများကို GAP စနစ်ဖြင့်စိုက်ပျိုးရာတွင် အရည်အသွေးကောင်းမွန်သော နှမ်းသီးနှံများထွက်ရှိပြီး ရောင်းချရာတွင် ရိုးရိုးနည်းစနစ်ဖြင့် စိုက်ပျိုးသော နှမ်းသီးနှံများထက် တစ်တင်းလျှင် ငွေကျပ် ၅၀၀၀ ခန့် ပိုမိုရရှိကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**

## သံတောင်ကြီးမြို့နယ်တွင် ကော်ဖီအသီးများ အထွက်နှုန်းကောင်းလျက်ရှိ

**သံတောင်ကြီး ဇန်နဝါရီ ၃၁**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်သည် တောင်ပေါ်ဒေသဖြစ်သည့်အားလျော်စွာ ဒေသခံပြည်သူများသည် အများအားဖြင့် ဥယျာဉ်ခြံလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်လျက်ရှိရာ ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ငန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပြီး ယခုနှစ်တွင် ကော်ဖီသီးများ အထွက်နှုန်းကောင်းလျက်ရှိကြောင်း ကော်ဖီစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

ကော်ဖီပင်များ စနစ်တကျစိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကော်ဖီစိုက်တောင်သူများအား ဆွတ်ခူးချိန်နည်းလမ်းမှန်ကန်စေရန်၊ ကော်ဖီစိုက်ပျိုးနိုင်မှု မြင့်တင်စေရန် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရန်အတွက် အသိပညာပေးဟောပြောခြင်းနှင့် နည်းပညာများကို လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သံတောင်ကြီး မြို့နယ်တွင် ကော်ဖီသီးများ အခြောက်လှန်း၍ အခွံချွတ်ခြောက် တစ်ပိဿာငွေကျပ် ၄၀၀၀ မှ ငွေကျပ် ၅၀၀၀ အထိရရှိပြီး စိုက်ပျိုးထုတ်လုပ်သည့် ကော်ဖီများသည် ရင့်မှည့်ချိန်တွင်သာ ကော်ဖီသီးများကို ဆွတ်ခူးကြောင်း၊ ကော်ဖီပင်များ စိုက်ပျိုးရာတွင် သဘာဝမြေဩဇာကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရေစကြိုမြို့နယ်တွင် စပျစ်သီးစမ်းသပ်စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**ရေစကြို ဇန်နဝါရီ ၃၁**

ရေစကြိုမြို့နယ်တွင် စပျစ်ပင်ကို ပထမဆုံး စတင်စမ်းသပ်စိုက်ပျိုးရာ စိုက်ခင်းအောင်မြင်လျက်ရှိကြောင်း သိရသည်။ ရေစကြိုမြို့နယ် ဇီးတောကျေးရွာတွင် ၂၀၁၉ ခုနှစ် တန်ဆောင်မုန်းလက စပျစ်ပင်ကို စတင်စမ်းသပ်စိုက်ပျိုးခဲ့ရာ ယခုအခါ စပျစ်သီးများ စတင်သီးနေပြီဖြစ်ကြောင်း စပျစ်သီးစိုက်ပျိုးသူ ဦးတင်စိုးထံမှ သိရသည်။

" မနှစ်က တန်ဆောင်မုန်းလကတည်းကစိုက်တာ၊ ဒီနှစ်တန်ဆောင်မုန်းလမှာ ကျွန်တော် အသီးယူတယ်။ ကိုင်းဖြတ်တယ်။ အခုလောလောဆယ်တော့ အသီးကင်းတွေနဲ့ပါ။ ဒီဘက်ကတော့ ရေတင်ရတဲ့နေရာမျိုး စိုက်သင့်ပါတယ်။ အပင်ကလည်းဖြစ်တယ်၊ အသီးကလည်း သီးပြီ"ဟု ၎င်းက ပြောသည်။



စပျစ်သီးစိုက်ပျိုးပုံကို မုံရွာမြို့နယ် ရတုံရွာမှ စပျစ်စိုက်ခြံတစ်ခြံကို လေ့လာပြီး အဆိုပါစပျစ်ခြံပိုင်ရှင်ကို စိုက်ပျိုးနည်းပြဆရာအဖြစ် ခေါ်ယူကာ စတင်စမ်းသပ်စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ စိုက်ကေတစ်ကေအတွင်း စပျစ်ပင် ၈၀၀ ကျော် စိုက်ပျိုးထားပြီး ကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၆၀ ခန့်ရှိကြောင်း သိရသည်။

စတင်သီးမည့်နှစ် ဖြစ်သောကြောင့် အသီးပိဿာချိန် ၁၀၀၀ နှင့် ၂၀၀၀ ကြားထွက်ရန် ခန့်မှန်းထားပြီး အသီးများ ခူးဆွတ်ရပါက လတ်တလောအနေဖြင့် ရေစကြိုမြို့ပေါ်ရှိ ဈေးဆိုင်များကို ဖြန့်ဝေရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

"စပျစ်သီး ဈေးကွက်က ကျွန်တော် အစဆုံးစိုက်တာဆိုတော့ အခုပေါက်ဈေးနဲ့ တစ်ပိဿာကို ငွေကျပ် ၂၀၀၀ လောက် ရရင်တော့ မဆိုးပါဘူး။ လက်ရှိငွေကျပ် ၂၀၀၀၊ ၃၀၀၀၊ ၄၀၀၀ အဲဒီလောက်ဈေးပေါက်ပါတယ်"ဟု ၎င်းကဆက်ပြောသည်။

ရေစကြိုမြို့နယ် ဇီးတောကျေးရွာတွင် စပျစ်စိုက်ပျိုးမှုအောင်မြင်သဖြင့် အောင်နန်းကျေးရွာနှင့် လက်ပံပင်ကျေးရွာတို့တွင်လည်း စမ်းသပ်စိုက်ပျိုးလာကြကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

## ဒုတိယအကြိမ် ဝဥစိုက်ပျိုးနည်း အသိပညာပေး သင်တန်းဆင်းပွဲကျင်းပ

**ဝန်းသို ဇန်နဝါရီ ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးမှူး၍ စိုက်ပျိုးရေးဦးစီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဒုတိယအကြိမ်ဝဥစိုက်ပျိုးနည်းနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်း သင်တန်းဆင်းပွဲကို ယမန်နေ့က တပ်လွင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲ၌ အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဝင်းက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းတို့က သင်တန်းသား ၄၀ ကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ သင်တန်းတွင်ထူးချွန်စွာအောင်မြင်ခဲ့သူ တပ်လွင်ကျေးရွာမှ မစန္ဒာလင်းက ပထမဆု၊ ကျောက်တောကျေးရွာမှ မမေသဥ္ဇာဦးက ဒုတိယဆု၊ ဆင်ကုန်းကျေးရွာမှ မမေသက်ထားက တတိယဆုရရှိကြောင်း သိရသည်။

**မွေးကြူဇင်**

## နောင်တရား အာလူးအသင်းအဖွဲ့က ဒေသနှင့်ကိုက်ညီသည့် နယ်သာလန် အာလူးမျိုး ၂၅ တန်တင်သွင်း

**နောင်တရား ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့၌ အာလူးစိုက်တောင်သူများ စုပေါင်းဖွဲ့စည်းထားသည့် နောင်တရားအာလူးအသင်းအဖွဲ့က ဒေသနှင့်ကိုက်ညီသည့် နယ်သာလန်နိုင်ငံမှ "RUMBA" အာလူးမျိုး ၂၅ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

"နောင်တရားအာလူးအသင်းကုမ္ပဏီက ဒီနှစ်မှာ နိုင်ငံခြားကနေ ဒေသနှင့်ကိုက်ညီတဲ့ အာလူးမျိုးသစ် ၂၅ တန်ကို စတင်တင်သွင်းတယ်။ အရင်နှစ်တွေတုန်းကတော့ တခြားကုမ္ပဏီမှ ဝယ်တယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်တုန်းက အခွန်ကင်းလွတ်ခွင့်ပေးတော့ နောင်တရားအရောက် တစ်ပိဿာငွေကျပ် ၁၇၀၀ ကုန်ကျတယ်။ ယခုအခွန် ၁၅ ရာခိုင်နှုန်းဆောင်ရတော့ နောင်တရားအရောက် တစ်ပိဿာငွေကျပ် ၂၅၀၀ ကုန်ကျတယ်။ အာလူးမျိုးသစ်စိုက်ပျိုးပြီး ထွက်ရှိလာတဲ့အာလူးတွေကို အအေးခန်းထဲထည့်ပြီး တောင်သူတွေကို ပြန်လည်ဖြန့်ဝေပေးသွားပါမယ်" ဟု နောင်တရားအာလူးအသင်းဥက္ကဋ္ဌ ဦးခွန်ဆန်းဦးက ပြောသည်။

အာလူးစိုက်ပျိုးသည့် တောင်သူများ ဈေးနှုန်းချိုသာစွာဖြင့် စိုက်ပျိုးနိုင်စေရန်၊ ဒေသရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိစေရန်၊ အထွက်နှုန်းကောင်းစေရန်၊ စားသုံးသူများ ကောင်းမွန်ပြီး အရသာရှိသည့် အာလူးဖြစ်စေရန်၊ အာလူးကြော်လုပ်ငန်းများအတွက် အရည်အသွေးကောင်းမွန်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အာလူးမျိုးတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။ နောင်တရားမြို့၌ အာလူးစိုက်တောင်သူများစုပေါင်းကာ အာလူးအအေးခန်းကို တည်ဆောက်လျက်ရှိပြီး မေလအတွင်းပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာလူးအအေးခန်း တည်ဆောက်ပြီးစီးသွားပါက အရည်အသွေးပြည့်မီသည့် အာလူးများဈေးကွက်သို့ တင်ပို့နိုင်ခြင်း၊ အာလူးမျိုးများကို ကြာရှည်ထိန်းသိမ်းနိုင်ခြင်း၊ နိုင်ငံခြားမှ အာလူးမျိုးများတင်သွင်းမှုလျော့ကျစေခြင်း၊ အာလူးစိုက်တောင်သူများ ဈေးနှုန်းချိုသာစွာဖြင့် စိုက်ပျိုးနိုင်လာခြင်း စသည့်အကျိုးကျေးဇူးများကိုလည်း ခံစားရမည်ဖြစ်ကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

## ကျုံပျော်မြို့နယ်တွင် ဗိုလ်ကိတ်ပဲများ ဈေးကွက်သို့ စတင်ဝင်ရောက်ပြီး ဈေးကောင်းရလျက်ရှိ

**ကျုံပျော် ဇန်နဝါရီ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် တောင်သူများ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြသည့် ဗိုလ်ကိတ်ပဲများ ယခုနှစ်ပဲပေါ်ချိန်၌ ဈေးကောင်းရရှိကြောင်း သိရသည်။

ဒေသတွင်းတောင်သူများအနေဖြင့် ဗိုလ်ကိတ်ပဲကို မိုးစပါးရိတ်သိမ်းအပြီး ဆောင်းသီးနှံအဖြစ် ထွန်ယက်၍ လည်းကောင်း၊ ရိုးပြတ်ခုတ်ဖုံး၍လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ယခင်နှစ်က ဗိုလ်ကိတ်ပဲတစ်တင်းလျှင် ငွေကျပ် ၂၄၀၀၀ ဝန်းကျင်သာ ရရှိခဲ့ပြီး ယခုနှစ်တွင် ဗိုလ်ကိတ်အနက် တစ်တင်းလျှင် ငွေကျပ် ၄၈၀၀၀၊ ဗိုလ်ကိတ်အဖြူတစ်တင်းလျှင်ငွေကျပ် ၅၂၀၀၀ အထိရောင်းချရသောကြောင့် ဈေးနှုန်းကောင်းမွန်ကြောင်း သိရသည်။

ပဲအထွက်နှုန်းအနေဖြင့် မြေကောင်းမွန်မှုအပေါ် မူတည်၍ တစ်ကေလျှင် ပျမ်းမျှ ၁၅ တင်းခန့်ထွက်ရှိကြောင်း၊ ယခင်နှစ်များက ဈေးနှုန်းနည်းပါးခြင်း၊ မတ်ပဲထက် ပိုမိုလက်ဝင်ခြင်းတို့ကြောင့် စိုက်ပျိုးတောင်သူနည်းပါးခဲ့ကြောင်း သောင်ရွာကျေးရွာမှ တောင်သူတစ်ဦးထံမှ သိရသည်။

အဆိုပါ ဗိုလ်ကိတ်ပဲကို ယင်းဒေသတွင် အဖြူမျိုးနှင့် အနက်မျိုး နှစ်မျိုးလုံး စိုက်ပျိုးကြပြီး အဖြူမျိုးက စားသုံးရန်နူးညံ့ကာ ဈေးနှုန်းပိုမိုကောင်းမွန်ကြောင်း၊ ဒေသအတွင်း တောင်သူများအနေဖြင့် ဆောင်းသီးနှံအဖြစ် ဗိုလ်ကိတ်ပဲချည်းသီးသန့်စိုက်ပျိုးမှုများရှိသကဲ့သို့ အများစုက မတ်ပဲစိုက်ခင်းနံဘေးတွင် လယ်ကန်သင်းနှင့်ကပ်ကာ သီးညှပ်အဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

**နေဝင်းမြင့်(ကျုံပျော်)**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**

(၁၈-၁-၂၀၂၁ ရက်နေ့)

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁ | ဦးမိုးဝင်း+ဒေါ်ဇင်နွယ်ဦး (မရမ်းကုန်းမြို့နယ်) | ၂၀၀,၀၀၀ |
| ၂ | ဦးခင်ဝင်း+ဒေါ်တင်တင်ဌေး သမီး –မခင်ငြိမ်းအေး (ကလောမြို့) | ၁၀၀,၀၀၀ |
| ၃ | ဦးသိန်းစိုး+ ဒေါ်ခင်ဆွေဝင်း မိသားစု(နေပြည်တော်) | ၁၅၀,၀၀၀ |
| ၄ | ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စူးစမ်းလေ့လာရေးဌာနခွဲ (နေပြည်တော်) | ၈၁၅,၀၀၀ |
| ၅ | ဒေါ်မြတ်သွယ် (ဆ–သ–ရ) ငြိမ်း (မရမ်းကုန်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၆ | ပုံသကူကျောင်းနှင့်မဥ္ဇူသကသီလရှင်ကျောင်း (ပျဉ်းမနားမြို့) | ၅၀၀,၀၀၀ |
| ၇ | ဦးနိုင်ဝင်းထွန်း+ဒေါ်ဖြူဖြူခင် မိသားစု (နေပြည်တော်) | ၃၀၀,၀၀၀ |
| ၈ | ဒေါက်တာဇော်ဝင်း+ဒေါက်တာသီတာ မိသားစု (ဗဟန်းမြို့နယ်) | ၂၀၀,၀၀၀ |
| ၉ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်)(နေပြည်တော်) | ၅၀၀,၀၀၀ |
| ၁၀ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ အစိုးရအဖွဲ့ရေးရာဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အခွန်အယူခံခုံအဖွဲ့ရုံးဝန်ထမ်းများ (နေပြည်တော်) | ၁၁၀,၀၀၀,၀၀၀ |
| ၁၁ | ဦးစည်သူထက် (မအူပင်မြို့) | ၂၀၀,၀၀၀ |
| ၁၂ | ဒေါ်မြင့်သန္တာကျော် (ရတနာအောင်ရွှေဆိုင်) (ရမည်းသင်းမြို့) | ၁,၀၀၀,၀၀၀ |
| ၁၃ | ဒေါ်ဖြူဖြူဝင်း(မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၄ | ဦးမင်းထွေး(မ/ဥက္ကလာပမြို့နယ်) | ၅၀၀,၀၀၀ |
| ၁၅ | ဒေါ်သန်းသန်းဝင်း(မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၆ | ဒေါ်နန်းဆောင်ဆင့် (တောင်ကြီးမြို့) | ၁၀၀,၀၀၀ |
| ၁၇ | ဒေါက်တာခင်ဦးလွင် (တောင်ကြီးမြို့) | ၁၀၀,၀၀၀ |
| ၁၈ | ဦးသန့်ဇင်(တောင်ကြီးမြို့) | ၁၀၀,၀၀၀ |
| ၁၉ | ဦးသန့်ဇင်ဦး+ဒေါ်စိုးစိုးမြင့် ၊ သမီး ဆုရည်မွန်သိန်း (ကြည့်မြင်တိုင်မြို့နယ်) | ၅၀,၀၀၀ |
| ၂၀ | ဦးမြင့်ဝေ+ဒေါ်ခိုင်သီတာဝင်း မိသားစု (ကမာရွတ်မြို့နယ်) | ၂၀၀,၀၀၀ |
| ၂၁ | ဦးမောင်မောင်သောင်း(မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၂ | ဦးဝင်းဘိုဟန်+ဒေါ်ခင်ဝင်းမာ(မုံရွာမြို့) | ၁,၀၀၀,၀၀၀ |
| ၂၃ | ဦးရဲမာန်ဝင်း (မုံရွာမြို့) | ၁၀,၀၀၀,၀၀၀ |
| ၂၄ | ဦးကျော်တင်+ဒေါ်မာမာအေး ကျော်ထက်သာပွဲရုံ၊ မုံရွာကုန်စည်ဒိုင်မိသားစု(မုံရွာမြို့ ) | ၁၀၀,၀၀၀ |
| ၂၅ | ဦးတင့်လွင်+ဒေါ်မို့မို့ကျော် မုံရွာကုန်စည်ဒိုင်မိသားစု ၊ ကျောက္ကာလမ်း ( မုံရွာမြို့) | ၁,၀၀၀,၀၀၀ |
| ၂၆ | ဦးရွှေတိုး+ဒေါ်ကြည်ကြည်ဝင်း ဂျုံးဖြူခေါက်ဆွဲစက်၊ မုံရွာကုန်စည်ဒိုင်မိသားစု(မုံရွာမြို့ ) | ၁,၀၀၀,၀၀၀ |
| ၂၇ | ဦးကြည်ထူး+ဒေါ်ချစ်ညွန့် မန္တလာပွဲရုံ၊ မုံရွာကုန်စည်ဒိုင်မိသားစု ( မုံရွာမြို့) | ၅,၀၀၀,၀၀၀ |
| ၂၈ | ကိုအောင်စိုး၊ ကိုအောင်ဖြိုး စိုးကြာဖံစက်၊ မုံရွာကုန်စည်ဒိုင်မိသားစု (မုံရွာမြို့) | ၁,၀၀၀,၀၀၀ |
| ၂၉ | ဦးထွန်းထွန်းဦး+ဒေါ်မူယာလှ Mr.Bean ဝေဖာ၊ မုံရွာကုန်စည်ဒိုင်မိသားစု(မုံရွာမြို့ ) | ၅၀၀,၀၀၀ |
| ၃၀ | ဦးစန်းယုအောင်+ဒေါ်အေးအေးကြွယ်(မုံရွာမြို့) | ၁,၀၀၀,၀၀၀ |
| ၃၁ | ဒေါ်သန်းနု(တာမွေမြို့နယ်) | ၅၀၀,၀၀၀ |
| ၃၂ | ဦးမြဝင်း(လှိုင်ကော်မြို့) | ၁၂၀,၀၀၀ |
| ၃၃ | ဦးထက်ဦးယံ(လှိုင်ကော်မြို့) | ၇၀,၀၀၀ |
| ၃၄ | ဦးခင်မောင်မြင့်(ပခုက္ကူမြို့) | ၁၀၀,၀၀၀ |
| ၃၅ | ဦးရဲသွေးကျော်(ပခုက္ကူမြို့) | ၄၅၀,၀၀၀ |
| ၃၆ | ဦးဝင်းဦး (မြစ်ကြီးနားမြို့) | ၅၀၀,၀၀၀ |
| ၃၇ | ဦးတင်မိုး(မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၃၈ | ဦးစိုင်းကျော်ကျော်ခိုင်(မြစ်ကြီးနားမြို့) | ၅၀၀,၀၀၀ |
| ၃၉ | ဒေါ်အင်ကြင်းဖြူ(သဃ်န်းကျွန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၀ | ဦးကောင်းမြတ်ကျော်(သဃ်န်းကျွန်းမြို့နယ်) | ၃၅၀,၀၀၀ |
| ၄၁ | ဦးလဝန်း+ဒေါ်တင်ရွှေ(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၄၂ | ဒေါ်အေးအေးဝင်း(ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၄၃ | ဦးစိန်ထွန်းအောင်(ပခုက္ကူမြို့) | ၅၀,၀၀၀ |
| ၄၄ | Green Peace ပရဟိတအဖွဲ့နှင့်အလှူရှင်များ (ရန်ကုန်မြို့) | ၂,၃၁၆,၆၀၀ |
| ၄၅ | ဒေါ်နီနီဦး(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၄၆ | ဦးဝေဖြိုးလင်း(ကြည့်မြင်တိုင်မြို့နယ်) | ၅,၀၀၀,၀၀၀ |
| ၄၇ | ဒေါ်မြင့်မြင့်စန်း(ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၄၈ | ဒေါက်တာကျော်သက်လွင်ဦး(သာစည်မြို့) | ၁၀၀,၀၀၀ |
| ၄၉ | ဦးခင်ဇော်လင်း(ကျောက်ပန်းတောင်းမြို့) | ၄၅,၀၀၀ |
| ၅၀ | ဦးဟန်မင်းထွန်း(ကျောက်ပန်းတောင်းမြို့) | ၁၅,၀၀၀ |
| ၅၁ | ဦးရဲသူရ(သန်လျင်မြို့) | ၂၀၀,၀၀၀ |
| ၅၂ | မန္တလေးတိုင်းဒေသကြီးရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (မန္တလေးမြို့) | ၅,၀၀၀,၀၀၀ |
| ၅၃ | ဦးဇေယျာမောင်+ဒေါ်ယဉ်မင်းသန့် မိသားစု(မန္တလေးမြို့ ) | ၁၀,၀၀၀,၀၀၀ |
| ၅၄ | မန္တလေးတက္ကသိုလ်(၁၉၈၅–၁၉၉၂)ဓာတုဗေဒသူငယ်ချင်းများအဖွဲ့(မန္တလေးမြို့ ) | ၅,၅၀၀,၀၀၀ |
| ၅၅ | ဦးရဲစိန်+ဒေါ်အေးမြတ်လှိုင် ရန်ကင်းရပ် (မုံရွာမြို့ ) | ၃၀၀,၀၀၀ |
| ၅၆ | (ဦးစောမောင်)+ ဒေါ်ခင်ညိုဝေ၊ သမီး ဒေါ်လဲ့လဲ့အောင် မိသားစု (ပျဉ်းမနားမြို့) | ၅၀၀,၀၀၀ |
| ၅၇ | ဒေါ်နန်းစောသီတာ(မန္တလေးမြို့) | ၂,၀၀၀,၀၀၀ |
| ၅၈ | မြန်မာပြည်ဖွားဗုဒ္ဓဘာသာဝင်တရုတ်"လီ"မျိုးနွယ်စု ဥက္ကဋ္ဌဦးတင်မောင် (မန္တလေးမြို့ ) | ၁၀၀,၀၀၀,၀၀၀ |
| ၅၉ | ဦးကျော်ညွန့်ဝင်း+၁ (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၆၀ | Welovebago Charity Organization (ပဲခူးမြို့) | ၁၀၀,၀၀၀,၀၀၀ |
| ၆၁ | ဦးရဲပြည့်(ပုသိမ်မြို့) | ၂၀,၀၀၀ |
| ၆၂ | ဒေါက်တာသန်းထွန်းအောင်(ပုသိမ်မြို့) | ၂၀,၆၅၉,၀၀၀ |
| ၆၃ | ဦးဌေးလွင်(မ/ဥက္ကလာပမြို့နယ်) | ၁၀,၀၀၀,၀၀၀ |
| ၆၄ | ဒေါ်အေးမြင့်(မ/ဥက္ကလာပမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၆၅ | ဦးအောင်မိုး (ပခုက္ကူမြို့) | ၃၀၀,၀၀၀ |
| ၆၆ | ဒေါ်ရင်ရင်မြတ်(ကြည့်မြင်တိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၇ | ဒေါ်ခင်နွဲ့၊ ဒေါ်ချိုလေးမာ(ကမာရွတ်မြို့နယ်) | ၃၀၀,၀၀၀ |
| ၆၈ | ဦးသန်းဝင်းအောင်+ဗိုလ်ကြီးစန်းစန်းအေး(ငြိမ်း)သမီး–သွန်းထက်ထက်အောင်(ရန်ကုန်မြို့) | ၁၀,၀၀၀ |
| ၆၉ | ကွယ်လွန်သူဖခင်ဦးကျော်သိန်းနှင့် မိခင်ဒေါ်ရင်နုအား ရည်စူး၍ သားသမီးမြေးများ (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၇၀ | မြန်အောင်သီလရှင် စာသင်တိုက်မှ တိုက်အုပ်ဆရာကြီး ဒေါ်ဇယာဝတီ နာယကဆရာကြီးများနှင့်တပည့်များ (စမ်းချောင်းမြို့နယ်) | ၂,၀၀၀,၀၀၀ |
| ၇၁ | ဒေါ်ယဉ်ယဉ်(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၇၂ | ဦးအောင်ဇော်ဇော်(သန်လျင်မြို့) | ၁၀၀,၀၀၀ |
| ၇၃ | ဦးခင်မောင်ဝင်း(မြင်းခြံမြို့) | ၁၀၀,၀၀၀ |
| ၇၄ | ဦးဇော်ဝင်း+ဒေါ်ချိုနွယ်စိုး မိသားစု(ပုဇွန်တောင်မြို့နယ်) | ၅၀၀,၀၀၀ |
| ၇၅ | ဦးအောင်မျိုးဦးနှင့်သူငယ်ချင်းများ(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၇၆ | ဦးဇော်မင်းအောင်+ဒေါ်စုဇင်မျိုး(ရန်ကုန်မြို့) | ၅,၀၀၀,၀၀၀ |
| ၇၇ | ဦးလင်းအောင်(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၇၈ | ဦးအေးသင်း(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၇၉ | Grand Fortuna Company ၏ ဝန်ထမ်းများ မိသားစု(ကမာရွတ်မြို့နယ်) | ၅၀၀,၀၀၀ |
| ၈၀ | ဦးသိန်းညို မိသားစုအလှူ(တ/ဥက္ကလာပမြို့နယ် ) | ၁၀၀,၀၀၀ |
| ၈၁ | ဦးတင်လှိုင်+ဒေါ်ချောတီ မိသားစု (စမ်းချောင်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၈၂ | ဦးဘွန်ရှောင်+ ဒေါ်မတီ မိသားစု (ရေးမြို့) | ၁၀၀,၀၀၀ |
| ၈၃ | ဦးအောင်ထွန်းလင်း(ရန်ကုန်မြို့) | ၃၀,၀၀၀ |
| ၈၄ | အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နွဲ့နွဲ့စန်း မိသားစု ရတနာတိုင်းပြည် ဆောက်လုပ်ရေးနှင့်ပါတိတ်တိုင်းပြည်အထည်ဆိုင် (မန္တလေးမြို့ ) | ၁၀,၀၀၀,၀၀၀ |
| ၈၅ | ရွှေညဝါဆရာတော် (မန္တလေးမြို့) | ၁,၅၀၀,၀၀၀ |
| ၈၆ | ဦးသိန်းထွန်း+ဒေါ်အေးအေးမြင့် မိသားစု Local Myanmar Food & Tea House မဟာအောင်မြေမြို့နယ် (မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၈၇ | ဦးအောင်ကျော်ဝင်း+ဒေါ်စိန်အေး မိသားစု Mother Love Co.,Ltd(မန္တလေးမြို့) | ၃၀,၀၀၀,၀၀၀ |
| ၈၈ | မန္တလေးတိုင်းဒေသကြီးအမျိုးသမီးကော်မတီ(မန္တလေးမြို့ ) | ၁၀,၀၀၀,၀၀၀ |
| ၈၉ | မန္တလေးကက်သလစ်ခရစ်ယာန်သာသနာ(မန္တလေးမြို့ ) | ၁၀,၀၀၀,၀၀၀ |
| ၉၀ | ဒေါက်တာစောလင်း+ဒေါက်တာကြူကြူအေး ကောင်းစွမ်းထက် Trading Co.,Ltd (မန္တလေးမြို့) | ၂၀,၀၀၀,၀၀၀ |
| ၉၁ | ဦးပြေငြိမ်း(မုံရွာမြို့) | ၁၀၀,၀၀၀ |
| ၉၂ | ဦးထိန်ဝင်း+ဒေါ်စိုးမိကျော် သမီး–မမိုးပြည့်ပြည့်ထိန်ဝင်း(မင်္ဂလာတောင်ညွန့်မြို့နယ်) | ၁၀၀,၀၀၀ |
| ၉၃ | ဒေါ်ထွန်းကြည်နှင့် သားသမီးတစ်စု(ဗဟန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၉၄ | IME International Co.,Ltd (မင်္ဂလာဒုံမြို့နယ် ) | ၃၀၀,၀၀၀ |
| ၉၅ | မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ် (လမ်းမတော်မြို့နယ် ) | ၅,၀၀၀,၀၀၀ |
| ၉၆ | ဦးကျန့်ချောင်+ဒေါ်မွေး(လှိုင်းဘွဲ့) သားသမီးမြေးတစ်စု( လှိုင်မြို့နယ်) | ၅,၁၀၀,၀၀၀ |
| ၉၇ | ဦးအောင်ကို+ဒေါ်ခင်သင့်ရာမွေး မိသားစု (အလုံမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၉၈ | ဒေါက်တာခင်ဖွေးဖွေး သမီး–မဖြူစင်သန့်တို့၏ မိသားစုအလှူ(အလုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၉၉ | ဖန်တီးရှင်လယ်ယာသုံးစက်ပစ္စည်းအရောင်းဆိုင် (KUBOTA)( လှိုင်သာယာမြို့နယ်) | ၆,၅၀၀,၀၀၀ |
| ၁၀၀ | Grand Fortuna Co., Ltd (ကမာရွတ်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၀၁ | ခွန်လင်းဟိန်း(ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၀၂ | ဦးအောင်တေဇ(သဃ်န်းကျွန်းမြို့နယ်) | ၂,၅၀၀,၀၀၀ |
| ၁၀၃ | ဦးရဲထွဋ်(သဃ်န်းကျွန်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၁၀၄ | ဦးလင်းအောင်(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၀၅ | ဦးစန်းထွေး (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၁၀၆ | ဒေါက်တာနေအောင်(သာစည်မြို့) | ၁၀၀,၀၀၀ |
| ၁၀၇ | ဒေါက်တာမြကုဋ္ဌေ(သာစည်မြို့) | ၁၀၀,၀၀၀ |
| ၁၀၈ | ဒေါ်သီတာထွန်း(သာစည်မြို့) | ၁,၀၂၆,၀၀၀ |
| ၁၀၉ | ဦးရှိန်းမောင်မောင်(ထားဝယ်မြို့) | ၆,၅၀၀,၀၀၀ |
| ၁၁၀ | ဦးခင်ဇော်လင်း(ကျောက်ပန်းတောင်းမြို့) | ၁,၀၀၀,၀၀၀ |
| ၁၁၁ | ဦးကျော်မိုး(လှိုင်ကော်မြို့) | ၃,၀၀၀,၀၀၀ |
| ၁၁၂ | ဦးစိုင်းစိုးနိုင်(တောင်ကြီးမြို့) | ၂၀၀,၀၀၀ |
| ၁၁၃ | ဦးစောဝင်း(ကြည့်မြင်တိုင်မြို့နယ်) | ၅၀၀,၀၀၀ |
| ၁၁၄ | ဦးအေးဝင်း(ကြည့်မြင်တိုင်မြို့နယ်) | ၂၀၀,၀၀၀ |
| ၁၁၅ | ဒေါ်ခင်အေးမူ(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၁၆ | ဒေါက်တာဖြိုးဇော်အောင်(ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၁၁၇ | ဒေါ်မြမြဝင်း(မုံရွာမြို့) | ၅၀,၀၀၀ |
| ၁၁၈ | Nabdaroင်းခိုင် (သဃ်န်းကျွန်းမြို့နယ်) | ၂,၁၀၀,၀၀၀ |
| ၁၁၉ | တိုးလင်းထွန်း(မန္တလေးမြို့) | ၇၀၀,၀၀၀ |

*စာမျက်နှာ ၂၃ သို့*

စာမျက်နှာ ၂၂ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁၂၀ | ဒေါ်ဝါဝါ(မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၁၂၁ | ဦးသိန်းဝင်း+ဒေါ်ဥမ္မာတင် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၂၂ | ဦးဝင်းထွန်း(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၂၃ | ဦးရွှေလှ(ဟားခါးမြို့) | ၁၀၀,၀၀၀ |
| ၁၂၄ | ဒေါ်တင်သီတာအေး(မင်္ဂလာဒုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၂၅ | ဦးသန်းထိုက်ဦး(ကျောက်ပန်းတောင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၂၆ | ဦးရဲထွန်း+ဒေါ်ခင်အေးမြင့်(ကျောက်ပန်းတောင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၂၇ | ဦးနေမိုး +၁(ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၁၂၈ | ဒေါ်ခင်ခင်(ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၁၂၉ | ဦးဝင်းကြည် မိသားစု (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၁၃၀ | ဦးခင်မောင်နိုင်+ဒေါ်သီသီအေး(ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၃၁ | ဦးအောင်မောင်း+ဒေါ်ချိုလွင်(ကမာရွတ်မြို့နယ်) | ၃၀၀,၀၀၀ |
| ၁၃၂ | ဦးလှဝင်း+ဒေါ်လှဲ့လှဲ့မူ မိသားစုကောင်းမှု(လှိုင်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၃၃ | ဒေါ်သက်ထားဝါဝါအောင်(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၃၄ | Tat Nay Won Customs: | ၈၀,၀၀၀ |
| ၁၃၅ | ဦးသန်းရွှေ+ဒေါ်ခင်ချိုမိသားစု( စမ်းချောင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၃၆ | ဥပ္ပလဝဏ်အင်စတီကျူ (Uppalawam Institute) သာသနာ့ညီအစ်မများ(စမ်းချောင်းမြို့နယ်) | ၃၈၀,၀၀၀ |
| ၁၃၇ | ဦးကြည်ဝေ+ဒေါ်စန်းစန်းဝေ မိသားစု(တာမွေမြို့နယ် ) | ၂,၀၀၀,၀၀၀ |
| ၁၃၈ | ဒေါ်ကြူကြူဝင်း (မင်္ဂလာတောင်ညွန့်မြို့နယ် ) | ၅၀၀,၀၀၀ |
| ၁၃၉ | ဦးမင်းလွင်(District Manager)(ကျောက်မဲမြို့) | ၂၂၀,၀၀၀ |
| ၁၄၀ | ဦးမင်းသိန်း(ကျောက်မဲမြို့) | ၂၀,၀၀၀ |
| ၁၄၁ | ဒေါ်နွယ်နွယ်ဝင်း (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၁၄၂ | ဦးညို(ကျောက်ပန်းတောင်းမြို့) | ၅၀၀,၀၀၀ |
| ၁၄၃ | ဒေါ်စောသန္တာအောင် (သန်လျင်မြို့) | ၅၀,၀၀၀ |
| ၁၄၄ | ဒေါ်ကြည်ဝင်းထွန်း(ကျောက်ပန်းတောင်းမြို့) | ၅၀,၀၀၀ |
| ၁၄၅ | ဦးသန့်ဇင်ချစ်(ကျောက်ပန်းတောင်းမြို့) | ၅၀,၀၀၀ |
| ၁၄၆ | ဦးကျော်ဇေယျ(ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၁၄၇ | ဒေါ်ညွန့်ညွန့်ငွေ (စစ်တွေမြို့) | ၆၀,၀၀၀ |
| ၁၄၈ | ဦးအောင်မြင့်ဟန် (ပြင်ဦးလွင်မြို့) | ၁၀၀,၀၀၀ |
| ၁၄၉ | ဒေါ်မီမီငယ် (လှိုင်သာယာမြို့နယ်) | ၁,၁၀၀,၀၀၀ |
| ၁၅၀ | ဒေါ်ခင်ဆွေဦး (မုံရွာမြို့) | ၅၀,၀၀၀ |
| ၁၅၁ | ဦးခေမာစာရ(မုံရွာမြို့) | ၁၀၀,၀၀၀ |
| ၁၅၂ | ဒေါ်ဆွေဆွေကြည် (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၁၅၃ | ဒေါ်နိုင်ဝါဝါ (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၅၄ | ဒေါ်ခင်မမ (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၁၅၅ | ဦးကျော်စိန်+ဒေါ်သီတာတင် (သဃ်န်းကျွန်းမြို့နယ်) | ၁,၁၀၀,၀၀၀ |
| ၁၅၆ | ၁၉၇၁ ခုနှစ်၊ မန္တလေးဆေးတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား/ကျောင်းသူများ(မန္တလေးမြို့) | ၁၁,၀၁၂,၅၀၀ |
| ၁၅၇ | ဦးဘကြိုင်+ဒေါ်စောရီ ရန်ကြီးအောင်မိသားစု(မန္တလေးမြို့ ) | ၁၀,၀၀၀,၀၀၀ |
| ၁၅၈ | ဒေါ်သန်းသန်းနွဲ့ (ဟိုတယ်ရွှေပြည်သာမိသားစု)(မန္တလေးမြို့) | ၃,၀၀၀,၀၀၀ |
| ၁၅၉ | ဦးမျိုးမင်း+ဒေါ်ဖြူဖြူမြင့် (ပုညသုခပလပ်စတစ်ပုံနှိပ်လုပ်ငန်း) (မန္တလေးမြို့ ) | ၁၀,၀၀၀,၀၀၀ |
| ၁၆၀ | မန္တလေးတက္ကသိုလ်(၁၉၈၆) သင်္ချာသူငယ်ချင်းများဘုံကထိန်အဖွဲ့(မန္တလေးမြို့ ) | ၃,၀၀၀,၀၀၀ |
| ၁၆၁ | ဦးရဲသူ+ဒေါ်တင်တင်သန်း မန္တလေးအားမာန်သစ်ဆောက်လုပ်ရေးကုမ္ပဏီ(မန္တလေးမြို့ ) | ၁,၅၀၀,၀၀၀ |
| ၁၆၂ | ဦးမောင်မောင်ခင် (ရန်ကုန်မြို့) | ၂၀,၀၀၀ |
| ၁၆၃ | ဒေါ်လှလှငွေ(ရန်ကုန်မြို့) | ၁၀,၀၀၀ |
| ၁၆၄ | ဒေါက်တာမျိုးကြည်+ဒေါက်တာချောရွှေရည်မင်း မိသားစု(လမ်းမတော်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၆၅ | ဦးကျော်ဇော်လွင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၁၆၆ | ဦးမျိုးအောင်(မြောင်းမြမြို့) | ၁,၀၀၀,၀၀၀ |
| ၁၆၇ | ဦးသန်းကျော်(မြောင်းမြမြို့) | ၁၀,၀၀၀,၀၀၀ |
| ၁၆၈ | ဦးကျော်မြင့်အောင်+ဒေါ်သီမာ KNA & Thailand Audio မိသားစု (ရွှေပြည်သာမြို့နယ်) | ၁၀,၀၀၀,၀၀၀ |
| ၁၆၉ | ဦးဝင်းထွန်း(မန္တလေးမြို့) | ၂၀,၀၀၀ |
| ၁၇၀ | ဦးခင်မောင်ဝင်း+သီရိသုခမွှေသိင်္ဂီဒေါ်သန်းသန်းနွဲ့(Kyal Ni Cheroot) (အုတ်တွင်းမြို့) | ၅၀,၀၀၀,၀၀၀ |
| ၁၇၁ | ဒေါ်တင်ရီ(မန္တလေးမြို့) | ၁,၀၀၀,၀၀၀ |
| ၁၇၂ | ဦးစိုင်းလှကျော်(လားရှိုးမြို့) | ၅၀၀,၀၀၀ |
| ၁၇၃ | ဒေါ်ခင်သိန်းမြ၊ ဒေါ်မိမိဇင်(မုံရွာမြို့) | ၃,၁၅၀,၀၀၀ |
| ၁၇၄ | လှိုင်ဘာတာယာဉ်ရောင်းဝယ်ရေးစခန်းမိသားစု (လှိုင်မြို့နယ်) | ၃,၆၁၇,၁၀၀ |
| ၁၇၅ | ဒေါက်တာဦးမျိုးခိုင်+ဒေါ်မြဦး (ဗဟန်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၇၆ | ဦးကြည်သာဟန် (KL Seven Auto Service Co.,Ltd)(ရန်ကင်းမြို့နယ် ) | ၁၀,၀၀၀,၀၀၀ |
| ၁၇၇ | မေမျိုးဇော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၁၇၈ | ဦးသိန်း+ဒေါ်ခင်ငွေမြင့် မိသားစု (အင်းစိန်မြို့နယ်) | ၂၀၅,၀၀၀ |
| ၁၇၉ | မေဝါလွင်လွင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၈၀ | ဒေါ်မြမြစိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၈၁ | ကိုအောင်သူရ နှင့် မဆိုင်းစံ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၈၂ | ဦးအုပ်စိုး+ဒေါ်ရှုပလင်း (သား)ဉာဏ်အုပ်စိုး မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၈၃ | ခင်သန္တာစိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၈၄ | ဦးတင်ဝင်း ဒေါ်ညွန့်လှိုင် မိသားစု (ဝဏ္ဏမာလာ)(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၁၈၅ | တင်မေလင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၄,၅၀၀ |
| ၁၈၆ | ဒေါ်ဇင်မင်းဦး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၁၈၇ | စောဂျူးဂျူး+မိုးနီလာထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၈၈ | ဦးဝင်းမြင့်နိုင်+ဒေါ်အေးအေးသင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၈၉ | စိုးကိုကိုသူ+ ဖြိုးသန္တာအောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၉၀ | ဖြိုးမင်းခန့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၉၁ | ဝေနှင်းသော်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၉၂ | ခင်သန္တာထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၉၃ | စုစုလှိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၉၄ | သီတာအေး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၅၀၀ |
| ၁၉၅ | လှမြတ်သင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၉၆ | ခင်ခင်နု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၁၉၇ | ကိုချစ်နိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၉၈ | ဦးစန်းကျော်အောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၉၉ | ဦးမျိုးမင်းလတ်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၅၀၀ |
| ၂၀၀ | ဇော်လင်းထွဋ်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၂၀၁ | ပြည်သိမ်းစိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၄,၅၀၀ |
| ၂၀၂ | သက်မြတ်နိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၀၃ | ထက်ထက်မြင့်အောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၀၄ | တိုးပြည့်စုံ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၂၀၅ | ထက်ထက်ထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၅,၀၀၀ |
| ၂၀၆ | ဦးပြည်စိုး (ပြည်စိုးကုမ္ပဏီလီမိတက်)(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၂၀၇ | စု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၀၈ | အိန္ဒြေထင်လင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၀၉ | အောင်ကျော်မြင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၁၀ | ဆောင်းနှင်းဦး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၂၁၁ | ဦးဇေယျာဖြိုးဝေနှင့် ဒေါ်သန်းသန်းဆင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၂၁၂ | မျိုးအိအိကြွယ်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၁၃ | စိုးဝေယံထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၁၄ | ထင်ကျော်လင်းနှင့် အိမြတ်မွန်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၂၁၅ | အောင်ဇော်လင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၂၁၆ | နွယ်နီအေး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၁၇ | အောင်သန့်ဇင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၂၁၈ | Hobby Paradise Customer များစုပေါင်းအလှူ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၁,၅၀၀ |
| ၂၁၉ | ဦးမြဝင်း+ဒေါ်ခင်ငွေ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၂၂၀ | ကိုသူရစိုး+မစန္ဒာနိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၂၂၁ | အိသန္တာခင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၂၂ | ခန့်ဝင်းငြိမ်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၂၃ | သိင်္ဂီအောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၂၄ | ကျော်ကျော်လင်းနိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၂၅ | မေရီ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၂၂၆ | လင်းဘုန်းပြည့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၂၇ | မြတ်သိင်္ဂီ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၂၈ | ဖြိုးကျော်သူ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၂၉ | ဦးစိုးရ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၃၀ | နန္ဒာကျော်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၃၁ | ကိုသန့်ဇင်မျိုး+ မအိသူဇာဖြိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၂၃၂ | ဦးစိုပြေအောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၂၃၃ | ဒေါ်သဲစုနိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၃၄ | ကိုမျိုးသီဟ+ မရှိန်းမေအောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၂၃၅ | မေသူအောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၂၃၆ | ရတနာအောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၃၇ | မေစန်းမွန်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၂၃၈ | ထွန်းထွန်းဝင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၃၉ | သီဟထက်ဦး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၄၀ | သျှားလဲ့မြစိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၄၁ | မေသူကျော်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၄၂ | ဝါဝါအောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၄၃ | ဦးဖေမော်သင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၂၄၄ | ဒေါ်မေသက်အောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၄၅ | အေးသီတာ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၄၆ | ဦးထိန်ဖြိုးလင်း+ဒေါ်နှင်းယုယုအောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၂၄၇ | ကြည်ဖြူအောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၄၈ | ခင်မေကြူ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၂၄၉ | သီဟစိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၂၅၀ | ဒေါက်တာထက်နိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၅၁ | ညီညီထွေး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၅၂ | ဦးအောင်ကျော်စန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၅၃ | နွယ်နွယ်စန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၅၄ | နိုင်ပွင့်ပွင့်သူ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၅၅ | ဒေါ်ဖြိုးအိဝေ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၅၆ | ဝင်းပပဖြိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၅၇ | ကျော်ကျော်လင်းနိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၅၈ | လွင်မင်းမြတ်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၅၉ | ဒေါ်သဇင်ထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၆၀ | ဇင်မျိုးလတ်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၆၁ | မဥ္ဇူငြိမ်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |

စာမျက်နှာ ၂၄ သို့

စာမျက်နှာ ၂၃ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၂၆၂ | ပန်းအိဖြူ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၆၃ | သော်တာမိုးမြင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၆၄ | မွန်မွန်ကျော်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၂၆၅ | ခင်မင်းဌေး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၂၆၆ | မျိုးသူဇာမြင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၂၆၇ | နှင်းဝေစီ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၆၈ | ရတနာနေမင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၆၉ | သန္တာအောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၅၀၀ |
| ၂၇၀ | ရဲသူအောင်(ဒေါပုံမြို့နယ်) | ၅၀,၀၀၀ |
| ၂၇၁ | Friendship Group- FG(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၂၇၂ | စိုးဝင်းကျော်(လှိုင်မြို့နယ်) | ၁၅,၀၀၀ |
| ၂၇၃ | HTZ + SSS (ရန်ကုန်မြို့) | ၃,၀၀၀ |
| ၂၇၄ | ဦးသက်ဝေဖြိုး+ဒေါ်မေမြတ်မွန် (တ/ဒဂုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၇၅ | ဖလော်ရီဝင်းမြင့် (တ/ဥက္ကလာပမြို့နယ်) | ၂၀,၀၀၀ |
| ၂၇၆ | ခိုင်စုလှိုင် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၂၇၇ | အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ။ (မ/ဒဂုံမြို့နယ်) | ၃၂၀,၀၀၀ |
| ၂၇၈ | ဦးအောင်ကျော်၊ ဒေါ်မူမူသန်း မိသားစု (ကျောက်တံတားမြို့) | ၃၀,၀၀၀ |
| ၂၇၉ | ကလျာမြတ်နိုးခင် (ရန်ကုန်မြို့) | ၁၀,၀၀၀ |
| ၂၈၀ | ဦးကြည်ဝင်း၊ဒေါ်ရီရီလွင် (အင်းစိန်မြို့နယ်) | ၁၅၀,၀၀၀ |
| ၂၈၁ | ဒေါ်ကြူကြူခိုင် (စမ်းချောင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၈၂ | ဒေါ်ချောစုစုဝင်း(တ/ဥက္ကလာပမြို့နယ်) | ၂၀,၀၀၀ |
| ၂၈၃ | ဦးကိုကိုဝင်းထိုက်+ ဒေါ်အေးသီတာဖြိုး (ထားဝယ်မြို့) | ၅၀,၀၀၀ |
| ၂၈၄ | ဦးအေးချမ်း+ ဒေါ်နန်းအေးအေးမြ(ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၂၈၅ | ဦးဇော်ဝင်း၊ ဒေါ်ဌေးဌေးမြင့် မိသားစု (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၂၈၆ | ဦးပြည့်ဖြိုးအောင်နှင့် မစုစုမွန် (ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၂၈၇ | ယမင်းလှိုင်(ကရင်ပြည်နယ်) | ၁၀,၀၀၀ |
| ၂၈၈ | ဝင့်ဖြိုးသွယ် (ရန်ကုန်မြို့) | ၃၀,၀၀၀ |
| ၂၈၉ | ဦးလှဝင်း၊ ဒေါ်သောင်းစိန် မိသားစု(ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၂၉၀ | သန့်ကြည်စင်(ရန်ကုန်မြို့) | ၅,၀၀၀ |
| ၂၉၁ | ဆွေဆွေဇင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၂၉၂ | ခင်မောင်လတ် (ကျောက်ပန်းတောင်းမြို့) | ၁၀,၀၀၀ |
| ၂၉၃ | ဒေါ်ခင်မူယာ (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၂၉၄ | ဒေါ်စန္ဒာဆွေ (လယ်ဝေးမြို့) | ၅၀,၀၀၀ |
| ၂၉၅ | ချစ်သဲညာ (လမ်းမတော်မြို့နယ်) | ၅၀,၀၀၀ |
| ၂၉၆ | ကြည်အောင်ကို (ရန်ကုန်မြို့) | ၁၀,၀၀၀ |
| ၂၉၇ | အုန်းလှိုင်နှင့်သားများ(မန္တလေးမြို့) | ၃,၀၀၀,၀၀၀ |
| ၂၉၈ | ဒေါ်မြရွက်သစ် (သဃ်န်းကျွန်းမြို့နယ်) | ၂၀၀,၀၀၀ |
| ၂၉၉ | ဦးဟန်တင်၊ ဦးလှရီ(ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၃၀၀ | ဒေါ်ယဉ်ယဉ်ဌေး (ဗဟန်းမြို့နယ်) | ၂၀၀,၀၀၀ |
| ၃၀၁ | ဦးမြင့်စိန် (ဗဟန်းမြို့နယ်) | ၂၀၀,၀၀၀ |
| ၃၀၂ | ဦးကျော်မိုးလွင် (ဗဟန်းမြို့နယ်) | ၂၀၀,၀၀၀ |
| ၃၀၃ | မြန်မာ့အစားအသောက်ထုတ်လုပ်ရေးနှင့်ပို့ဆောင်ရေးအဖွဲ့(ရန်ကုန်မြို့) | ၁၀,၀၀၀,၀၀၀ |
| ၃၀၄ | ဦးကျော်ကျော်+ဒေါ်အေးလှမွန် (ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၀၅ | ဦးပေါ်စော၊ ဒေါ်ခင်ဆွေ (မှော်ဘီမြို့နယ်) | ၃၀၀,၀၀၀ |
| ၃၀၆ | ဦးမင်းအုန်းမြိုင်+ဒေါ်အိမ်မှီ မိသားစု (မ/ဒဂုံမြို့နယ်) | ၂၀၀,၀၀၀ |
| ၃၀၇ | ဒေါက်တာသိန်းမင်း၊ ဒေါ်ရီမြင့် (တိုက်ကြီးမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၀၈ | သန်းနု (မန္တလေးမြို့) | ၁,၀၀၀,၀၀၀ |
| ၃၀၉ | မြတ်စုကြည် (မ/ဒဂုံမြို့နယ်) | ၁၀,၀၀၀ |
| ၃၁၀ | ဦးသန်းဇော်မြင့် (လမ်းမတော်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၃၁၁ | ဒေါ်ယဉ်မင်းသန်း (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၁၂ | သိန်းသူရ (နေပြည်တော်) | ၅၀၀,၀၀၀ |
| ၃၁၃ | ဦးဇော်ဝင်းရှိန် ဝိတိုရိယဆေးရုံ၊ သုခစေတနာကုမ္ပဏီလီမိတက် (ရန်ကုန်မြို့) | ၁၅၀,၀၀၀,၀၀၀ |
| ၃၁၄ | ဦးမင်းထွန်း(ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၃၁၅ | ဒေါ်တင်ရီ (သဃ်န်းကျွန်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၃၁၆ | ဒေါ်ရီရီမြင့်(ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၃၁၇ | ဦးမောင်လွမ်း၊ဒေါ်စန်းကြူ (ပြည်မြို့) | ၅,၀၀၀,၀၀၀ |
| ၃၁၈ | ခင်မောင်တင့် (ပုဇွန်တောင်မြို့နယ်) | ၅၀၀,၀၀၀ |
| ၃၁၉ | ထွန်းထွန်းလင်း (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၃၂၀ | ဦးသန်းဇော်မြင့်+ဒေါ်ချစ်ချစ်၊ သားမောင်လင်းမင်းမြတ် (စမ်းချောင်းမြို့) | ၃၀၀,၀၀၀ |
| ၃၂၁ | ဦးမင်းအောင်သန်း+ ဒေါ်အေးအေးမြင့် (နေပြည်တော်) | ၁,၀၀၀,၀၀၀ |
| ၃၂၂ | တိုးအောင်(ပဲခူးမြို့) | ၁၀၀,၀၀၀ |
| ၃၂၃ | မသက်နှင့်မိသားစု (ပြင်ဦးလွင်မြို့) | ၁၀,၀၀၀ |
| ၃၂၄ | ဒေါ်ထားထားလှိုင်မိသားစု (ပြင်ဦးလွင်မြို့) | ၁၀၀,၀၀၀ |
| ၃၂၅ | ရွှေကန်ပေါ် ဆရာတော် နှင့် မိသားစုအဖွဲ့ဝင်များ (မုံရွာမြို့) | ၄၀၀,၀၀၀ |
| ၃၂၆ | မျိုးမင်းခိုင်+ စုစုခင် (အာရှနဂါးဆန်ဆိုင်) (ဖျာပုံမြို့) | ၅၀၀,၀၀၀ |
| ၃၂၇ | ဒေါ်ချိုချိုညွန့် (လမ်းမတော်မြို့နယ်) | ၅၀၀,၀၀၀ |
| ၃၂၈ | သူဇာလင်း (စမ်းချောင်းမြို့နယ်) | ၂၀,၀၀၀ |
| ၃၂၉ | ဒေါ်သန်းသန်းချို (မင်္ဂလာတောင်ညွန့်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၃၀ | ဦးသိန်းထွန်း (မရမ်းကုန်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၃၃၁ | ဒေါ်မြမြလှိုင် (တ/ဥက္ကလာပမြို့နယ်) | ၅၀၀,၀၀၀ |
| ၃၃၂ | ဒေါက်တာနိုင်ထွဋ်အောင်+ ဒေါက်တာဝေဝေယဉ် (ကွန်းခိုရာဖောင်ဒေးရှင်းမိသားစု) (မရမ်းကုန်းမြို့နယ်) | ၅၀၀,၀၀၀,၀၀၀ |
| ၃၃၃ | ဦးဇော်ထွန်းလင်း (တ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၃၄ | ဦးကျော်စိန်၊ ဒေါ်လှမြင့် (ရေကျော်မြို့နယ်) | ၄၀၀,၀၀၀ |
| ၃၃၅ | (ဦးကျော်အေး) + ဒေါ်ပြုံးပြုံးနိုင် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၃၃၆ | ကိုကျော်ရီ၊ စည်သူ၊ မအိအိဖြူ မိသားစု (စစ်ကိုင်း) (စကော်ဘူ) | ၁၀၀,၀၀၀ |
| ၃၃၇ | နီလာစန်း (သဃ်န်းကျွန်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၃၃၈ | အောင်ကျော်စိုး+ နီလာဝင်း (ကြည်စင်နီလာ) (ဖျာပုံမြို့) | ၂,၅၀၀,၀၀၀ |
| ၃၃၉ | ယဉ်ယဉ်အေး(ဖျာပုံမြို့) | ၂၀,၀၀၀ |
| ၃၄၀ | စိုးသက်စံ(ဖျာပုံမြို့) | ၇၀၀,၂၃၀ |
| ၃၄၁ | ဒေါက်တာ စိုးဝင်းဦး+ သန္တာနိုင်၊ မကေကေ မိသားစု (ဗဟန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၄၂ | ဒေါက်တာတိုးဝင်း+ဒေါက်တာသင်းကေခိုင် မိသားစု (ဗဟန်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၃၄၃ | ဆရာတော်ဦးသီလာစာရ ပဓာနနာယကဆရာတော်၊ သုဓမ္မဝတီကျောင်းတိုက်(ချောက်မြို့) | ၁၀၀,၀၀၀ |
| ၃၄၄ | ဆရာတော်ဦးသောမ ပဓာနနာယကဆရာတော်၊ ရွှေပုံတောင်တောရကျောင်းတိုက်(ချောက်မြို့) | ၁,၂၀၀,၀၀၀ |
| ၃၄၅ | ငြိမ်းကိုမင်း (လှိုင်မြို့နယ်) | ၁၀,၀၀၀ |
| ၃၄၆ | ဦးမင်းအောင်သန်း+ ဒေါ်အေးအေးမြင့်(နေပြည်တော်) | ၃၀၀,၀၀၀ |
| ၃၄၇ | ကျော်ဆွေဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၃၄၈ | စောနီလာဌေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၃၄၉ | ကျော်ထက်အောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၃၅၀ | မြင့်လွင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၃၅၁ | ဒေါ်ဥမ္မာမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၅၂ | ဦးဇော်ဝင်းနှင့် ဒေါ်စောစန္ဒာအေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၃၅၃ | နှင်းယုဆွေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၃၅၄ | ဦးသန်းဌေး+ ဒေါ်သန်းမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၅၅ | ဦးခင်မောင်ဦး+ ဒေါ်တင်တင်အေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၃၅၆ | မယမင်းသွယ်၊ ဒေါ်ဖြိုးမွန်မွန်ကျော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၃၅၇ | ဦးမြဝင်းနှင့် ဒေါ်ခင်မြဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၃၅၈ | ဒေါ်မေဖြူသန့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၃၅၉ | လှနွယ်စိန် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၃၆၀ | ဒေါက်တာအောင်မျိုးသန့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၆၁ | မတင်တင်မိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၃၆၂ | မယဉ်ယဉ်မွန် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၆၃ | ဒေါ်ဌေးဌေးမူ မိသားစု (C/O) ဦးဌေးလွင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၆၄ | ဒေါ်သန်းသန်းအေး (ပဲခူးမြို့) | ၁၀၀,၀၀၀ |
| ၃၆၅ | ဒေါ်နုနုအေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၆၆ | NCH,TZL,KTA,KNO,HH,HNZ,SDHL,HTZHW,MKKO,YNDAK,WMP (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၃၆၇ | ဦးအောင်ကြည်စိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၃၆၈ | ဦးမျိုးမြင့်နိုင် +ဒေါ်မြင့်မြင့်အေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၆၉ | မြသီတာ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၃၇၀ | ဒေါ်ဆွေဆွေယု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၃၇၁ | ဒေါ်အေးမို့မို့မြင့်၊ ဦးကျော်ဇင်မြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၃၇၂ | ဦးရွှေခဲ၊ ဒေါ်ယဉ်ငွေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၃၇၃ | ဦးထင်ကျော်စိုး+ဒေါ်မေနှင်းဖွေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၇၄ | ဒေါက်တာဝင်းမောင်+ဒေါ်ထားထားဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၉၀၀,၀၀၀ |
| ၃၇၅ | တစ်ရာစွမ်းအား( Hundred Power) ကျန်းမာရေးနှင့်အထောက်အကူပြုအဖွဲ့ ပဲနွယ်ကုန်း (ကျောက်တံခါးမြို့နယ် ) | ၁၀,၀၀၀,၀၀၀ |
| ၃၇၆ | ဦးဝင်းမော် + ဒေါ်သန်းသန်းဆွေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၃၇၇ | မယု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၃၇၈ | ဒေါ်ကြည်လင်း မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၇၉ | ဒေါက်တာမြင့်မြင့်သန်း သား- မြင့်မိုရ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၃၈၀ | ဦးမြသောင်း+ဒေါ်ခင်ထွေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၃၈၁ | ဦးသိန်းဟန်+ဒေါ်ကြူကြူဟန် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂,၅၀၀,၀၀၀ |
| ၃၈၂ | ဦးထွန်းအောင်+ ဒေါ်သိန်းငွေ မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၈၃ | ဦးအောင်ကျော်ဦး+ ဒေါ်နေခြည်အေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၃၈၄ | ဦးထွန်းအောင်မိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၃၈၅ | ဦးတင်ဦးရှိန်+ဒေါက်တာဝင်းဝင်းရီ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၃၈၆ | ဦးကျော်စိုး+ ဒေါက်တာမြင့်မြင့်စိန် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၃၈၇ | ဒေါ်ဝင်းဝင်းမာ C/O ဒေါ်မြကြည် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၈၈ | ဒေါ်ဝင်းဝင်းမာ C/O ဒေါ်အေးအေးငြိမ်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၈၉ | ဦးကျော်သန်း (CEO-YCB) + ဒေါ်စန္ဒာညွန့်ဝေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၃၉၀ | ဒေါ်အေးအေး မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၂၀,၀၀၀ |
| ၃၉၁ | ဦးချစ်ယဉ်၊ ဒေါ်အုန်းခင် သား-မောင်ဉာဏ်ဝင်း၊ မောင်နိုင်ဝင်း၊ မောင်ဖုန်းဇော်၊ | ၃၀၀,၀၀၀ |
| ၃၉၂ | ဒေါ်တင်တင်လှ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၅၀,၀၀၀ |
| ၃၉၃ | ဦးဝီး(ပုဇွန်တောင်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၃၉၄ | ဦးဉာဏ်လင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၃၉၅ | ဒေါ်မြင့်မြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၉၆ | ဦးပြည့်ကျော်လင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၉၇ | လူငယ်အဖွဲ့ (လသာမြို့နယ်) | ၅၀၀,၀၀၀ |
| ၃၉၈ | မအိမ့်ချစ်ပိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၃၉၉ | ဦးအေးကို (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၀၀ | ဦးခင်ဇော်+ဒေါ်နန်းဆု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၀၁ | ဒေါ်ယဉ်သန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၀၂ | ခင်ရီ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၀၃ | ဦးသန်းထိုက် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၅,၀၀၀ |
| ၄၀၄ | ဒေါ်ဥမ္မာချို (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၄၀၅ | ဒေါ်စုစုလှိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၂၀,၀၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*

## ဂန့်ဂေါမြို့နယ်ရှိ ဆင်းသုခစပါး မျိုးစေ့များ အရည်အသွေးစစ်ဆေးရန် ဓာတ်ခွဲခန်းသို့ ပေးပို့

**ဂန့်ဂေါ ဇန်နဝါရီ ၃၁**

ဂန့်ဂေါမြို့နယ်အတွင်း ကိုဗစ် – ၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် ဆင်းသုခစပါး မျိုးစေ့ထုတ်စိုက်ခင်းကို ဧက ၄၆၀ တွင် စိုက်ပျိုးခဲ့ရာ အဆိုပါစိုက်ခင်းများမှ ရရှိသည့် မျိုးစေ့အရည်အသွေးစစ်ဆေးရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မန္တလေးမြို့ရှိ စိုက်ပျိုးရေးဦးစီးဌာနအထက်မြန်မာပြည် မျိုးစေ့ဓာတ်ခွဲခန်းသို့ မျိုးစေ့နမူနာများ ဇန်နဝါရီလနောက်ဆုံးပတ်အတွင်းက ပေးပို့ထားသည်။

ဂန့်ဂေါမြို့နယ်အတွင်း ၂၀၂၀ ပြည့်နှစ် မိုးစပါးရာသီတွင် ဆင်းသုခစပါးမျိုး မျိုးသန့်မျိုးပွားမျိုးစေ့မှ စီးပွားဖြစ်မျိုးသန့်မျိုးစေ့အဖြစ် မျိုးစေ့ထုတ်စိုက်ခင်း ဧက ၄၆၀ ကို ကျေးရွာ ၁၀ ရွာတွင် တောင်သူ ၂၁၆ ဦးက စိုက်ပျိုးဆောင်ရွက်ခဲ့ပြီး စုစုပေါင်းစပါး ၃၂၄၄၃ တင်း ထွက်ရှိကြောင်း၊ အဆိုပါ မျိုးစေ့များကို အရည်အသွေးစစ်ဆေးနိုင်ရန် မျိုးစေ့နမူနာ ၂၁၆ ထုပ်ကို မျိုးစေ့ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

အပင်ပွားစည်းချိန် ပထမအကြိမ် မျိုးကွဲနုတ်ပယ်ခြင်း၊ ဒုတိယအကြိမ်အဖြစ် အနှံစုံချိန်နှင့် တတိယအကြိမ်အဖြစ် အနှံရင့်မှည့်ချိန်တို့တွင် မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားကြောင်း၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးကာ ဆန်နီ၊ မျိုးကွဲအပင်နှင့် လက်မခံနိုင်သည့် ပေါင်းပင်၊ ပိုးမွှားရောဂါကျအပင်များ ကင်းစင်ကြောင်း တွေ့ရှိရမှသာ မျိုးအဖြစ် ရိတ်သိမ်းကြရကြောင်း၊ ရိတ်သိမ်းပြီးထွက်ရှိလာသော စပါးများကိုလည်း မျိုးစေ့ဓာတ်ခွဲခန်းသို့ပေးပို့ပြီး မျိုးစေ့အဆင့်အလိုက် သတ်မှတ် စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် စပါးများကိုသာ မျိုးစေ့အဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ဂန့်ဂေါမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးထံမှ သိရသည်။

၁၄၄




## ကျောက်ထုမြို့တွင် ဝဥများ စတင်တူးဖော်ရောင်းချ

**ကျောက်ထု ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်ရှိ တောင်ယာမြေနှင့် ဥယျာဉ်ခြံမြေများတွင် ဝဥများစိုက်ပျိုးခဲ့ရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး ယခုအခါ တူးဖော်ရောင်းချနေပြီဖြစ်သည်။

ကျောက်ထုဒေသတွင် ဝဥစိုက်ပျိုးဧက ၇၀၀ ကျော်ရှိပြီး၊ တစ်ဧကလျှင် ဝဥမျိုးစေ့ ပိဿာချိန် ၂၀ခန့် ထည့်သွင်းစိုက်ပျိုးကြရကာ မျိုးထည့်သွင်းစိုက်ပျိုးချိန်မှစ၍ သုံးနှစ်ခန့်ထားရှိစိုက်ပျိုးကြရသည်။ သီးနှံဖော်ထုတ်ချိန်၌ တစ်ဧကလျှင် ပိဿာချိန် ၂၀၀၀ ခန့်ရရှိသည်။ ဝဥစိုက်ပျိုးရာတွင် ရှေးဦးစွာ ဝဥစိုက်ပျိုးရန်မြေပြင်ပြီးကျင်းတူးထားရသည်။ ကျင်းအတွင်းသို့ သဘာဝမြေဩဇာနှင့် တိရစ္ဆာန်၏ အညစ်အကြေးများအား ထည့်သွင်းမြေပြင်ထားကြရသည်။ ထို့နောက် မိုးဦးကျကာလ၌ မျိုးဥများကို ထည့်သွင်းစိုက်ပျိုးကြရကြောင်း သိရသည်။

မျိုးဥများ အပင်များ ဖြစ်ထွန်းအောင်မြင်ချိန်၌ မျိုးသီးများပြန်လည်ရရှိပြီး စိုက်ပျိုးသည့်မျိုးဖိုး ပြန်လည်ကာမိကြောင်းနှင့် ထွက်ရှိလာသောဝဥများကို မန္တလေးမြို့ရှိပွဲရုံများသို့ ပို့ဆောင်ရောင်းချကြပြီး ဝဥအခြောက်တစ်ပိဿာလျှင် ကျပ်တစ်သောင်းနှုန်းနှင့် ဝဥအစိုတစ်ပိဿာလျှင် ကျပ်တစ်ထောင်နှုန်း ရောင်းချရကြောင်း ဝဥစိုက်ပျိုးတောင်သူ ဦးလိန်းထန်းထံမှ သိရသည်။

**မောဟေမာန်(ပြန်/ဆက်)**



## အစားအစာဘေးကင်းစိတ်ချရေးစီမံချက်နှင့်အညီ ထုတ်လုပ်ထားသည့် ဟင်းသီးဟင်းရွက်နှင့် ကုန်စိမ်းများကိုသာ အမရပူရမြို့နယ် ၄၁ လမ်းဈေး၌ ရောင်းချခွင့်ပြုမည်

**မန္တလေး ဇန်နဝါရီ ၃၁**

Food Safety project နှင့်အညီ စိုက်ပျိုး ထုတ်လုပ်ထားသည့် ဟင်းသီးဟင်းရွက်နှင့် ကုန်စိမ်းများကိုသာ ၄၁ လမ်း ကုန်စိမ်းတန်းညဈေး၌ ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှု၊ သက်ဆိုင်ရာဒေသခံ စိုက်ပျိုးရေးဦးစီးဌာနများ၏ တာဝန်ယူဆောင်ရွက်မှုတို့ဖြင့် အစားအစာဘေးကင်းစိတ်ချရေးစီမံကိန်းများ ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးထုတ်လုပ်ထားသည့် ဟင်းသီး ဟင်းရွက်ကုန်စိမ်းများကိုသာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် (၄၁) လမ်းဈေး၌ ရောင်းချခွင့်ပြုမည်ဖြစ်သည်။

“ စားသုံးသူတွေအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနဲ့အညီ စိုက်ပျိုးထုတ်လုပ်ထားတဲ့ သန့်ရှင်းလတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်တွေကို ၄၁ လမ်းဈေးမှာ ရရှိနိုင်ပါပြီ။ ဟင်းသီးဟင်းရွက်ဆိုင်တွေကို စိုက်ပျိုးရေးဦးစီးဌာနတွေက တာဝန်ရှိသူတွေကိုယ်တိုင် ကွင်းဆင်းစစ်ဆေးနေပါတယ်။ လိုအပ်တဲ့အပိုင်းတွေကိုလည်း ညွှန်ကြားနေပါတယ်။ ဒီစီမံကိန်းလှုပ်ရှားမှုတွေကို မတ္တရာ၊ ပုသိမ်ကြီး၊ ကျောက်ဆည်စတဲ့ ဒေသတွေမှာ စတင်နေတာကြာပါပြီ။ အမရပူရမြို့နယ်အတွက်ကိုတော့ ဒီနှစ်မှာ စတင်လိုက်တာ ဖြစ်ပါတယ်။ မန္တလေးမှာဆိုရင် ၄၁ လမ်းဈေးက ကုန်စိမ်းရောင်းချမှုအတွက် အကြီးဆုံးဈေးတစ်ခုဖြစ်လို့ပါ”ဟု အမရပူရမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယလက်ထောက်ဦးစီးမှူး ဦးရဲနိုင်ဝင်းက ပြောသည်။

အစားအစာဘေးကင်းစိတ်ချရေးစီမံချက်နှင့် အညီ ရောင်းချမည့် ကုန်စိမ်း/ ဟင်းသီးဟင်းရွက်များသည် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနမှ အနီးကပ်ပညာပေးဆောင်ရွက်ထားသော စံပြစိုက်ခင်းများမှ ထွက်ရှိပြီး ဓာတုဓာတ်ကြွင်း(ပိုး/မှို+အခြား) ပါဝင်ခြင်းရှိမရှိကို ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းများ ဆောင်ရွက်ထားသည့် ဟင်းသီးဟင်းရွက်များ ဖြစ်ကြောင်း သိရသည်။

“ ရိတ်သိမ်းချိန်လွန် နည်းပညာနဲ့အညီ တောင်သူများကိုယ်တိုင်ကိုယ်ကျ စိုက်ပျိုးထုတ်လုပ်ပြီး၊ ကိုယ်တိုင်ရောင်းချတဲ့ ဟင်းသီးဟင်းရွက်တွေဖြစ်ရမယ်။ ပိုးသတ်ဆေးတွေ အလွန်အကျွံသုံးစွဲထားတဲ့ခြံမျိုးဆို ရောင်းချခွင့်မပြုပါဘူး။ စနစ်တကျ ဓာတ်ခွဲစစ်ဆေးပြီး ဘေးကင်းလုံခြုံတာသေချာတဲ့ ဟင်းသီးဟင်းရွက်တွေကိုသာ အနီပတ်လေးတွေ ပတ်ပေးပြီး ရောင်းချခွင့်ပြုတာပါ” ဟု ၎င်းက ဆက်လက်ပြောပြသည်။

အစားအစာဘေးကင်းစိတ်ချရေးစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသော ဟင်းသီးဟင်းရွက် စိုက်ပျိုးတောင်သူများအား သဘာဝပိုးနှင့် ဆေးလက်တွေ့ပြုလုပ်သုံးစွဲနည်း သင်တန်းများနှင့် အခြားစိုက်ပျိုးရေးနည်းပညာများ ပို့ချခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနေကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**နန်းထက်ထက်ချစ်**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

## ကျောက်ဖြူမြို့တွင် ဒေသထွက်ငါးမုန့်များကို ဆိုလာစက်ဖြင့် အခြောက်ခံပြီး ခေတ်မီစီးပွားရေးလုပ်ငန်းအဖြစ် ပြောင်းလဲထုတ်လုပ်

**ကျောက်ဖြူ ဇန်နဝါရီ ၃၁**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် ဒေသထွက်ငါးမုန့်လုပ်ငန်းအား ဒိန်းမတ်နိုင်ငံအထောက်အပံ့ RBF Grand ဖြင့် ဝယ်ယူတပ်ဆင်ထားသည့် ဆိုလာအခြောက်ခံစက်ဖြင့် မိရိုးဖလာလုပ်ငန်းမှ ခေတ်မီတိုးတက်သော စီးပွားရေးလုပ်ငန်းအဖြစ် ပြောင်းလဲထုတ်လုပ်လျက်ရှိရာ ပိုမိုကောင်းမွန်သည့်ထုတ်ကုန်တစ်ခုရရှိပြီဖြစ်ကြောင်း ငါးမုန့်လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

“ ဒီငါးမုန့်လုပ်ငန်းကိုလုပ်ကိုင်ခဲ့တာကတော့ နှစ်ပေါင်း ၃၀ ကျော်လောက်ရှိပါပြီ။ ငါးမုန့်ကို ငါးကွမ်းရုပ်ငါးတစ်မျိုးတည်းနဲ့သာ ပြုလုပ်ပြီးတော့ ထုတ်လုပ်ရောင်းချပါတယ်။ ဒီငါးမုန့်တွေကို အရင်မိရိုးဖလာအတိုင်း စတင်လုပ်ကိုင်ခဲ့တုန်းက အိမ်အပြင်ဘက်မှာထုတ်ပြီးတော့ နေရောင်ခြည်ကို အသုံးပြုပြီး နေလှန်းအခြောက်ခံရပါတယ်။ အဲဒီအခါမှာ ဖုန်မှုန့်၊ သဲမှုန့်ဝင်တာတွေ၊ ငှက်ချေးပါချတာတွေရှိတဲ့အတွက် လေလွင့်ဆုံးရှုံးမှုတွေအများကြီးကြုံတွေ့ရတယ်။ အခုအခါ ဒိန်းမတ်နိုင်ငံအထောက်အပံ့နဲ့ ဝယ်ယူထားတဲ့ ဆိုလာအခြောက်ခံစက်ကြီးနဲ့ ထုတ်လုပ်တဲ့အခါမှာ ဖုန်မှုန့်၊ သဲမှုန့်ကင်းစင်ပြီးတော့ ကျန်းမာရေးနဲ့ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်တဲ့ ငါးမုန့်ကိုရရှိတဲ့အပြင် လုပ်သားတွေလည်း ဘေးအန္တရာယ်ကင်းပါတယ်။ ပြီးတော့ ကျွန်မတို့ရခိုင်ဒေသဟာ ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်တဲ့အတွက် ငါးကုန်ကြမ်းတွေ အလုံအလောက်ရရှိပါတယ်။ ပြည်တွင်းဈေးကွက်အနေနဲ့ကတော့ စစ်တွေ၊ ရမ်းဗြဲ၊ ကျောက်တော်၊ ပဲခူး၊ ရန်ကုန်၊ပြည်၊ မန္တလေး၊ တောင်ကြီး၊ လားရှိုး ၊ ဘားအံ စတဲ့မြို့တွေကို ဖြန့်ဖြူးရောင်းချပါတယ်” ဟု 7 Top ငါးမုန့်လုပ်ငန်းပိုင်ရှင် ဒေါ်သက်နန္ဒာစိုးက ပြောသည်။

အဆိုပါ ကျောက်ဖြူဒေသထွက်ငါးမုန့်ကို ရခိုင်ဒေသအခေါ် (ပါပရာ) ဟူ၍လည်းခေါ်ဆိုကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း**



## ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က) Lot-3 လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ဥပဒေရုံး RC(၂)ထပ် ဆောက်လုပ်ခြင်းလုပ်ငန်း
(ခ) Lot-4 လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ဥပဒေရုံး ဝန်ထမ်းအိမ်ရာ RC (၄)ထပ်ဆောက်လုပ်ခြင်းလုပ်ငန်း
(ဂ) Lot-8လှည်းကူးမြို့နယ်ဥပဒေရုံး၊ RC(၂)ထပ် အဆောက်အဦများ ဆောက်လုပ်ခြင်းလုပ်ငန်းများ

၂။ တင်ဒါနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၅-၂-၂၀၂၂ရက်
(ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၂၂-၂-၂၀၂၂ရက်
(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရန်နေရာ - ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး
(ဃ) Lotတစ်ခုချင်းအလိုက်တင်ဒါပုံစံ (၁)စောင်လျှင် ကျသင့်တန်ဖိုး - ၁၀၀၀၀/-ကျပ်
(င) တင်ဒါဖွင့်မည့်ရက် - ၂၃-၂-၂၀၂၂ရက်
(စ) တင်ဒါဖွင့်ဖောက်မည့်အချိန် - မွန်းတည့် ၁၂နာရီ တာဝန်ရှိသူထံတွင် လူကိုယ်တိုင် သတင်းပို့ရန်ဖြစ်ပါသည်။
(ဆ) တင်ဒါဖွင့်ဖောက်မည့်နေရာ - ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်- ဖုန်း-၀၁-၂၄၆၂၀၃၊ ၀၉-၅၀၄၇၈၁၈

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
## ညောင်ဦးခရိုင်တရားရုံးတော်၌
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၃၅

ဒေါ်သီတာကျော် နှင့် ၁။ ဦးတင်ဝင်း
၂။ ဦးဇော်ဝမ်း
၃။ မထွေး

**တရားလို** **တရားပြိုင်များ**

ဦးတင်ဝင်း ပိတောက်ရွှေဝါလမ်း၊ သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့ (ယခုနေရပ်လိပ်စာ မသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၂၈အရ စွဲဆိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်ဖေဖော်ဝါရီ ၁၆ရက် (၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ဤရုံးဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သင်းသင်းလွင်)**
**ဒုတိယခရိုင်တရားသူကြီး**
**ညောင်ဦးခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်ခိုင်သူဇာဝင်း ၁၂/ဗတထ(နိုင်)၀၀၀၅၁၀နှင့် ဦးနိုင်ညိန်း ၁၂/ရကန(နိုင်)၀၀၆၂၇၇တို့သည် နှစ်ဖက်သောမိဘများ သဘောတူညီချက်ဖြင့် (၁၈-၁၀-၂၀၀၆) ခုနှစ်တွင် တရားသူကြီး၏ရှေ့တွင် တရားဝင်လက်မှတ်ရေးထိုးပေါင်းသင်းနေထိုင်ခဲ့ပြီး မည်သည့်အခါမှ ကွာရှင်းထားခြင်းမရှိကြောင်းနှင့် တစ်ဦးတည်းသော ဇနီးမယားဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မခိုင်သူဇာဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်မိတ်ဆွေ ဦးသက်ဝင်းထွဋ် ၇/ကဝန(နိုင်)၀၈၆၂၄၉သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ (၇၉)ရပ်ကွက်၊ အမှတ်(၁၁၂၄)ဟုခေါ်တွင်သော အကျယ်ပေ (၄၀x၆၀)ရှိမြေကွက်နှင့် ယင်းမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်သူဟု အခိုင်အမာပြောဆိုမြေကွက်လက်ရှိထားပြီး မြေချပါမစ်အပါအဝင် ပိုင်ဆိုင်မှုစာရွက်စာတမ်းများ လက်ရှိပိုင်ဆိုင်ထားသူ ဦးတင်ထွန်း ၇/မညန(နိုင်)၀၄၅၄၀၂မှာ ရောင်းချရန် ကမ်းလှမ်းသဖြင့် ဝယ်ယူရန်သဘောတူခဲ့သည့်အလျောက် နှစ်ဦးနှစ်ဖက်သတ်မှတ်ထားသော စရန်ငွေအားပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ရာများမကြာမီကာလအတွင်း ကျန်ငွေပေးချေပြီး အပြီးအပိုင်အရောင်းအဝယ်စာချုပ်ချုပ်ကြမည်ဖြစ်ရာ အဆိုပါမြေကွက် နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်စ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအခိုင်အမာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့် အညီ မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကိစ္စအရပ်ရပ်တို့အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးသိန်းလှိုင်ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၁၉)**
**အမှတ်(၉၃/ခ)၊ စကားဝါလမ်း၊ အပိုင်(၈)၊ (၈၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၉၇၉၃၀၀၀၉၅၊ ၀၉-၉၇၃၄၅၀၀၆၂**

## ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ဖျက်သိမ်းကြောင်း ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး၏၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မြို့နယ်ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်းလုပ်ငန်းများကို ၁၁-၁၁-၂၀၂၀ရက် နှင့် ၂၃-၁၂-၂၀၂၀ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ခေါ်ယူခဲ့ပါသည်။

၂။ ထိုသို့ တင်ဒါခေါ်ယူရာတွင် Lot- 3 လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ဥပဒေရုံး RC(၂)ထပ် ဆောက်လုပ်ခြင်းလုပ်ငန်း၊ Lot- 4 လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ဥပဒေရုံး ဝန်ထမ်းအိမ်ရာ RC (၄)ထပ် ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် Lot- 8 လှည်းကူးမြို့နယ် ဥပဒေရုံး RC(၂)ထပ် အဆောက်အအုံများဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်သွင်းလာသော တင်ဒါလျှောက်လွှာများပါ တင်ပြ Designများသည် မြေပြင်အခြေအနေနှင့် ကိုက်ညီမှုမရှိခြင်း၊ ကောင်းမွန်ပြည့်စုံသည့် လျှောက်လွှာများတင်ပြထားမှုမရှိခြင်းတို့ကြောင့် အဆိုပါ Lot 3,Lot 4, Lot 8 လုပ်ငန်းတင်ဒါခေါ်ယူခြင်းအား ဖျက်သိမ်းပြီး တင်ဒါအသစ် ထပ်မံခေါ်ယူမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မြို့နယ်ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာ များဆောက်လုပ်မည့် Lot-3, Lot-4 နှင့် Lot-8 လုပ်ငန်းများ၏ တင်ဒါခေါ်ယူခြင်းကို ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။

၄။ အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်- ဖုန်း- ၀၁-၂၄၆၂၀၃၊ ၀၉- ၅၀၄၇၈၁၈

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ ဂျုံးဂျုံးဂျကျေးရွာအုပ်စု၊ ဂျုံးဂျုံးဂျကျေးရွာနေ ဦးသိန်းမြင့်၏သမီး ဒေါ်ဝေဝေလွင် ၅/အတန(နိုင်)၀၈၅၉၃၇ ၏ မွေးသက္ကရာဇ် အမှန်မှာ ၂၆-၉-၁၉၉၀ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ နဘားကျေးရွာအုပ်စု၊ နဘားကျေးရွာ ဘူတာစုရပ်ကွက်နေ ဦးဘရီ၏ သမီး ဒေါ်မိုးသူ ၅/အတန(နိုင်)၀၀၈၈၈၀၏ မွေးသက္ကရာဇ်အမှန်မှာ (၁၉-၂-၁၉၆၄)ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ စီးမော်ကျေးရွာအုပ်စု၊ စီပိန်းကျေးရွာနေ ဦးနိုင်ဝင်း၏သမီး ဒေါ်တိုးတိုးရီ ၅/ အတန(နိုင်)၀၄၆၉၈၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၁-၁၉၇၄ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ် ၊ နဘားကျေးရွာအုပ်စု၊ နဘားကျေးရွာ၊ ရွာမရပ်ကွက်နေ ဦးဘမြင့်၏သမီး ဒေါ်ဝင်းဝင်းမြင့် ၅/အတန(နိုင်) ၀၀၂၁၆၅၏ မွေးသက္ကရာဇ်အမှန်မှာ (၃-၆-၁၉၇၅)ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ရှင်ဘို့မယ်၊ ဦးပိုင်အမှတ်(၁၀၅)၊ ဧရိယာ(၀ဒသမ၀၇၃)ဧကအား ဦးသိန်းမြင့်(ဘ)ဦးသာခ ၉/ရမသ(နိုင်)၀၅၇၃၀၄မှ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ်(၅/၂၀၂၁)၊ ရပ် ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ မင်းခေါင်၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ ဝဒသမ၁၁၀ဧက အနက်မှ ဧရိယာ ဝဒသမ ၀၅၅ ဧကအား ဒေါ်ရီရီခိုင် (ဘ)ဦးကိုကို ၉/ ပဘန(နိုင်)၁၁၇၁၄၄ မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၇/၂၀၂၁၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/မင်းခေါင်၊ ဦးပိုင်အမှတ်(၁၇၆)၊ ဧရိ ယာ(၀ဒသမ၁၀၂)ဧကအနက်မှ ဧရိယာ(၀ဒသမ၀၆၈)ဧကအား ဒေါ်ခင်အေးနိုင်(ဘ)ဦးဂျပန် ၉/တကန(နိုင်)၁၀၇၉၇၆မှ ပိုင်ဆိုင်ကြောင်းကျမ်း ကျိန်လွှာအမှတ်(၁၁၇/၂၀၂၁)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ သီဟာသူ၊ ဦးပိုင်အမှတ်(၁၂၆ᵃ)၊ ဧရိယာဝဒသမ၀၄၃ဧကအား ဒေါ်စုမွန်ကျော် (ဘ)ဦးဂျပန် ၉/တကန(နိုင်)၁၃၇၅၅၇ မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၁၁၈/ ၂၀၂၁ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာလမ်း၊ အမှတ် (၇၈၈/က)၊ (ခေါင်းရင်းဘက် အခြမ်း)၊ မြေကွက်အမှတ် (၇၈၈/က)၊ အလျား ၁၀ပေx အနံ ၅၀ပေရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ ပျဉ်ထောင်သွပ်မိုး၊ အိမ်အဆောက်အအုံနှင့် လျှပ်စစ်မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီလမ်း၊ အမှတ် ၉၅၅နေ ဒေါ်စိုးသီသီအောင် ၁၂/ဥကတ(နိုင်)၁၅၂၆၄၀ မှ အိမ်ခြံမြေ အရောင်းအဝယ် အရပ်စာချုပ်ချုပ်ဆို၍ လက်ရောက်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြိုးဖြိုးအိ ၁၂/ဥကတ(နိုင်)၁၄၇၄၅၈ မှ ဝယ်ယူမည် ဖြစ်၍ ၂၅-၁-၂၀၂၂ ရက်တွင် အရောင်းအဝယ် စရန်ပေးစာချုပ်ချုပ်ဆိုပြီး စရန်ငွေ ကျပ် ၄၅၀၀၀၀၀/-(လေးဆယ့်ငါးသိန်း ကျပ်တိတိ) ပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက်နှင့် အိမ်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးတင်ဝင်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၁၅၈)**
**အမှတ် ၅၀၊ ပ-ထပ်၊ (၇/၈) ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း- ၀၉- ၄၅၂၃၃၃၀၁၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀
## တောင်ကြီးခရိုင်တရားရုံး
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၇၇

ဦးစိုင်းကျော်ကျော်လှိုင် နှင့် ၁။ ဦးကျော်ဆွေ
၂။ ဒေါ်နန်းလှရီ

**တရားလို** **တရားပြိုင်များ**

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ အမှတ် ၂၁၃၊ ဖရဲငွေတောင်လမ်းနေ ဒေါ်နန်းလှရီ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အားပယ်ဖျက်ပေးစေလိုမှုဖြင့် လျှောက်ထားစွဲသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက် (၁၃၈၂ ခုနှစ် တပို့တွဲလဆန်း ၆ရက်) နံနက် ၁၀နာရီတွင် တရား လို၏စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော်ဦးကျော်ဇင်လတ် ၁၂/ရပသ(နိုင်)၀၆၁၂၆၅သည် PPC ကုန်အမှတ် တံဆိပ်ဖြင့် ရေသန့်ဘူး (20) Litre ဘူးများကို ထုတ်လုပ်သွားမည်ဖြစ်ပါသည်။ အမည်တူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်လတ်**
**ဖုန်း-၀၉-၅၀၇၄၉၀၆၊ ၀၉-၉၇၉၂၆၇၇၂၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ရင်းတိုက်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၅၆၇(Aက)၊ ကွင်း အမည်-ကင်ပလင်းတောင်ကွင်း၊ ဦးပိုင်အမှတ် (၃၀/က)၊ ဧရိယာ (၃ဒသမ၇၉)ဧက၊ ဦးပိုင်အမှတ်(၃၁/က)၊ ဧရိယာ(၀ဒသမ၉၈)ဧက စုစုပေါင်း (၄ဒသမ၇၇)ဧကရှိ လယ်မြေအမျိုးအစား မြေကွက်နှစ်ကွက်နှင့် ထိုမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်များအား ဒေါ်ထွန်းမစိန်မှ အမည်ပေါက် ပိုင်ဆိုင်ကြောင်း ဝန်ခံ၍ရောင်းချသဖြင့် ကျွန်မ၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရအတွင်း အထောက်အထားမူရင်းခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်ဝင်းမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၄၂/၁၉၈၉)**
**အမှတ်(၁၁၀၀)၊ ခရေလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၂၀၈၅၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ၈၈လမ်း၊ အမှတ် ၈နေ ကျွန်ုပ်တို့၏ မိတ်ဆွေ ဖြစ်သူ ဦးမျိုးမျိုးဇော် ၁၂/တမန(နိုင်)၀၆၀၄၄၅ ၏လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၆၅၃)၊ (တစ်နည်းအားဖြင့်)သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ မြို့မလမ်း၊ အမှတ် ၆၅၃၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ) ၊ ဧရိယာ ၂၄၀၀ပေ မြေနှင့် မြေပေါ်ရှိ အဆောက်အအုံသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ရင်ရင်မော် အမည်ဖြင့် မှတ်သားတည်ရှိပြီး အပြီးအပိုင် ရောင်းချသူ ဒေါ်ရွက်ခိုင် ၉/မရမ(နိုင်)၀၇၄၇၁၀ မှ မှတ်ပုံ တင်စာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်လာပြီး ၎င်းတစ်ဦးတည်းသာလျှင် လိုအပ်သလို စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန်စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမျိုးမျိုးဇော် ၁၂/တမန(နိုင်) ၀၆၀၄၄၅ မှ သဘောရိုးဖြင့် ယုံ ကြည်ပါသောကြောင့် ဒေါ်ရွက်ခိုင် ၉/မရမ(နိုင်)၀၇၄၇၁၀ ၏ ကိုယ်စား၎င်း၏ သမီး ဒေါ်နန်းငွေကြူ ၉/ မရမ(နိုင်)၀၃၈၄၂၄ ထံသို့ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမျိုးမျိုးဇော်** | **U Zaw Myint (Law Firm)** |
| **၁၂/တမန(နိုင်)၀၆၀၄၄၅** | **ဦးရဲမြင့်အောင် (LL.B)(စဉ်-၄၁၇၀၃)၊** |
| **ဒေါ်တင်ဇာမျိုး(LL.B) (စဉ်-၄၅၂၆၅)** | **ဒေါ်သဲသဲဦး(LL.B) (စဉ်-၄၈၄၇၃)** |
| **ဦးမျိုးကျော်ကျော်ဦး (LL.B)(စဉ်-၄၈၂၀၀)၊** | |

**အထက်တန်းရှေ့နေများ**
**အခန်း(၃)၊ သုမနလမ်းနှင့်မြင်တော်သာလမ်းထောင့်၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၇၃၁၆၇၈၁၅၊ ၀၉-၄၂၀၀၈၀၅၁၂**

## အမည်ပြောင်း

ဦးဇော်ထွန်း၏သား ပခုက္ကူမြို့၊ အထက (၅) နဝမတန်းအောင်မှ မောင်ကောင်းခန့်အား မောင်ပြည့်စုံ ၈/ပခက(နိုင်) ၃၃၁၃၆၃ ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ပြည့်စုံ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကမ်းဖြူကျေးရွာအုပ်စု၊ ကိုင်း(၂) ကျေးရွာနေ မတင်ထားနွယ် ၈/ရစက(နိုင်) ၁၇၀၆၀၇ ၏ဖခင် အမည်မှန်မှာ ဦးဖိုးဆွေ ၈/ ရစက(နိုင်)၀၃၇၀၇၁ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ သစ္စာလမ်းနေ ဦးမော်နိုင်လွင် ၉/မမန(နိုင်) ၀၁၂၇၁၀၏သမီး မနှင်းဝါလွင်၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်အရ (၁၃-၆-၁၉၉၈) ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရာဇသင်္ကြန်ရပ်ကွက်၊ အမှတ်(၅/၂၀၁-က) နေ ဦးရွှေမောင်၏သမီး အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အလက(၃) ဒလမှ အလယ်တန်းပြဆရာမ ဒေါ်အေးအေးသိန်း(ခ)ဒေါ်အေးသိန်း ၁၂/ဒလန(နိုင်)၀၄၈၁၈၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်အေးအေးသိန်း(ခ)**
**ဒေါ်အေးသိန်း**

## ကန့်ကွက်နိုင်ပါကြောင်း

သဲတောအမှတ်(၁)၊ဝါးတမ်းရပ်၊ ဦးပိုင်အမှတ်(၁၃/ ဃ/၇) ဧရိယာ ဝဒသမ၀၅၄ မြေကွက်ပေါ်တွင် ဦးနေဝင်း ၉/ ဝတန(နိုင်)၁၄၁၄၆၈ မှအဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးနေဝင်း**
**ဖုန်း-၀၉- ၇၆၅၄၁၁၅၂၅**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ရှင်ဘို့မယ်၊ ဦးပိုင်အမှတ်(၁၆၆)၊ ဧရိယာ(၀ဒသမ၀၇၃)ဧကအား ဦးသိန်းထွန်းဦး (ဘ) ဦးလောဟာ ၁၄/မအန(နိုင်)၀၀၂၅၆၃မှ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ်(၆/၂၀၂၁)၊ ရပ် ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့် အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ဦးသီဟဇေယျ(ခ)ဦးဆန်နီသိန်း

### အသက်(၇၅)နှစ်

(ဦးသိန်း-ဒေါ်ကြည်ကြည်)တို့၏သား၊ ဗန်းမော်မြို့နေ ဦးလှမြင့်-(ဒေါ်ရင်ကြူ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဇ)တောင်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်(ခ/၇၃၆)၊ အခန်းအမှတ် (B-602) (သာခုအိမ်ရာ)နေ ဒေါ်မေစီ၏ခင်ပွန်း၊ ဦးဇော်ဝင်း-ဒေါ်ထူးမေ၊ ဦးဇော်မင်း-ဒေါ်လီလီဝင်း၊ ဒေါ်ချယ်ရီ-ဒေါက်တာဦးမြင့်စိုး၊ ဦးတင်ဦး-ဒေါ်တင်တင်စိုး၊ ဒေါ်မြင့်မြင့်ကြူ( ကျောင်းဆရာမ)၊ ဒေါက်တာဦးဇော်လင်း-ဒေါ်ယဉ်နုထွေးတို့၏ အစ်ကို၊ တူ၊ တူမ ရှစ်ယောက်တို့၏ဘကြီးသည် ၃၀-၁ -၂၀၂၂ရက်နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၂၂ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားလုံးက ဝမ်းနည်းစွာဖြင့် အကြောင်းကြားအပ်ပါသည်။ Covidကာလအတွင်း ကွယ်လွန်သွားပါသဖြင့် ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အကြောင်းကြားခြင်း နောက်ကျခဲ့ပါက အနူးအညွတ်တောင်းပန်အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၁-၂၀၂၂ရက်ထုတ် ဤသတင်းစာ၏ စာ(၂၁)ပါ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာတွင် ဤကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း အစား (၅)ရက်အတွင်း ဟုပြင်ဆင်ဖတ်ရှုပါရန်။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်၊ နမ့်စန်မြို့၊ အမှတ်(၄) ရပ်ကွက်၊ ပြည်ထောင်စုလမ်းနေ ဦးကိုကိုမောင်နှင့် ဒေါ်နန်းမွေဖောင်တို့၏သား မောင်ငြိမ်းချမ်းသူ(ခ) ဖိုးသား ၁၃/နစန(နိုင်)၀၆၄၉၉၀ သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် အမွေစားအမွေခံ သားအဖြစ်မှအပြီးအပိုင် စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးကိုကိုမောင်-ဒေါ်နန်းမွေဖောင်

သစ်တော

နှင့်

သစ်ပင်

ချစ်ခင်တဲ့

လူမျိုး

သစ်ပင်ကို

နှစ်စဉ်စိုက်

ရှေ့တိုက်

ကိုစိုး

## ဦးကျော်ညွှန့်

### (မြန်မာ့လက်ရွေးစင် ဘော်လီဘောသမားဟောင်း)

### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ အမှတ်(၂၀၉/က)နေ (ဦးလှမြင့်-ဒေါ်တင်ရွှေ)တို့၏သား၊ ဒေါ်မြရွှေ(သုံးဆယ်)၏ခင်ပွန်း၊ ဦးခင်မောင်နိုင် (တပ်မတော်-ရေ၊ ငြိမ်း၊ C/O(F.G)-ဒေါ်ခင်မိုးညွန့်(မငယ်) (ရွှေတန်ခူးတံဆိပ်ရိုက်)၊ မောင်လေးမင်းတို့၏ဖခင်၊ မောင်တိုးဝေ၊ မောင်ဝေယံ၊ မမိုးသံလွင်မောင်တို့၏အဘိုး ဦးကျော်ညွန့်(တကက -စရ၊ ငြိမ်း၊ မှတ်တမ်းရုံး၊ ခရိုင် မှူး-ငြိမ်း၊ လဝက၊ မြန်မာ့လက်ရွေးစင်ဘော်လီဘောသမားဟောင်း)၊ နည်းပြဆရာဟောင်း(ပြည်ထဲရေးဝန်ကြီးဌာန ဘော်လီဘောအသင်း)သည် ၃၀-၁-၂၀၂၂ရက် ညနေ ၆:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၂၂ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

MyGovernance Project (EU/GOPA) မှ မဖြိုးဖြိုးသိန်း (Interprete/ Communication Officer )၏အစ်ကို ကိုရဲထက်အောင် အသက်(၂၉)နှစ်သည် ၂၉-၁-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

My Governance Project (EU/GOPA) ဝန်ထမ်းများ

## အများသိစေရန်ကြေညာခြင်း

ကျွန်မဒေါ်လင်းလင်း(ခ)လင့်ကျင်နှင့်ဦးကျော်မြင့်ထွန်း(ခ)ဝူယောင်ရန် တို့သည် (၆-၆-၂၀၀၆)ခုနှစ်မှ စတင်၍ တရားဝင် လက်ထပ်ထိမ်းမြားခဲ့ပြီး ယနေ့ထက်တိုင်ချစ်ခင်စွာအတူတကွ ပေါင်းသင်းနေထိုင်လျက်ရှိသည့် တရားဝင်အကြင်လင်မယားဖြစ်ပါသည်။ ကျွန်မတို့နှစ်ဦး၏သာယာသည့် အိမ်ထောင်အားပျက်စီးစေရန် ကြံစည်သူ မည်သူ့ကိုမဆို ဥပဒေကြောင်းအရ တရားဝင် အရေးယူတုံ့ပြန်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လင်းလင်း(ခ)လင့်ကျင်

## အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးဝူယောင်ရန်(ခ)ကျော်မြင့်ထွန်း နှင့်ဇနီးဖြစ်သူ ဒေါ်လင်းလင်း(ခ) လင့်ကျင်တို့သည် ၆-၆-၂၀၀၆ ရက်တွင် တရားဝင် လက်ထပ်ထိမ်းမြားခဲ့ပြီး သား(၂)ဦး မောင်ကျော်စည်သူနှင့် မောင်မင်းထက်စွမ်းတို့အား ထွန်းကားခဲ့ပြီး ယနေ့ ထက်တိုင် ချစ်ခင်စွာ အတူတကွ ပေါင်းသင်းနေထိုင်လျက်ရှိသည်။ ကျွန်တော် ဦးကျော်မြင့်ထွန်းနှင့် ဇနီးဖြစ်သူ ဒေါ်လင်းလင်း နှစ်ဦး အတူပေါင်းသင်းလျက် အတူတကွ ရှာဖွေဖြစ်ထွန်းခဲ့သော လက်ထပ်ပွား ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းမှန်သမျှတို့သည် ဇနီးဖြစ်သူ ဒေါ်လင်းလင်း(ခ) လင့်ကျင်နှင့် သား(၂)ဦး တို့နှင့်သာ သက်ဆိုင်ခံစားခွင့်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝူယောင်ရန်(ခ)ကျော်မြင့်ထွန်း ၉/ မရတ(နိုင်)၁၀၆၂၄၀

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာ ရပ်ကွက်ရှိ ဦးဘိုကျော် အမည်ပေါက် **မြေကွက်အမှတ်(က/၂၃၂)** နှင့် ဦးစောနေဝင်း အမည်ပေါက် **မြေကွက် အမှတ်(က/ ၂၀၇)**တို့အား၊ တရားဝင်နေထိုင်ပိုင်ဆိုင်ပြီး၊ ရောင်းချ ပိုင်ခွင့်ရှိသူ **ဦးစံမျိုးအောင်** (၉/မသန(နိုင်)၀၀၄၂၉၇)နှင့် **ဒေါ်မြင့်မြင့်** (၉/မသန(နိုင်) ၁၁၀၀၈၄)တို့မှ သက်ဆိုင်ရာ လူကြီးမင်း များရှေ့မှောက်တွင်ရောင်းချရာ ကျွန်ုပ်တို့မှ စရံငွေ ပေးချေ ထားပြီးဖြစ်ပါသည်။

ဤခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင် အထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာသည့်နေ့မှ စတင်၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

**ဦးကျော်သူ(ခ)ဦးတင်အောင်**
၁၂/ဥကတ(နိုင်)၀၃၃၇၀၃

- အမှတ်(၆၅)၊ သရက်တော(၆)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်။
- အမှတ်(၇၂)မြို့ဦးကွက်သစ်(၃)လမ်း၊ မြို့ဦးကွက်သစ်ရပ်ကွက်၊ ပုသိမ်ကြီးမြို့။

၀၉-၅၀၁၆၀၁၀ ၀၉-၂၀၀၃၄၄၉

## အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်ခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ အမှတ်(၂)ရွာနေ ဦးဝင်း မြင့်မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့၊ ပြည်ထောင်စုလမ်း၊ ၃/၁၅ နေ ဒေါ်ချိုချိုဝင်း ၁၃/ နစန(နိုင်) ၀၀၇၇၇၈ ထံသို့ ၁၃-၁၀-၂၀၂၀ ရက်စွဲ ပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၀/ ၂၀၂၀)ဖြင့် ဥပဒေနှင့်အညီ တရားဝင် ကိုယ်စားလှယ်လွှဲအပ်လိုက်သည်။

ဦးဝင်းမြင့် ၉/လဝန(နိုင်)၀၀၈၇၀၆

## ဒေါ်ခင်ဥ(နတ်တလင်း)

### အသက် (၈၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်း၊ တည်င်းကုန်းရပ်ကွက်၊ အမှတ် (၆/၄၀)နေ ဦးခင်လတ်၏ချစ်လှစွာ သောဇနီး၊ ဒေါ်ရီရီချို၊ ဒေါ်သင်းသင်းမော်တို့၏ မွေးသမိခင် ဒေါ်ခင်ဥ အသက်(၈၁)နှစ်သည် ၂၈-၁-၂၀၂၂ ရက် (ကြာသပတေးနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၃၀-၁-၂၀၂၂ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်သန်းဦး(ခ)ဒေါ်ရှယ်လီ(စက်မှု-၁၊ ငြိမ်း)

### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ အိုအေစစ်လမ်းနေ (ဗိုလ်မှူးထွန်းဝင်း-ဒေါ်မြကြည်)တို့၏သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားတောင်ရွာနေ (ဦးသိန်းတန်-ဒေါ်ချစ်)တို့၏သမီးချွေးမ၊ ဒေါ်ခင်မာလာ၊ (ဦးဇော်ဝင်း)-ဒေါ်နရဏီတင်၊ ဒေါ်ကြည်ကြည်ဝင်း တို့၏အစ်မ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ လေဆိပ်ရိပ်သာလမ်း၊ လမ်းသွယ်(၂)၊ အမှတ်(616/F)နေ ဦးညိုမောင် (ရက္ခဗေဒဌာန၊ ပါမောက္ခ -ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ (ကိုအောင်ဟိန်းမင်း)-မယဉ်မြတ်မွန်၊ ကိုညိုမင်းသန့်(S.R.SHIPPING Co.,Ltd.)တို့၏ချစ်လှစွာသောမိခင်၊ မောင်ညဏ်လင်းထွန်း၊ မောင်ဘုန်းသစ်ညဏ်တို့၏အဘွားသည် ၂၉-၁-၂၀၂၂ရက် (သောကြာနေ့) ည ၈:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၂၂ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ ရွှေနှင်းဆီလမ်း၊ ကန်ဦးဇေတဝန်စာသင်တိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကိုပိုင်မင်းထွန်း

### B.Sc(Engg)Gems & Gem Mining

### အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဦးမောင်မောင်စိုးလမ်း၊ အမှတ်(၃၉B)(အေဝမ်းခြံ)နေ ဦးဟန်ထွန်း(လ/ ထညွှန်ကြားရေးမှူး-ငြိမ်း၊ ကျောက်မျက်)-ဒေါ်နီနီမာ(ဒု-လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ ကျောက်မျက်)တို့၏သား၊ ကိုဆန်းညိမ်းဟန်- မနွေးနွေးစိုး၊ ကိုစိုးမိုးဟန်-မဝင်းဝါဝါခိုင်တို့၏ညီ၊ မမေစန္ဒီဦး(Espace Cafe)၏ခင်ပွန်း၊ မယွန်းခေတ်ပိုင်၏ဖခင်၊ တူမသုံးယောက်တို့၏ဦးလေးသည် ၃၁-၁-၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၁၀နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈:၄၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၂၂ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဟမ်းဆီးကျောင်းတိုက်ဦးစီးပဓာန နာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တကုန္ဒဝံသဓဇ

### သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျောက်တလုံးကြီးမြို့နယ်၊ နားဟီးကျေးရွာအုပ်စု၊ ဟမ်းဆီးကျောင်းတိုက် ဦးစီးပဓာန နာယက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တကုန္ဒဝံသဓဇသည် ၂၂-၁-၂၀၂၂ ရက်(၁၃၈၂ ခုနှစ် ပြာသိုလဆန်း ၁၀ ရက်) ညနေ ၆:၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၉-၁-၂၀၂၂ ရက် (သောကြာနေ့) ( ၁၃၈၂ ခုနှစ် ပြာသိုလပြည့်ကျော် ၂ရက်) တွင် နိဗ္ဗာန်စံကျောင်းချခြင်းနှင့် ၉-၂-၂၀၂၂ ရက် (အင်္ဂါနေ့) (၁၃၈၂ ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ ရက်) တွင် အန္တိမ အဂ္ဂိဈာပန သာခုကီဠန ပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေခုနစ်ရက်သားသမီးများအား ကုသိုလ်ယူ ကုသိုလ်ပြုနိုင်ရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ဟမ်းဆီးကျောင်းတိုက် တပည့် သံဃာများ

## ကျိုဗိုလုံး(ခ)ဦးသိန်းအောင်(ဖြူး)

### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း၊ အမှတ်(၁၂၅၇)နေ (ဒေါ်ညိမ်းတင်)၏ခင်ပွန်း၊ ဒေါ်ကြူကြူဝေ၊ (ဦးဟန်ညွှန့်)-ဒေါ်ဝင်းဝင်းမော်၊ ဦးကျော်နိုင်-ဒေါ်နုနုရီ၊ ဒေါ်မြင့်မြင့်မော်၊ (ဦးအောင်နိုင်ဦး)-ဒေါ်မို့မို့လွင်၊ ဦးခင်မောင်လွင်-ဒေါ်ကြူကြူလွင်၊ ဦးစိုးမင်းသိန်း-ဒေါ်မော်မော်ဝင်း၊ (ကိုအောင်မင်းသိန်း)၊ ဦးသင်းလှိုင်-ဒေါ်သိင်္ဂီလွင်တို့၏ ချစ်လှစွာသော ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုး၊ မြစ်တစ်ယောက်၏အဘေးသည် ၃၁-၁-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၀၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၂၂ရက် (စနေနေ့)နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဥမ္မာစိုးအောင်

### အသက်(၅၉)နှစ်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး ၏ ချစ်လှစွာသော ဇနီး ဒေါ်ဥမ္မာစိုးအောင် အသက်(၅၉)နှစ်သည် ၂၇-၁-၂၀၂၂ရက် နံနက် ၈:၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလဖိုင်ခွန်ဆာ နှင့်
မြန်မာနိုင်ငံ တိုင်းရင်းသား
လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များ

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈၁ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၁–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃၀–၁–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၁–၁–၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၆,၂၇၉)ခု အား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈၁) ဦး** တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၃၁–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့်ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၄၈၇) ခု | (၃၁) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၂၁၄) ခု | (၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၂၂၈) ခု | (၁၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၃၄၆) ခု | (၉) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၈) ခု | (၇) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၇၈) ခု | (၇) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃) ဦး | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၀) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၈၂) ခု | (၅၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၀၉၃) ခု | (၁၄၉) ဦး |
| စုစုပေါင်း | (၁၆,၂၇၉) ခု | (၂၈၁) ဦး |

*စာမျက်နှာ ၁၅ ကော်လံ ၃ ✻*

# (၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့ ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖလမ်း(ဆူရ်ဘုန်)လေဆိပ်ဖွင့်ပွဲပြုလုပ်နိုင်ရေး စီစဉ်လျက်ရှိ




ဖလမ်း(ဆူရ်ဘုန်)လေဆိပ်အဆောက်အအုံကို တွေ့ရစဉ်။

**ဖလမ်း ဇန်နဝါရီ ၃၁**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်မည့် (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့ပွဲတော်ကို ဖလမ်း(ဆူရ်ဘုန်)လေဆိပ်ဖွင့်ပွဲနှင့်အတူ ဖလမ်း(ဆူရ်ဘုန်)လေဆိပ်၌ တစ်ပါတည်း ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၇ ကော်လံ ၁ ◆*


ယနေ့ မာ တိ ကာ

**အုတ်ဖိုမြို့နယ်အတွင်း အချိန်အခါမဟုတ် လေပြင်းတိုက်၍ အိမ်ခြေ ၁၀၀ ကျော် ပျက်စီး** စာ » ၁၁

**ထရီပိုလီရှိမိသားစုပေါင်း ၅၀၀၀၀ အတွက် အစားအသောက် လုံခြုံစိတ်ချရမှု ရှိစေရမည်ဟု လက်ဘနွန်ခေတ္တဝန်ကြီးချုပ်ပြော** စာ » ၁၃


## မန်ယူနှင့် ဆောက်သမ်တန်၊ ဝုဖ်နှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်မည့် ပရီမီယာလိဂ်ပွဲစဉ် (၂၂)

ပရီမီယာလိဂ် ပွဲစဉ် (၂၂) မှ အသင်းကြီးများ ပါဝင်သည့် ပွဲစဉ် လေးပွဲကို ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ ကျင်းပမည့်ပွဲစဉ်များမှာ ရှက်ဖီးလ်နှင့် ဝက်စ်ဘရွန်း၊ ဝုဖ်နှင့် အာဆင်နယ်၊ မန်ယူနှင့် ဆောက်သမ်တန်၊ နယူးကာဆယ်နှင့် ခရစ္စတယ်ပဲလေ့စ် အသင်းတို့ဖြစ်သည်။ ပရီမီယာလိဂ် ပွဲစဉ် (၂၁) ကစားပြီးချိန်တွင် အမှတ်ပေးဇယားကို မန်စီးတီး အသင်းက ရမှတ် ၄၄ မှတ်ဖြင့် ဦးဆောင်ထားသည်။

တန်းဆင်းဇုန် အတွင်း ကျရောက်နေသည့် ရှက်ဖီးလ်နှင့် ဝက်စ်ဘရွန်းတို့ ပွဲစဉ်ကို ဖေဖော်ဝါရီ ၂ ရက် နံနက်အစောပိုင်းတွင် ရှက်ဖီးလ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ရှက်ဖီးလ်အသင်းသည် ပလိုင်းမောက်နှင့် မန်ယူတို့ကို နှစ်ပွဲဆက် နိုင်ပွဲရရှိထားသော်လည်း နောက်ဆုံး ယှဉ်ပြိုင်ကစားခဲ့သည့် မန်စီးတီးနှင့်ပွဲစဉ်တွင် တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ ဝက်စ်ဘရွန်းအသင်းက ဝက်စ်ဟမ်း၊ မန်စီးတီးတို့ကို ရှုံးနိမ့်ထားကာ နောက်ဆုံး ယှဉ်ပြိုင်ကစားခဲ့သည့် ဖူလ်ဟမ်အသင်းနှင့် ပွဲစဉ်တွင်လည်း တစ်ဖက် နှစ်ဂိုးစီ သရေကျထားသောကြောင့် နောက်ဆုံး သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေသည့် အသင်းဖြစ်သည်။ နှစ်သင်းစလုံး တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့်အတွက် ယခုပွဲစဉ်သည် ပြိုင်ဆိုင်မှုပြင်းထန်သည့် ပွဲကောင်းတစ်ပွဲဖြစ်လာမည်ဖြစ်မည်။

ဝုဖ်အသင်းနှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်ကိုလည်း ဖေဖော်ဝါရီ ၂ ရက် နံနက်အစောပိုင်းတွင် ဝုဖ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစား

*စာမျက်နှာ ၁၁ ကော်လံ ၅ ○*

## ဟီးရိုးတိုက်ကွမ်ဒို အင်တာနေရှင်နယ်လိဂ် အွန်လိုင်းပြိုင်ပွဲ မြန်မာကစားသမားများ ယှဉ်ပြိုင်

**ရန်ကုန် ဇန်နဝါရီ ၃၁**

ထိုင်းနိုင်ငံ၌ ကျင်းပနေသည့် ဟီးရိုးတိုက်ကွမ်ဒို အင်တာနေရှင်နယ်လိဂ် ၂၀၂၁ အွန်လိုင်းပြိုင်ပွဲကို ယနေ့နံနက်က မြန်မာ တိုက်ကွမ်ဒို ကလပ်များမှ အားကစားသမားများ အွန်လိုင်း မှ တိုက်ရိုက်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

“ဟီးရိုးအသင်းဟာ တကယ်တော့ မလေးရှား၊ ထိုင်း၊ တရုတ်အသင်းတွေနဲ့ ဖွဲ့ထားတာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံလည်း ပါဝင်ပါတယ်။ အဖွဲ့လိုက်က နှစ်စဉ်နှစ်တိုင်း ပြိုင်ပွဲကြီးတွေ ကျင်းပတယ်။ အရှေ့တောင်အာရှမဟုတ်ဘဲ အာရှ၊ ကမ္ဘာ့နိုင်ငံတွေလည်း ပါဝင်ကြပါတယ်။ ဒီပြိုင်ပွဲ တဖြည်းဖြည်းနဲ့ စံချိန်တွေ၊ ငွေကြေးတွေမြင့်လာတယ်။

*စာမျက်နှာ ၁၁ ကော်လံ ၁ ✻*



အသက် ခုနစ်နှစ်အောက် ကကွက်ပြိုင်ပွဲတွင် မရတီမြင့်မြတ်သူ ယှဉ်ပြိုင်စဉ်။